မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၃၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ငြိမ်းချမ်းရေးအဖွဲ့များနှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက အထူးဒေသ(၂) အဖွဲ့မှ ဦးအိုက်လွန်းနှင့် အထူးဒေသ(၄)မှ ဦးစိုင်းလင်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့တို့အား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးမောင်မောင်ဆွေ၊ ဦးစိုးနိုင်၊ ဦးအောင်ထွန်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် စာမျက်နှာ ၃ ကော်လံ ၅ ▲

ယနေ့ မာတိကာ

အမေရိကန်က ဆီးရီးယားကို စစ်ရေးအရ အရေးယူရန် ဆီးနိတ်လွှတ်တော်အမတ်များ သဘောတူညီ စာမျက်နှာ - ၄

ကျူရီရိုစီးတီးလေ့လာရေးယာဉ် နေကြတ်ခြင်း ဓာတ်ပုံရိုက်ယူမည် စာမျက်နှာ - ၅

နိုင်ငံရေးနှင့် မီဒီယာ
ဆောင်းပါး စာမျက်နှာ - ၆

ပြည်တွင်းငါးအထွက်နှုန်း မြင့်မားရေး ပိုမိုကြိုးစားရန်လို စာမျက်နှာ - ၁၂

အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာလူငယ်အသင်း ယှဉ်ပြိုင်မည် စာမျက်နှာ - ၁၃

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြန်လည်ရောက်ရှိ

သတင်းစာမျက်နှာ - ၃

ရန်ကုန်မြို့၌ ကိုယ်ပိုင်မော်တော်ယာဉ်များ မသုံးရနေ့ သတ်မှတ်မည်

ရန်ကုန် စက်တင်ဘာ ၄

စက်တင်ဘာ ၂၂ရက်ကို ရန်ကုန်မြို့၌ "ကိုယ်ပိုင်မော်တော်ယာဉ်များ မသုံးရနေ့" အဖြစ် သတ်မှတ်ထားရှိမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ပညာပေးရေးဥက္ကဋ္ဌနှင့် မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌဖြစ်သော ဦးလှသောင်းမြင့်က ယနေ့ ကျင်းပသော မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

"နံပါတ်ပြားအနက်ရောင်မဟုတ်တဲ့ အနီရောင်(အငှားယာဉ်)များ၊ အဖြူရောင် (သံရုံးယာဉ်)များ၊ သံဃာတော်စီးယာဉ်များ မပါဝင်ဘဲ အနက်ရောင်နံပါတ်ပြားဖြစ်တဲ့ အလုပ်ရုံ၊ စက်ရုံ၊ ကျောင်း၊ စက်မှုဇုန်(ယာဉ်နံပါတ်အနက်)တို့ အားလုံးပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာတော့အခုထိ ကားမသုံးရနေ့ (Car Free Day) သတ်မှတ်ကျင်းပသေးတာ မရှိသေးပါဘူး။ တပ်မတော်မှာကတော့ ကားမသုံးရနေ့ကို လွန်ခဲ့တဲ့ နှစ် ၅၀ ကတည်းက Dry Day သတ်မှတ်ပြီး လစဉ်တနင်္ဂနွေနေ့နှစ်ရက်ကို သတ်မှတ်ထားရှိပေးခဲ့ပါတယ်။ အဲဒီတုန်းက ကားနည်းပါးတာမို့ လေထုညစ်ညမ်းမှုတွေ မရှိသေးပါဘူး၊ စစ်သုံးယာဉ်များ ကြံ့ခိုင်အောင်နဲ့ စက်သုံးဆီ ချွေတာနိုင်အောင် သုံးခဲ့တာပါ။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အစိုးရ အရပ်ဘက်ဌာနယာဉ်များပါ တစ်လလျှင် နှစ်ကြိမ် တနင်္ဂနွေနေ့ကို ယာဉ်မသုံးရနေ့ စာမျက်နှာ ၃ ကော်လံ ၁ ◆

မြို့ပြလမ်းများ၌ မော်တော်ယာဉ်များ သွားလာမှုများပြားခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှု ဖြစ်စေသည်။

ဓာတ်ပုံ - တင်ဝင်းလေး (ကြည့်မြင်တိုင်)



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နှုန်းမီ စံကိုက် ထုတ်ကုန်

ကျွန်ုပ်တို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ လာမည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းလာရန်အတွက် အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်(၃)ရပ်ဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်းဟူ၍ လမ်းပြမြေပုံများနှင့်အတူ ပူးပေါင်းပါဝင်ဖော်ဆောင်ရမည်ဖြစ်သည်။ ဤမဏ္ဍိုင် (၃)ရပ်အနက် အာဆီယံစီးပွားရေးအသိုက်အဝန်းသည် ကျွန်ုပ်တို့နိုင်ငံအတွက် အလွန်အရေးပါသော အချက်တစ်ချက်ဖြစ်သည်။

အဘယ်ကြောင့်ဟူမူ အာဆီယံနိုင်ငံအချင်းချင်းကုန်သွယ်မှုပမာဏတိုးမြင့်လာခြင်း၊ ဒေသတွင်းနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုဒေသများထူထောင်ခြင်း၊ အာဆီယံဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုမဟာစီမံကိန်းကို အကောင်အထည်ဖော်ခြင်း စသည်ဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းကြီး ပေါ်ထွက်လာမည်ဖြစ်သည်။

ဤသို့သောအခြေအနေတွင် ကျွန်ုပ်တို့နိုင်ငံ၌ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများထူထောင်ရန် အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေကြသလို တစ်ချိန်တည်းမှာပဲ ထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်ပထုတ် ကုန်ပစ္စည်းများကို ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီ ထုတ်ကုန်ပစ္စည်းများ (Quality Products) အဖြစ် ထုတ်လုပ်သွားသင့်သည်။ ပြည်တွင်း စံချိန်စံညွှန်း၊ ပြည်ပ စံချိန်စံညွှန်းတို့နှင့်အညီ ထုတ်လုပ်သွားရမည်ဖြစ်သည်။ နှုန်းမီစံကိုက်ဖြစ်အောင်ထုတ်လုပ်သွားရန် အလွန်အရေးကြီးပါသည်။

နှုန်းမီစံချိန်ထုတ်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ပါမှ ဈေးကွက်ပြိုလဲမှု (Market Collapse)ဖြစ်ခြင်းကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ Made in Myanmar ထုတ်ကုန်ပစ္စည်းတိုင်းသည် အရည်အသွေးမီပစ္စည်းများအဖြစ် ထုတ်လုပ်ရမည်ဖြစ်သည်။ ထုတ်လုပ်မှုအဆင့်တိုင်းတွင် နည်းပညာအဆင့်မီထုတ်ကုန်များဖြစ်သင့်သည်။ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည်ဖြစ်စေ၊ စားသောက်ကုန်ပစ္စည်း ထုတ်လုပ်သည်ဖြစ်စေ၊ အရည်အသွေးကို အာမခံနိုင်သည့် နည်းပညာအဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်သွားသင့်သည်။ နှုန်းမီစံကိုက်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ဈေးကွက်သည်လည်း ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များအထိ ထိုးဖောက်လာနိုင်မည်ဖြစ်သည်။ အရည်အသွေးမီပစ္စည်းများကို အမြောက်အမြားထုတ်လုပ်ခြင်း (Mass Production) ဖြစ်အောင် ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ရမ်းဗြဲမြို့နယ်တွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကြဲပက်

ရမ်းဗြဲ စက်တင်ဘာ ၄

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာ ကွင်းအမှတ်(၇၁၀) မြို့အဝင်စံပြကွက်တွင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ စုပေါင်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကြဲပက်ပွဲ ကျင်းပကြောင်း သိရသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက လူမှုစီးပွားဖူလုံရေးအတွက် တောင်သူလယ်သမားများ အခြေခံ၍ ဝင်ငွေပိုမိုရရှိစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအကြောင်း ဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ခင်စိုးက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄) ချက်နှင့်အညီ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျ၊ အချိန်ကိုက် ကြဲပက်နည်းစနစ်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်စုများမှ တောင်သူ ၈၀ ခန့် တက်ရောက်ကာ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ခဲ့ကြကြောင်း သိရသည်။

အောင်လှဖြူ

ARROW KING (A.K) TRAVELS & TOURS CO:LTD

1	Operation Manager	F (5)
2	Air Ticketing (International)	F (5)
3	Air Ticketing (Domestic)	F (5)

အမှတ်စဉ်အားလုံးအတွက် Travels & Tours Co., Ltd. တွင်လုပ်သက်အနည်းဆုံး (၂)နှစ်အထက်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form အပြည့်အစုံနှင့်အတူ ၁၀-၉-၂၀၁၃ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၈)၊ အာသောကလမ်း၊ ကျောက်မြောင်း
ဖုန်း-၀၉-၄၈၃၃၃၃၄၈၊ ၀၁-၄၃၀၃၂၅

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၄

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဉယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးတင်ငွေ(နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုနှီးနှောစည်းဝေး

နေပြည်တော် စက်တင်ဘာ ၄

အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၃ အရ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းနိုင်ရေးနှင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံညှိနှီးအစည်းအဝေးကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အမှာစကားပြောကြားသည်။

အဓိကထား

အစည်းအဝေးတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းရေး၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများက လေ့လာစိစစ်တွက်ချက်ရာတွင် အလုပ်သမားများနှင့် ယင်းတို့၏ မိသားစု လိုအပ်ချက်များ၊ လက်ရှိလုပ်ခများ၊ စားဝတ်နေရေး ကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်များ၏ ပြောင်းလဲချက်များ၊ လိုက်လျောညီထွေရှိမည့် လူနေမှုဘဝအဆင့်အတန်း၊ တစ်ဦးချင်းဝင်ငွေ စသည်တို့ကို အဓိကထား စဉ်းစားနိုင်ရေး၊ အလုပ်သမားများ၏ ရေရှည်အကျိုးစီးပွားကို လက်တွေ့အထောက်အကူပြုနိုင်မည့် အခြေခံအချက်အလက်များ ထည့်သွင်းစဉ်းစားရေး၊ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဖက် လက်ခံနိုင်မည့် မျှတသည့်နှုန်းထားဖြစ်ရန် ဆောင်ရွက်ရေးနှင့် သုတေသနလုပ်ငန်းကို ဦးစွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မာရုံရှေ့က အုတ်ဂူကျောက်တိုင်

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော် ပျဉ်းမနားမြို့ တောင်သာရပ်ကွက်ရှိ ဓမ္မာရုံသည် ရှေးယခင်ကတည်းက တည်ရှိခဲ့ရာ ဓမ္မာရုံသက်တမ်း ကြာမြင့်သည်နှင့်အမျှ ဓမ္မာရုံအဆောက်အအုံ ဟောင်းနွမ်းနေသဖြင့် အလှူရှင်တစ်ဦးက ဓမ္မာရုံအသစ် ခံ့ညားထည်ဝါစွာ ဆောက်လုပ် လှူဒါန်းသောကြောင့် ယခု တောင်သာ ဓမ္မာရုံအသစ်မှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်ကို တွေ့ရသည်။

အဆိုပါ ဓမ္မာရုံသစ်ရှေ့တွင် ယခင်ဓမ္မာရုံအဟောင်း လက်ထက်ကတည်းက နှစ်ပေါင်းကြာရှည်စွာ တည်ရှိနေသော အရိုးအုတ်ဂူကျောက်တိုင်ကို ခြံစည်းရိုးကာရံထားပြီး ဆက်လက်ထားရှိသည်ကို တွေ့မြင်ရသည်။ "မကြာခင်မှာ ဓမ္မာရုံသစ်ကြီးပြီးစီးလို့ ဖွင့်လှစ်တော့မှာဖြစ်တယ်။ ဒါ့အပြင် အရိုးအုတ်ဂူကျောက်တိုင်ကို ခြံစည်းရိုးခတ်ထားတဲ့အတွက် လမ်းမပေါ်မှာ နေရာယူထားပြီး လမ်းကျဉ်းမြောင်းမှုကိုပါ ဖြစ်စေတယ်"ဟု တောင်သာရပ်ကွက်နေ ဒေသခံတစ်ဦးက ရှင်းပြသည်။

ဖယ်ရှားပေးရန်

သာသနိက လုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် ဌာနတစ်ခုရှေ့တွင်ထားရှိရန် မသင့်တော်သည့် အရိုးအုတ်ဂူကျောက်တိုင်ကို ဖယ်ရှားပေးရန် ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ဆက်သွယ်ရေးတာဝါတိုင်များ

Telecommunication Towers
(Hot dip galvanized)

နိုင်ငံတကာအဆင့်မီဆက်သွယ်ရေးတာဝါတိုင်များကို (အောက်ပါစံချိန်စံညွှန်းများအတိုင်း)လိုသလောက်ဝယ်ယူနိုင်၍ ပစ္စည်းများကို လာရောက်ကြည့်ရှုနိုင်ပါသည်။

စံချိန် စံညွှန်း (Specification)

1. 3 legged Tower (42 m Height)
2. Steel grades - SS 400
3. Steel member (Shall be hot dip galvanized)

INDIGO SEA MYANMAR Trading Co;Ltd.
No.770/774,(9th Fl),Bogyoke Aung San Road,Lanmadaw Tsp,Yangon.
Office Ph : 95-1-2301521, 09-448007779, 09-73138048
Email : indigoseasg@gmail.com



ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန်　စက်တင်ဘာ　၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ညနေ ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး ဦးမြင့်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ခေါင်းဆောင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။ (သတင်းစဉ်)

၂၀၁၄ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီ စတုတ္ထအကြိမ်စည်းဝေး အိမ်ရှင်ကောင်းပီသစွာ၊ ဧည့်ဝတ်ကျေပွန်စွာလက်ခံကျင်းပနိုင်ရေး မိမိတို့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ရန်လိုအပ်

နေပြည်တော်　စက်တင်ဘာ　၄

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရေးနှင့် ပတ်သက်၍ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် **(အောက်ပုံ)** တက်ရောက်၍ အားနည်းချက်၊ ဟာကွက်များမရှိဘဲ အိမ်ရှင်ကောင်းပီသစွာနှင့် ဧည့်ဝတ်ကျေပွန်စွာ လက်ခံကျင်းပနိုင်ရေးအတွက် ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီအောက်တွင်ရှိသော ဆပ်ကော်မတီ ၁၇ ခုမှ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှနေ၍ မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဆပ်ကော်မတီ ၁၇ ခုမှ ဥက္ကဋ္ဌများက အာဆီယံအစည်းအဝေးများကျင်းပမည့် နေ့ရက်၊ နေရာနှင့် တက်ရောက်မည့် လူစာရင်း၊ အစည်းအဝေးခန်းမများ စီစဉ်ထားမှုနှင့် နိုင်ငံတော်ဧည့်ဂေဟာများ ပြင်ဆင်ထားရှိမှု၊ လုံခြုံရေး စီစဉ်ထားရှိမှုနှင့် ယာဉ်တန်းစီစဉ်ထားမှု၊ အုပ်ချုပ်မှုပိုင်းနှင့် သံတမန်ရေးရာစီစဉ်ထားရှိမှု၊ ကျန်းမာရေး၊ ဆက်သွယ်ရေးအပိုင်းတွင် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများနှင့် ပတ်သက်၍ ထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီဝင်များက ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

အဖြစ် သတ်မှတ်ခဲ့ပါတယ်" ဟု ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ပညာပေးရေးဥက္ကဋ္ဌနှင့် မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောကြားသည်။

အဆိုပါ "ကိုယ်ပိုင်မော်တော်ယာဉ်များမသုံးရနေ့"သတ်မှတ်ထားရှိရခြင်း၏ ရည်ရွယ်ချက်မှာ ယာဉ်များပိုမိုများပြားလာခြင်း၊ ၎င်း၏ နောက်ဆက်တွဲရလဒ်အဖြစ် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်း၊ လမ်းလျှောက်သွားသူနှင့် စက်ဘီးစီးသူများကိုလည်း မြှင့်တင်ပေးရာရောက်ခြင်း၊ အဆိုပါနေ့တွင် ယာဉ်အန္တရာယ်ပိုကင်းပြီး စက်သုံးဆီ ချွေတာရာရောက်ခြင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၌ စက်တင်ဘာ ၂၂ ရက်ကို ယာဉ်မသုံးရနေ့အဖြစ် သတ်မှတ်ထားရှိခြင်းကြောင့် ဖြစ်ကြောင်းလည်း သိရသည်။

ဆက်လက်၍ ၁၉၅၆ ခုနှစ်တွင် စူးအက်တူးမြောင်း ပြဿနာကြောင့် ရေနံဈေးကြီးပြီး ပထမဆုံးကားမသုံးရနေ့ကို ဥရောပမှာ နယ်သာလန်နိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံများ၌ စတင်ခဲ့ကြောင်း၊ ၁၉၇၃ ခုနှစ်တွင် ရေနံအကျပ်အတည်းကာလ၌ လောင်စာလျှော့သုံးရန်အတွက် စတင်ခဲ့သော လှုပ်ရှားမှုဖြစ်ကြောင်း၊ ၁၉၉၄ ခုနှစ် စပိန်နိုင်ငံ တိုလဲဒိုမှာ ကျင်းပခဲ့သော မြို့ကြီးများ ကားမှီခိုမှုလျှော့ချရေး မဟာဗျူဟာမှာ စတင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ ဝက်ဘ်ဆိုက်တည်ထောင်ကာ ယခုလက်ရှိလည်း ဝက်ဘ်ဆိုက်များပြားနေပြီဖြစ်ကြောင်း သိရသည်။

ယခု သတ်မှတ်ထားရှိခြင်းကိုလည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီသို့ တင်ပြကာ အများပြည်သူများအတွက် လုပ်ဆောင်လိုသောစီမံချက်ကို တင်ပြခဲ့၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း၊ ယင်းနေ့တွင် နံပါတ်အနက်ရောင်ယာဉ်များ ပြေးဆွဲပါကလည်း မှတ်သားထားရှိမည်သာဖြစ်ပြီး အရေးယူမည်မဟုတ်ပါကြောင်း၊ အနက်ရောင်ယာဉ်များမှ သတ်မှတ်ထားရှိသော ဒီမိုကရေစီကျင့်ဝတ်များနှင့် ထိုက်တန်မှု ရှိ၊ မရှိကို ကြည့်သွားမည်ဖြစ်ကြောင်း၊ နေ့တစ်နေ့၏ အချိန်သုံးပုံတစ်ပုံ ဖြစ်သော ၈ နာရီလောက်သာ ပြုလုပ်ထားရှိကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ပညာပေးရေးဥက္ကဋ္ဌနှင့် မထသ(ဗဟို)မှ ဒုတိယဥက္ကဋ္ဌဖြစ်သော ဦးလှသောင်းမြင့်က ပြောကြားခဲ့သည်။

စိုးဝင်း (SP)

သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော်　စက်တင်ဘာ　၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးမင်းသိန်းဇံအား သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

▲ ***ရှေ့ဖုံးမှ***

ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူလူထုက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအား အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါ တင်ပြချက်များအား ပြည်ထောင်စုလွှတ်တော်နာယကက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အထွေထွေဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်နာယကသည် နံနက်ပိုင်းတွင် အထူးဒေသ(၂) UWSA "ဝ" အဖွဲ့မှ ဦးအိုက်လွန်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့အားလည်းကောင်း၊ ညနေပိုင်းတွင် အထူးဒေသ(၄)မှ ဦးစိုင်းလင်း ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့အားလည်းကောင်း ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရွှေတြိဂံရိပ်သာ၌ တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

ယနေ့ မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံတကာသတင်း

ခြောက်နှစ်သားလေးကို မျက်လုံးဖောက်ပြီးခိုးယူသူအဖြစ် ရေတွင်းထဲခုန်ချအဆုံးစီရင်ခဲ့သော အဒေါ်ကို ရဲများကသံသယရှိနေ

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံ မြောက်ပိုင်း၌ ဩဂုတ် ၂၄ ရက်က ဖြစ်ပွားခဲ့သော ခြောက်နှစ်အရွယ်ယောကျ်ားလေးငယ်တစ်ဦး၏ မျက်လုံးကို ဖောက်ထုတ်ခိုးယူသူမှာ ကလေးငယ်၏အဒေါ်ဖြစ်သည်ဟု တရုတ်နိုင်ငံရဲများက သံသယရှိပြီး ၄င်းအဒေါ်ဖြစ်သူမှာ ရေတွင်းထဲသို့ခုန်ချကာ မိမိကိုယ်ကို အဆုံးစီရင်သွားကြောင်း ဒေသခံမီဒီယာများက ဖော်ပြခဲ့သည်။

ရှင်ကျီပြည်နယ် လီဖန်းမြို့ရှိ ရဲတပ်ဖွဲ့ဝင်များ၏ အဆိုအရ အဒေါ်ဖြစ်သူ၏ အဝတ်များတွင် ကလေးငယ်၏ သွေးများပေကျံနေသဖြင့် သံသယရှိသူအဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းက ကိုးကားဖော်ပြခဲ့ကြသည်။

ကျူးအိုဘင်အမည်ရှိ အသက် ခြောက်နှစ်အရွယ် ယင်းကလေးငယ်သည် ဩဂုတ် ၂၄ ရက်က အမျိုးသမီးတစ်ဦးက သွေးဆောင်ဖြားယောင်း၍ လယ်ကွင်းတစ်ခုဆီသို့ခေါ်သွားခံရကာ မည်သည့်လက်နက်မှန်းမသိရသည့်အရာတစ်ခုဖြင့် မျက်လုံးများကို ဖောက်ထုတ်ယူခြင်းခံခဲ့ရသည်။

ယင်းကဲ့သို့ဖြစ်ပွားပြီး ခြောက်ရက်အကြာ အဒေါ်ဖြစ်သူ ဇီအန်းဟောင်လန်းသည် မိမိကိုယ်ကို ရေတွင်းထဲခုန်ချ၍ အဆုံးစီရင်သွားခြင်းဖြစ်သည်။ ၄င်းတို့ဆွေမျိုးသားချင်းများ၏ ပြောပြချက်ကို မီဒီယာများတွင် ဖော်ပြထားသည်မှာ ကလေးငယ်တိုက်ခိုက်ခံရမှုသည် ရဲများသံသယရှိထားသလို အဒေါ်ဖြစ်သူတွင် အပြစ်မရှိဟုဆိုကြကြောင်း သိရသည်။ **(ဆင်ဟွာ)**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆီးရီးယားကို တိုက်ရန် ရှင်းလင်းပြောကြားနေစဉ်။ (ဓာတ်ပုံ-ဘီဘီစီ)

အမေရိကန်က ဆီးရီးယားကို စစ်ရေးအရအရေးယူရန် ဆီးနိတ်လွှတ်တော်အမတ်များ သဘောတူညီ

ဝါရှင်တန် စက်တင်ဘာ ၄

ဆီးရီးယားကို စစ်ရေးအရ အမေရိကန်တိုက်ခိုက်ရေး ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်အပေါ် ဆီးနိတ်ကော်မတီအမတ်များက သဘောတူလိုက်ပြီဖြစ်သည်။

ရက်ပေါင်း ၆၀ အချိန်ကန့်သတ်ချက်ဖြင့် စစ်ဆင်ရေးဆင်နွှဲနိုင်ရန် လာမည့်သီတင်းပတ်အတွင်း မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ ၄င်းဆုံးဖြတ်ချက်မူကြမ်းက ဆီးရီးယားနိုင်ငံအတွင်း မည်သည့်မြေပြင်ကြည်းတပ်မျှ မသုံးရန်လည်း ပိတ်ပင်ထားသည်။

အာဆတ်အစိုးရက ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန်အနေဖြင့် စစ်ရေးအရ အရေးယူ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။

ရီပတ်ဘလီကန်အမတ် ဂျွန်ဘိုနားကလည်း မစ္စတာအိုဘားမား၏ စစ်ရေးအရ အရေးယူရန် ဆော်ဩမှုကို သဘောတူလက်မှတ်ရေးထိုးပေးလိုက်ပြီဖြစ်သည်။

ဆီးနိတ်လွှတ်တော် အမတ်များအနေဖြင့် အမေရိကန်က ဆီးရီးယားကို စစ်တပ်အသုံးပြုတိုက်ခိုက်ရာတွင် ကန့်သတ်ချက်ဖြင့်သာ တိုက်ရန်လိုလားကြောင်း ယင်းဆုံးဖြတ်ချက်မူကြမ်းကော်ပီကို ကိုးကားလျက် အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ယင်းစစ်ပွဲကို ရက်ပေါင်း ၆၀ ဖြင့် ကန့်သတ်ထားသော်လည်း လိုအပ်ပါက သမ္မတအနေဖြင့် ရက် ၃၀ ထပ်မံတိုးနိုင်ကြောင်း ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။

ယင်းမူကြမ်းကို ဆီးနိတ်နိုင်ငံခြားဆက်ဆံရေးကော်မတီအစည်းအဝေး မကျင်းပမီ မစ္စတာကယ်ရီကထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အမျိုးသမီးသုံးဦးကို ၁၀နှစ်ကြာအောင် ပြန်ပေးဆွဲထားသူ ထောင်ထဲတွင် ကြိုးဆွဲချသေဆုံးသွားပြီ

အိုဟိုင်းယိုး စက်တင်ဘာ ၄

အမျိုးသမီးများကို အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် ကလီဗီလန်းမြို့နေအိမ်၌ ပြန်ပေးဆွဲဖမ်းဆီးထားသူ အာရီရယ်ကက်စထရိုဆိုသူသည် ထောင်ထဲတွင် ကြိုးဆွဲချသေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသက် ၅၃ နှစ်အရွယ်ရှိ ကက်စထရိုသည် ယခုနှစ်မေလအထိ ဆယ်စုနှစ်တစ်စုကြာအောင် အမျိုးသမီးသုံးဦးအား ယင်းတို့၏ဆန္ဒကို ဆန့်ကျင်လျက် ဖမ်းဆီးထားခဲ့သည်။ ၎င်းက အမျိုးသမီးသုံးဦးကို လိင်မှုဆိုင်ရာအတွက် အသုံးချခဲ့သည်ဟု ဆိုသည်။ မစ္စတာ ကက်စထရိုအား ဩဂုတ် ၁ ရက်က ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ချမှတ်လိုက်သည်။ ထို့အပြင် ၎င်း၏ဝိညာဉ်ကိုလည်း နှစ်၁၀၀၀အထိ ထောင်ချလိုက်သည်။ နေအိမ်ကိုလည်း ဖြိုချဖျက်ဆီးပစ်လိုက်သည်။ ကျောင်းဘတ်စ်ကားယာဉ်မောင်းဟောင်း ကက်စထရိုသည် ၂၀၀၂-၂၀၀၄ ခုနှစ် အတွင်းက အသက် ၃၂ နှစ်ရှိ မစ်ချယ်လီနိုက်၊ အသက် ၂၇ နှစ်ရှိ အမန်ဒါဘာရီနှင့် အသက် ၂၃နှစ်ရှိ ဂျီနာ ဒေဂျီးဆက်တို့ကို ကလီဗီလန်းမြို့ပေါ်ရှိ လမ်းများပေါ်မှ ပြန်ပေးဆွဲ ဖမ်းဆီးထားခဲ့သည်။ ဒေဂျီးဆက်သည် အိမ်မှပျောက် သွားချိန်တွင် အသက် ၁၄ နှစ်အရွယ်သာ ရှိသေးသည်။ ထိုအချိန်တွင် အမန်ဒါဘာရီက ၁၆နှစ်၊ မစ်ချယ်လီက ၂၁ နှစ်သာရှိသေးသည်။ ကက်စထရိုသည် အမန်ဒါဘာရီနှင့်ကလေးတစ်ယောက်ရခဲ့သည်။ သူမသည် အိမ်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ရဲနှင့်အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ထိုနေ့မှာပင် ကက်စထရိုကို ဖမ်းဆီးလိုက်သည်။ ၎င်းအား ပြန်ပေးဆွဲခြင်း၊ မုဒိမ်းမှုကျူးလွန်ခြင်းနှင့် လူသတ်မှုကျူးလွန်ခြင်းစသောအမှုများနှင့် တရားစွဲဆိုခဲ့သည်။ **(ဘီဘီစီ)**

ပြစ်မှုကျူးလွန်သူ အာရီရယ်ကက်စထရိုအား တရားရုံး၌ အမိန့်မချမီ တွေ့ရစဉ်။ (ဓာတ်ပုံ-ဘီဘီစီ)

ရုရှားက အီရန်ကို လက်နက်များ ဆက်ရောင်းချပေးမည်

မော်စကို စက်တင်ဘာ ၄

မော်စကိုအနေဖြင့် အီရန်နိုင်ငံအား ရုရှား၏အဓိကမဟာမိတ်အဖြစ် သတ်မှတ်ပြီး ရုရှားလက်နက်များ အီရန်သို့ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ရုရှားထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မိမိတို့အနေဖြင့် အီရန်နိုင်ငံနှင့် ဘာပြဿနာမျှ မရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိတို့သည် အီရန်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ အဓိကမဟာမိတ်လည်းဖြစ်ကြောင်း၊ ရုရှား ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီရိုဂိုဒင်းက ရုရှား ၂၄ ချန်နယ်သို့ပြောကြားသည်။

ရုရှားက အီရန်သို့ S-300 ဒုံးပျံစနစ်များ ရောင်းချရန် ကန်ထရိုက်စာချုပ်အဆင်မပြေဖြစ်ခဲ့ပြီးနောက် အဆိုပါ မှတ်ချက်များထွက်ပေါ်လာခဲ့သည်။ ၂၀၀၇ ခုနှစ် စာချုပ်အရ ရုရှားက အီရန်သို့ S-300 ဒုံးခွင်း ဒုံးအနည်းဆုံး ငါးခုပို့ပေးရမည်ဟု ဆိုသည်။ သို့သော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၁၀ ခုနှစ်တွင် အီရန်နိုင်ငံကို စတုတ္ထအကြိမ်အရေးယူပိတ်ဆို့မှု ပြုလုပ်ခဲ့သဖြင့် မော်စကိုက အဆိုပါ ဒုံးခွင်းဒုံးများပေးပို့ရန် ငြင်းဆိုခဲ့သည်။ ရုရှားက ၎င်းစာချုပ်ကို ဖျက်သိမ်းလိုက်ပြီးနောက် အီရန်က ရုရှားလက်နက်တင်ပို့ရေးကုမ္ပဏီကို ဂျီနီဗာရှိ နိုင်ငံတကာတရားရုံးသို့ တိုင်ကြားခဲ့သည်။ ယင်းတိုင်ကြားမှုကို အကြောင်းပြု၍ ရုရှားက အီရန်ကို လက်နက်များ ဆက်လက်ရောင်းချပေးမည်ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ပညာရေးဝန်ကြီးဌာန
အမှတ်(၂)အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အောက်ဖော်ပြပါ ကျောင်းဆောင်သစ်များကို ဆောက်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ ထည့်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

၂။

စဉ်	ကျောင်းဦးရေ	လုပ်ငန်းအမျိုးအစား	မှတ်ချက်
၁	၆၅	၆၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
၂	၁၂	၈၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
၃	၂၆	၉၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
၄	၆	၁၀၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
၅	၁၇	၁၂၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
၆	၁	၁၄၀' ×၃၀' Streel Structure နှစ်ထပ်အသစ်ဆောက်ရန်	
၇	၁	၁၄၀' ×၃၀' အုတ်ညှပ်နှစ်ထပ်အသစ်ဆောက်ရန်	
၈	၃	၁၅၀' ×၃၀' အုတ်ညှပ်တစ်ထပ်အသစ်ဆောက်ရန်	
စုစုပေါင်း	၁၃၁	ကျောင်း	

၃။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိလိုသောအချက်အလက်များကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့တွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်း၍ လျှောက်လွှာတစ်စုံလျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ၁၆း၀၀နာရီ အချိန်မီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်၊ ဖုန်း-၀၈၁-၂၁၂၁၃၈ (တောင်ကြီးမြို့)

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့
လေလံအစီအစဉ်ပြောင်းလဲကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့၏ နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့သော လေလံအစီအစဉ်ကို Detail Business Plan များတင်ပြရန် အစီအစဉ်အပါအဝင် လုပ်ငန်းလိုအပ်ချက်အရပ်ရပ်အရ ၄-၉-၂၀၁၃ ရက်တွင် ကျင်းပမည့် လေလံပြိုင်ပွဲကို ရက်ပြောင်းရွှေ့ကြောင်း Commercial Operation စတင်မည့်အချိန်အပါအဝင် ပြီးပြည့်စုံသော Detail Business Plan ကို ၃၀-၉-၂၀၁၃ ရက် နောက်ဆုံးထား၍ တင်ပြရန်နှင့် လေလံပြိုင်ပွဲကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

(ပြင်ဆင်ဖြည့်စွက်ထားသည့် လေလံစည်းကမ်းချက်များပါဝင်သော လျှောက်လွှာပုံစံသစ်အား ၃-၉-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဌာနစု(၂)တွင် လာရောက်လဲလှယ်နိုင်ပါသည်။)

စက်မှုမြေကွက်များလေလံတင်ငှားရမ်းရေးအဖွဲ့

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပြည်) နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ပန်းတောင်း) မြေနေရာများအနက်မှအကျယ်အဝန်းပေ (၂၀၀×၁၅၀)၊ ၀ ဒသမ ၆၈၈ဧကအသီးသီးအား စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်၍ နှစ်ရှည်မြေငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၁-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)၊ နံနက် ၉း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ
တင်ဒါစိစစ်မည့်နေရာ - ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး
တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)၊ နံနက် ၁၁း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပြည်)နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ပန်းတောင်း)တို့တွင် ၄-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၉-၄၂၃၆၇၄၄၂၂၊ ၀၉-၂၅၀၁၁၄၆၄၉

နိုင်ငံတကာသတင်း

လူသို့ကူးစက်နိုင်သော တိရစ္ဆာန်များမှ ဗိုင်းရပ်စ်ပိုး အနည်းဆုံး၃၂၀၀၀၀ခန့်ရှိနေ

တိရစ္ဆာန်များကြားမှ ပျံ့နှံ့ကူးစက်ဖွယ်ရှိလာနိုင်ဖွယ်ရှိသော ဗိုင်းရပ်စ်ပိုး အမျိုးအစားပေါင်းအနည်းဆုံး ၃၂၀၀၀၀ တို့ကို လေ့လာစောင့်ကြည့်ရန်ရှိနေသည်ဟု လေ့လာမှုတစ်ခုက ဆိုထားသည်။

ယင်းကဲ့သို့ရောဂါပိုးကူးစက်စေနိုင်သော ဗိုင်းရပ်စ်ပိုးများကို လေ့လာခြင်း အထူးသဖြင့် လူသားများကြား ပျံ့နှံ့ကူးစက်စေတတ်သော ရောဂါများဖြစ်လာနိုင်သောကြောင့် သုတေသနပြု လေ့လာခြင်းဖြင့် အနာဂတ်၌ ဖြစ်လာဖွယ်ရှိသော ရောဂါကပ်ဆိုးများကို တားဆီးပေးနိုင်မည်ဖြစ်ကြောင်း သုတေသီများကဆိုထားသည်။ ယခုလေ့လာမှုအတွက်မူ အမေရိကန်ဒေါ်လာ ခြောက်သန်းကျော် ကုန်ကျဖွယ်ရှိပြီး အဆိုပါ ကုန်ကျစရိတ်သည် အဓိကဖြစ်ပွားနိုင်ခြေရှိသော ရောဂါများအတွက်သာ လေ့လာနိုင်မည့် ကုန်ကျစရိတ်ဖြစ်ကြောင်း သိရသည်။

တောရိုင်းတိရစ္ဆာန်များမှ သန္ဓေတည်စတင်ခဲ့သော ၇၀ ရာခိုင်နှုန်းနီးပါးရှိ ဗိုင်းရပ်စ်ပိုးများသည် လူသားများသို့ ကူးစက်လျက်ရှိနေကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ သုတေသီများကမူ လင်းနို့မျိုးစိတ်ကို လေ့လာရန် ပစ်မှတ်ထားနေကြသည်။ လင်းနို့သတ္တဝါသည် Nipal ဗိုင်းရပ်စ်သယ်ဆောင်သူဖြစ်ပြီး ၎င်းဗိုင်းရပ်စ် လူသားများအကြား ကူးစက်ပါက သေစေနိုင်မည်ဟုလည်း သိရသည်။ သုတေသီများ အဆိုအရမူ ယခင်က တစ်ကြိမ်မျှမတွေ့မမြင်ဖူးသော ဗိုင်းရပ်စ်အမျိုးအစား ၆၀ ရာခိုင်နှုန်းနီးပါး တွေ့ရှိထားကြောင်း၊ နို့တိုက်သတ္တဝါများ အားလုံးနှင့် ဗိုင်းရပ်စ် အမျိုးအစားအနည်းဆုံး ၃၂၀၀၀၀ တို့ကို လေ့လာရန် ကျန်ရှိနေသေးကြောင်း သိရသည်။

နေခြည်-ရေးသည်

အိုဘားမားရဲ့ ကန့်သတ်ချက်စစ်ပွဲ

မောင်နွေသစ်

ဓာတုလက်နက်သုံးစွဲမှုနဲ့ပတ်သက်ပြီး ဆီးရီးယားကို တိုက်ခိုက်ဖို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လွှတ်တော်အမတ်တွေထံ စစ်တပ်အသုံးပြုခွင့် တောင်းဆိုထားရာမှာ အဓိကနိုင်ငံရေးထိပ်တန်း ပုဂ္ဂိုလ်တွေရဲ့ထောက်ခံမှုဖြင့် အနိုင်ရရှိသွားခဲ့ပြီး ဖြစ်ပါတယ်။ ဒီကန့်သတ်ချက်စစ်ပွဲက ဆီးရီးယားမှာ ဓာတုလက်နက်အသုံးပြုခဲ့မှုအပေါ် တုံ့ပြန်တဲ့အနေနဲ့ သမ္မတ ဘာရှာအယ်လ်အာဆတ်ရဲ့ လုပ်ကိုင်နိုင်စွမ်းတွေကို ဖျက်ဆီးပစ်ဖို့လိုအပ်တဲ့ တိုက်ခိုက်မှုဖြစ်လိမ့်မယ်လို့ မစ္စတာအိုဘားမားက ပြောဆိုလိုက်ပါတယ်။

ရီပတ်ဘလီကန် အဓိကခေါင်းဆောင်တွေဖြစ်တဲ့ ဂျွန်ဘိုနားနဲ့ အဲရစ်ကန်တာတို့နှစ်ဦးစလုံးက ဆီးရီးယားကို စစ်ရေးအရ အရေးယူဖို့ သူတို့ရဲ့ ထောက်ခံချက်လက်မှတ်တွေ ရေးထိုးပေးလိုက်ပြီဖြစ်ပါတယ်။ လာမည့် သီတင်းပတ်ထဲတွင် ဒီကိစ္စအတွက် ကွန်ဂရက်မှာ မဲခွဲဆုံးဖြတ်မယ်လို့ မျှော်လင့်ရပါတယ်။

ဆီးရီးယား စစ်ပြေးဒုက္ခသည် အရေအတွက်ဟာလည်း ယခုအခါမှာ နှစ်သန်းကျော်သွားပြီလို့ ကုလသမဂ္ဂက အတည်ပြုပြောဆိုလိုက်ပါပြီ။ ၂၀၁၁ ခုနှစ် မတ်လကတည်းက သမ္မတအာဆတ်ကို ဆန့်ကျင်မှုတွေတိုးလာပြီးနောက် သေဆုံးသူအရေအတွက်ဟာလည်း လူပေါင်း ၁၀၀၀၀၀ ကျော်သွားပြီဖြစ်ပါတယ်။

သမ္မတအိုဘားမားနဲ့ ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့ဟာ စက်တင်ဘာ ၃ ရက်က ဝါရှင်တန်မြို့မှာ အောက်လွှတ်တော်အမတ်ဂျွန်ဘိုနား၊ အောက်လွှတ်တော် ဒီမိုကရက်တစ်ခေါင်းဆောင် နန်စီပီလိုစီနှင့် အမျိုးသားလုံခြုံရေးကော်မတီမဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ မစ္စတာ ဂျွန်ဘိုနားကတော့ သမ္မတအိုဘားမားရဲ့ တောင်းဆိုချက်ကို လက်မှတ်ရေးထိုးပေးလိုက်တဲ့အပြင် သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ထောက်ခံပေးကြဖို့ တိုက်တွန်းပြောဆိုလိုက်ပါတယ်။ အောက်လွှတ်တော်ခေါင်းဆောင် မစ္စတာကန်တာကလည်း သမ္မတရဲ့တောင်းဆိုချက်ကို ထောက်ခံမဲပေးသွားမယ်လို့ ပြောဆိုလိုက်ပါတယ်။ လွှတ်တော်အမတ်မစ်ပီလိုစီကတော့ သူ့အနေနဲ့ သမ္မတရဲ့ တောင်းဆိုချက်ကို လွှတ်တော်က ငြင်းပယ်လိမ့်မယ်လို့ မယုံကြည်ထားတဲ့အကြောင်း ပြောဆိုလိုက်ပါတယ်။ သမ္မတအာဆတ်ရဲ့ ဓာတုလက်နက် သုံးစွဲနိုင်စွမ်းကို အမြန်ဆုံး အဆုံးသတ်ပစ်ရမယ်လို့ သမ္မတအိုဘားမားက ပြောဆိုလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ အမေရိကန် လေယာဉ်တင်သင်္ဘောဖြစ်တဲ့ USS Nimitz နဲ့ အခြားစစ်သင်္ဘောလေးစင်းဟာ စက်တင်ဘာ ၂ရက်က ပင်လယ်နီအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ပါတယ်။ ဒီအတောအတွင်းမှာပဲ ရုရှားကတော့ အရှေ့မြေထဲပင်လယ်သို့ ထောက်လှမ်းရေး သင်္ဘောတစ်စင်း စေလွှတ်ထားပြီလို့ အင်တာဖက်စ်သတင်းအေဂျင်စီက သတင်းဖော်ပြပါတယ်။ အမေရိကန်က ဆီးရီးယားအပေါ် စွပ်စွဲထားတဲ့ကိစ္စကို သက်သေမပြနိုင်ဘူးလို့လည်း ပြောဆိုလိုက်ပါတယ်။ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်ကတော့ ကျူးကျော်လာသူ အားလုံးဟာ ကိုယ့် သချိုင်းကိုယ်ရှာသလိုဖြစ်လိမ့်မယ်လို့ သတိပေးပြောကြားလိုက်ပါတယ်။ ။

အိမ်ထောင်ကွဲ မင်းသားမိုက်ကယ်ဒေါက်ကလပ်စ်က လက်ထပ်လက်စွပ်ဆင်မြန်းထားဆဲဖြစ်

ဟောလီးဝုဒ်မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ်စ်သည် ဇနီးချောဖြစ်သူ ကတ်သရင်းဇီတာဂျုံးနှင့် ကတ္တီပါ လမ်းခွဲကာ အိမ်ထောင်ရေးတစ်ခန်းရပ် ပြတ်စဲခဲ့သော်လည်း လက်ထပ်လက်စွပ်ကိုမူ ဆက်လက်ဝတ်ဆင်ထားဆဲဖြစ်ကြောင်း E! အွန်လိုင်းသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်ကိုယ်တူချစ်ရည်မျှခဲ့သည့် အိမ်ထောင်သက်တမ်း ၁၃ နှစ်ကြာမြင့်ပြီးမှ မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ်စ်နှင့် ဟောလီးဝုဒ်မင်းသမီးချော ကတ်သရင်းဇီတာဂျုံးတို့နှစ်ဦးသည် အိမ်ထောင်ရေးမငြိမ်းဖွယ်မီးကြောင့် လမ်းခွဲခဲ့ကြရခြင်းဖြစ်သည်။

ဟောလီးဝုဒ်အကျော်အမော်နှစ်ဦးတို့သည် လမ်းမခွဲမီကတည်းက အဆင်မပြေမှုများကြောင့် တသီးတခြားစီနေထိုင်ခဲ့ကြကြောင်း သတင်းများတွင်ဖော်ပြသည်။

ယခုအိမ်ထောင်ရေး တစ်ခန်းရပ်ခဲ့သော်လည်း မင်းသားကြီးမိုက်ကယ်ဒေါက်ကလပ်စ်က လက်ထပ်လက်စွပ် ဆက်လက်ဆင်မြန်းထားသည်ကို ရုပ်ရှင်ပွဲတော်တစ်ခုသို့ တက်ရောက်လာချိန်တွင် တွေ့ရှိခဲ့ရသည်ဟု E! အွန်လိုင်းက သတင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ Deauuille Emeavan ရုပ်ရှင်ပွဲတော်တွင် နောက်ဆုံးရုပ်ရှင်ကားပြသပွဲသို့ တက်ရောက်လာသည့် မင်းသားကြီး မိုက်ကယ်ဒေါက်ကလပ်စ်က အိမ်ထောင်ရေးကွာရှင်း ပြတ်စဲပြီးသော်လည်း လက်ထပ်လက်စွပ်ကို ဆက်လက်ဆင်မြန်းထားသည်ကို ဖော်ပြခဲ့ခြင်းဖြစ်သည်။

ရွှယ်လူး-ရေးသည်

ကျူရီယိုစီးတီးလေ့လာရေးယာဉ် နေကြတ်ခြင်းဓာတ်ပုံရိုက်ယူမည်

အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာရန် နာဆာမှ လွှတ်တင်ထားသော ကျူရီယိုစီးတီး လေ့လာရေးယာဉ်မှ အင်္ဂါဂြိုဟ်၏ အရံလတစ်စင်းပုံရိပ်ကို လျှပ်တစ်ပြက် ဓာတ်ပုံရိုက်ယူကာ မြေပြင်စခန်းသို့ ပေးပို့ထုတ်ပြန်လိုက်သည်။

အဆိုပါ ဓာတ်ပုံသည် အင်္ဂါဂြိုဟ်၏ အရံလတစ်စင်း နေ၏ရှေ့ဘက်မှ ဖြတ်သန်းစဉ် ကျူရီယိုစီးတီးယာဉ်တွင် တပ်ဆင်ထားသော အထူးပြုကင်မရာမှနေ၍ လျှပ်တစ်ပြက်ဓာတ်ပုံရိုက်ယူထားခြင်းဖြစ်သည်။ ထိုသို့ရိုက်ကူးပေးပို့သော ဓာတ်ပုံအရ နေကြတ်ခြင်းဖြစ်ပေါ်ပါက ကျူရီယိုစီးတီးယာဉ်မှ ဓာတ်ပုံများ ရယူပေးနိုင်ကြောင်း၊ နေကြတ်ခြင်းကို အသေးစိတ်လေ့လာနိုင်မည်ဖြစ်ကြောင်း နာဆာအာကာသ သုတေသနပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ကျူရီယိုစီးတီးလေ့လာရေးယာဉ်သည် ခရီးသုံးမိုင်ခန့်သွားလာကာ လေ့လာမှုများ ပြုလုပ်နေပြီး ယခုအခါဆင်ခြေလျှောတစ်ခုကို ဆင်းသက်လေ့လာလျက်ရှိသည်။ ကျူရီယိုစီးတီးလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လေ့လာနေသည်သာမက အာကာသစကြဝဠာအတွင်း ထူးခြားသောဖြစ်စဉ်များကိုလည်း ဓာတ်ပုံများရိုက်ကာ မြေပြင်စခန်းသို့ပေးပို့လျက်ရှိသည်။ ကျူရီယိုစီးတီးယာဉ်သည် အင်္ဂါဂြိုဟ်သို့ ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ဆင်းသက်ခဲ့ခြင်းဖြစ်ပြီး အင်္ဂါဂြိုဟ် မျက်နှာပြင်သို့ လေ့လာမှုများပြုလုပ်နေရာ ယခုအခါ နေကြတ်မှုများကို ဓာတ်ပုံမှတ်တမ်းများ အနီးကပ်ရယူပေးပို့မည် ဖြစ်သည်။

အာကာဟိန်း-ရေးသည်

ဆီးရီးယားကို မတိုက်ရန် ဗင်နီဇွဲလား မေတ္တာရပ်ခံ

ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဆီးရီးယားကိုတိုက်ရန် ဆော်ဩနေမှုများအဆုံးသတ်ပေးပါရန် မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ အမေရိကန်၏ မူဝါဒသည် တတိယကမ္ဘာစစ်ကို ဦးတည်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောဆိုလိုက်သည်။ အမေရိကန် သမ္မတအနေဖြင့် ဆီးရီးယားကိုတိုက်ရန် ဆော်ဩနေမှုများကို လက်မခံနိုင်ကြောင်း မာဒူရိုက ပြောကြားလိုက်သည်။ ထို့အပြင် ဝါရှင်တန်အနေဖြင့် ဒေသတွင်းမှ စစ်သင်္ဘောများ အမြန်ဆုံးထွက်ခွာပေးရန်လည်း မာဒူရိုက တိုက်တွန်းလိုက်သည်။ အမေရိကန်သည် တတိယကမ္ဘာစစ်ကို ပြင်ဆင်နေကြောင်းလည်း မာဒူရိုက အလေးအနက် ပြောကြားလိုက်သည်။

\- - - - - - - - - - - - - - - - - - - -

ပြင်သစ်ပြည်သူ၇၅ရာခိုင်နှုန်း ဆီးရီးယားကိုတိုက်ရန် ထောက်ခံ

ပြင်သစ်ပြည်သူ ၇၅ ရာခိုင်နှုန်း နီးပါးက ပြင်သစ်ပါလီမန်က ဆီးရီးယားကို စစ်ရေးအရအရေးယူရန် ဆန္ဒမဲပေးနိုင်ရေးလိုလားကြောင်း စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။ ဆီးရီးယားကို တိုက်ရာတွင် ပြင်သစ်နိုင်ငံက ပါဝင်နိုင်ရေး ပါလီမန်တွင် မဲခွဲဆုံးဖြတ်မည်ဆိုပါက ထောက်ခံချက် အပြည့်အဝရရှိလိမ့်မည်ဟု စက်တင်ဘာ ၃ ရက်က ထုတ်ပြန်သော စီအက်အေ စစ်တမ်းထုတ်ပြန်ရာတွင် ဖော်ပြသည်။ ပါလီမန်အနေဖြင့် ယင်းကိစ္စအတွက် ထောက်ခံမဲပေးနိုင်လိမ့်မည်ဟု ပြည်သူ ၇၅ ရာခိုင်နှုန်းနီးပါးက ပြောကြားသည်။

၄၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးရန် အသင့်ရှိသည်ဟု ဆိုသည်။ ၃၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးရန် ပြင်ဆင်သွားမည်ဟု ဆိုသည်။ အရွယ်ရောက်သူ ၉၅၃ ဦးအား စစ်တမ်းကောက်ယူခဲ့ရာမှ အထက်ပါအတိုင်း လူထုဆန္ဒထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မြင့်မောင်စိုး-စုစည်းသည်

‘ကံကောင်း’

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)

အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ

သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။

(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇

၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုင်ငံရေးနှင့် မီဒီယာ

မင်းဗထူး

အများပြည်သူအကျိုးစီးပွား

လူထုဆက်သွယ်ရေးလုပ်ငန်းတွင် အများပြည်သူအကျိုးစီးပွားအတွက် တိကျသေချာသော အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်ကို ရေးသားမယ်ဆိုလျှင် အငြင်းပွားစရာ အများအပြားရှိပါလိမ့်မယ်။ သို့ရာတွင် "လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက်နှင့် လူ့အဖွဲ့အစည်းဝင်များအတွက် နှစ်ကာလရှည်ကြာစွာ ကောင်းကျိုးချမ်းသာဖြစ်ပေါ်စေခြင်း"ဆိုတဲ့ အနှစ်သာရကိုတော့ ငြင်းပယ်မယ့်လူ နည်းပါလိမ့်မယ်။ မတူညီသော လူ့အဖွဲ့အစည်းများက မတူညီသော အမြင်များရှိနေလင့်ကစား အထက်ပါ အနှစ်သာရကိုယူ၍ လူထုဆက်သွယ်ရေးလုပ်ငန်း၏ အများပြည်သူအကျိုးစီးပွားဆိုသည်မှာ လူထုဆက်သွယ်ရေးလုပ်ငန်းများကို အကာအကွယ်ပေးရန်၊ ထိန်းကျောင်းပေးရန်နှင့် မြှင့်တင်ပေးရန်ဟု ဖော်ပြလျှင်မူ လက်ခံနိုင်ကြလိမ့်မယ်လို့ ထင်ပါတယ်။ အကယ်၍ ထိန်းကျောင်းပေးရန်ဆိုသည့် စကားလုံးကို ချုပ်ချယ်ခြင်း(သို့မဟုတ်) ဟန့်တားခြင်းလို့ အမြင်ရှိနေကြမယ်ဆိုလျှင်လည်း လူထုဆက်သွယ်ရေးလုပ်ငန်း၏ သမိုင်းကြောင်းနှင့် ဆက်စပ်စဉ်းစားကြည့်ကြစေလိုပါတယ်။ ရှေးပဝေသဏီခေတ်ကတည်းက လူထုဆက်သွယ်ရေးလုပ်ငန်းများဟာ မြစ်ကြောင်းများ၊ လှည်းလမ်းများ၊ တောင်ကြားလမ်းများ၊ တံတားများ၊ တူးမြောင်းများ၊ သင်္ဘောဆိပ်များ တည်ဆောက်ဖောက်လုပ်ပြီး ၎င်းလမ်းကြောင်းများကို အများပြည်သူက ထိန်းကျောင်းပေးခဲ့ရတာပဲ မဟုတ်ပါလား။ ခေတ်သစ်လူထုဆက်သွယ်ရေးမီဒီယာလုပ်ငန်းဆိုသည်မှာလည်း အထက်ပါအတိုင်း ရှေးအစဉ်အဆက်က တည်ရှိခဲ့သော လူထုဆက်သွယ်ရေးလုပ်ငန်းများ အပေါ်မှာ အခြေခံပြီး ခေတ်ကာလအလိုက် ပိုမိုဆန်းသစ်ပြီး ပိုမိုစုံလင်စွာ ပါဝင်သော အလွှာသစ်များ ထပ်မံဖြည့်တင်းခဲ့ကြခြင်းသာလျှင် ဖြစ်တယ်လို့ မြင်မိပါတယ်။

လူထုဆက်သွယ်ရေးမီဒီယာအနေဖြင့် အများပြည်သူအကျိုးစီးပွားအတွက် ဆောင်ကြဉ်းပေးနိုင်သော အဓိကလုပ်ငန်းနယ် သုံးခုရှိပါတယ်။ နိုင်ငံရေး၊ လူမှုယဉ်ကျေးမှုနဲ့ စီးပွားရေးလုပ်ငန်းနယ်တို့ပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မှုသည် လူထုအတွင်း၌ ကြီးမားကျယ်ပြန့်သော သတင်းမီဒီယာ အဆက်မပြတ် မရရှိဘဲ မျှတမှုမရရှိနိုင်ပါ။ မဲပေးရာတွင် လူအများစု၏ တက်ကြွသောပါဝင်မှုသည် ဒီမိုကရေစီရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် အနှစ်သာရတစ်ရပ်လည်းဖြစ်ပါတယ်။ မှန်ကန်သော ရွေးချယ်မှုဖြစ်လာစေရန် မဲဆန္ဒရှင်များအကြားနှင့် မဲဆန္ဒနယ်များအကြားမှာ သတင်းစီးဆင်းမှုများ မှန်ကန်မျှတမှုရှိရပါမယ်။ နိုင်ငံရေးမူဝါဒများ၊ အယူအဆသစ်များ၊ ဝေဖန်သောအမြင်များ ပေါ်ထွက်လာရပါမယ်။ နိုင်ငံရေးနှင့်ပတ်သက်လို့ ဒီလိုအခြေအနေတွေ အားလုံးမှာ ဘက်မလိုက်ဘဲ ဖြစ်ပေါ်လာစေရန်အတွက် မီဒီယာများအပိုင်းမှ လိုက်နာသင့်သော စည်းကမ်းနှင့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးသွားရန် လိုအပ်ပါတယ်။ ဒါဟာ နိုင်ငံရေးနဲ့ပတ်သက်သော အများပြည်သူ အကျိုးစီးပွားပါပဲ။

လူမှုယဉ်ကျေးမှုလုပ်ငန်းနယ်တွင် သတင်းပြန်ကြားပေးခြင်း၊ ဖြေဖျော်ပေးခြင်း၊ အနုပညာ အားကစား ပျော်ရွှင်မှုနဲ့ လူထုပညာပေးရေးလုပ်ငန်းများအထိ ပါဝင်ပါတယ်။ မီဒီယာက နိုင်ငံရဲ့ ပုံရိပ်၊ လူမျိုးနဲ့ ယဉ်ကျေးမှုပုံရိပ်တို့ကို ပုံဖော်ပေးနိုင်ပြီး ဒေသအလိုက် တိုင်းရင်းသားလူမျိုးစုများရဲ့ အစုအဖွဲ့ တစ်ခုချင်းအလိုက် မတူကွဲပြားမှုများကို လည်းကောင်း၊ ဘုံသဘောဆောင်သော တူညီမှုများနဲ့ ညီညွတ်မှုများကို လည်းကောင်း ရောင်ပြန်ဟပ် ဖော်ပြနိုင်ပါတယ်။ ဒီလိုဟာတွေကို လူမှုယဉ်ကျေးမှုဆိုင်ရာ အများပြည်သူ အကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးမီဒီယာက လုပ်ဆောင်ပေးနိုင်ပါတယ်။ ဒီနေရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့ အရေးကြီးအချက်တစ်ခုက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးစုအားလုံး အပါအဝင်ဖြစ်စေရန်ပါပဲ။ ဒါ့ကြောင့် သက်ဆိုင်ရာလူမျိုးစုများကို ကိုယ်စားပြုသော တိုင်းရင်းသားမီဒီယာများ အားကောင်းလာစေရန် မဖြစ်မနေ လိုအပ်ပါတယ်။

အခုအခါ လူ့အဖွဲ့အစည်းများအကြားတွင် လူထုဆက်သွယ်ရေးမီဒီယာ၏ စီးပွားရေးဆိုင်ရာလုပ်ငန်း တန်ဖိုးရှိမှုများသည် တစ်နေ့တခြား တိုးတက်နေပါတယ်။ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးပွားရေး၊ နိုင်ငံတကာဈေးကွက်၊ ငွေရေးကြေးရေး၊ အလုပ်အကိုင်အခွင့်အရေး၊ စားသုံးသူကာကွယ်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစသည်ဖြင့် အများပြည်သူ အကျိုးစီးပွားအတွက် များစွာလုပ်ပေးနိုင်ပါတယ်။ သတင်းမီဒီယာလုပ်ငန်းကိုယ်တိုင်က သတင်းအချက်အလက်များ ထုတ်လုပ်ပေးနေသော သီးခြားလုပ်ငန်းအဆောက်အအုံကြီးတစ်ခု ဖြစ်လာသကဲ့သို့ ကမ္ဘာ့သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအားယူ၍ အလွန်လျင်မြန်စွာ ကြီးထွားနေသော စီးပွားရေးအဆောက်အအုံကြီးတစ်ခုလည်း ဖြစ်နေပါတယ်။ ဒါကြောင့်လည်း မဏ္ဍိုင်ကြီးများမှာ တာဝန်ယူနေရတဲ့ တာဝန်ရှိသူများက အခြားသောစီးပွားရေးလုပ်ငန်းများကဲ့သို့ပဲ မီဒီယာနဲ့ သက်ဆိုင်တဲ့ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ ရေးဆွဲသတ်မှတ်ရခြင်းသည် ဘာမျှထူးဆန်းသော အလုပ်မဟုတ်ပါ။

တာဝန်ရှိသူများဟာ ဆက်သွယ်ရေးနည်းပညာ၏ အသုံးဝင်မှုများကို အားပေးရန်အတွက် သီးခြားမူဝါဒများကိုလည်း ချမှတ်နေရပါတယ်။ ဥပမာ အာဆီယံဒေသတွင် ၂၀၁၅ လွန် ကာလ၌ ရုပ်သံလွှင့်အစီအစဉ်များ ဒစ်ဂျစ်တယ်ကူးပြောင်းရေး၊ တယ်လီဖုန်းသုံးစွဲမှုနှုန်း တိုးတက်ရေး၊ e-government၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနဲ့အတူ မြန်မာ့လူနေမှုဘဝ မြှင့်တင်ရေး စသည်ဖြင့်။ ယင်းမူဝါဒများတွင် အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်အတွက်လည်း ရည်ရွယ်ချက်များ ပါရှိရပါတယ်။ ဥပမာ မူပိုင်ခွင့်ထိပါးခြင်း၊ ယဉ်ကျေးမှုကာကွယ်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး စသည်ဖြင့်။ တစ်ချိန်တည်းမှာပင် တာဝန်ရှိသူများက နိုင်ငံတကာမီဒီယာဈေးကွက်များအထိ ပြည်တွင်းမှ မီဒီယာဖြန့်ချိထုတ်လွှင့်မှုကို အားပေးသော ယှဉ်ပြိုင်မှုဖြစ်လာစေရန်နဲ့ ပြည်ပမီဒီယာလက်ဝါးကြီးအုပ်မှုမှ ကာကွယ်ရန် ရည်ရွယ်ထားရှိသော မူဝါဒများ ချမှတ်လုပ်ဆောင်နေကြတာကိုလည်း တွေ့နေရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံများမှာရှိတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းအများစုက ဒီလိုမူဝါဒများ ချမှတ်လုပ်ဆောင်ခြင်းဟာ အများပြည်သူအကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးကို အကာအကွယ်ပေးခြင်း၊ ထိန်းကျောင်းခြင်းနှင့် မြှင့်တင်ပေးခြင်းလို့ နားလည်လက်ခံလေ့ရှိကြပါတယ်။

> **"မီဒီယာပေါ်လစီတိုင်းမှာ ဆန့်ကျင်ဘက်သဘောတရားများရဲ့ လွန်ဆွဲမှုက အကြီးအကျယ်ဖြစ်ပေါ်လေ့ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာအမြင်နဲ့ ဒေသန္တရအမြင်၊ စီးပွားရေးအကျိုးကျေးဇူးနဲ့ လူမှုယဉ်ကျေးမှုအကျိုးကျေးဇူး၊ အများပြည်သူ အကျိုးစီးပွားနဲ့ သီးသန့်အကျိုးစီးပွားစသည်ဖြင့် ကွဲပြားသော သဘောတရားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်သင့်ပါတယ်။"**

အနောက်တိုင်း ဒီမိုကရေစီနိုင်ငံအများအပြား၏ မီဒီယာအယူအဆများကလည်း အခြေခံသဘောတရားအရ များသောအားဖြင့် တူညီမှုရှိကြပါတယ်။ ဒီအခြေခံသဘောတရားများမှာ အမှီအခိုကင်းခြင်း၊ ဗဟုဝါဒ (သို့မဟုတ်) ကွဲပြားခြားနားစွာ ရပ်တည်နိုင်ခြင်း၊ သတင်းအရည်အသွေးနှင့် လူမှုယဉ်ကျေးမှု ထိန်းသိမ်းခြင်းတို့ပဲ ဖြစ်ပါတယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဓိက မတူညီသော အချက်မှာ ထိုအခြေခံသဘောတရားများကို မည်ကဲ့သို့လက်ခံကျင့်သုံးကြသလဲဆိုတဲ့အချက်သာ ဖြစ်ပါတယ်။ ဆိုလိုတာက တချို့နိုင်ငံများတွင် အစိုးရက စည်းကမ်းဥပဒေပြဋ္ဌာန်းပေးပြီး ကျင့်သုံးတယ်။ တချို့က မီဒီယာအဖွဲ့အစည်းများက ကိုယ့်ဘာသာကိုယ် ပြဋ္ဌာန်းလိုက်နာကြတယ်။ တချို့က ဈေးကွက်သဘောအရ လိုက်နာလာခဲ့တာ ဖြစ်ပါတယ်။ မည်သို့ပင် တူညီမှုရှိကြသည်ဆိုသော အခြေခံသဘောတရားများကလည်း တစ်ခုနှင့် တစ်ခု ပွတ်တိုက်မှု အနည်းနှင့်အများတော့ ရှိနေကြပါတယ်။ ဥပမာ လွတ်လပ်ခွင့်နှင့် စနစ်တကျရှိမှု၊ လူများစု ယဉ်ကျေးမှုတန်ဖိုးနှင့် ဒေသအလိုက်ယဉ်ကျေးမှုတန်ဖိုး စသည်ဖြင့်။ ဒီလိုပွတ်တိုက်မှုများကနေ တင်းမာမှုများ၊ ပဋိပက္ခများ ဖြစ်မလာစေရေးအတွက် စီမံခန့်ခွဲပေးရန်ကိစ္စသည် မဏ္ဍိုင်ကြီးများမှ တာဝန်ရှိသူများက ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ပြဋ္ဌာန်းပေးရခြင်းရဲ့ အဓိကကျသော ရည်ရွယ်ချက်တစ်ခုဖြစ်ပါတယ်။ ဒါမှလည်း လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ရေရှည်ကောင်းကျိုးချမ်းသာဖြစ်စေမယ့် ဆက်ဆံရေးအခြေအနေကောင်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေမယ် မဟုတ်လား။

လူထုဆက်သွယ်ရေးဆိုင်ရာ မူဝါဒ (သို့မဟုတ်)စည်းမျဉ်း၊ ဥပဒေတစ်ရပ်ကို ရေးဆွဲရာတွင် အများဆုံးအသုံးပြုရသော ဆင်ခြင်တွေးခေါ်မှုများမှာ ဒီမိုကရေစီစံနှုန်းနှင့်ဆီလျော်ညီညွတ်ခြင်း ရှိ /မရှိ၊ အဖွဲ့အစည်း၏ စွမ်းရည်တိုးတက်/မတိုးတက်၊ စီးပွားရေးအရ အကျိုးအမြတ် တွက်ခြေကိုက်/မကိုက်၊ ပိုမိုကျယ်ပြန့်သော အမျိုးသားစီးပွားရေးမဟာဗျူဟာတွင် အခြေခံအဆောက်အအုံတစ်ခုဖြစ်/မဖြစ် ၊ နိုင်ငံ၊လူမျိုး၊ ဘာသာ၊ တိုင်းရင်းသားလူ့အဖွဲ့အစည်း ကျား၊ မ အလိုက် တန်ဖိုးထားမှုများအပေါ် မူတည်သော ယဉ်ကျေးမှုစံများ ရှိ /မရှိနှင့် နည်းပညာအသစ် တီထွင်နိုင်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် ပြည့်မီခြင်း ရှိ /မရှိ တို့ဖြစ်ကြပါတယ်။ သို့ရာတွင် သာမန်အားဖြင့် မဏ္ဍိုင်ကြီးများမှ တာဝန်ရှိသူများသည် မီဒီယာနဲ့ပတ်သက်၍ စည်းမျဉ်း၊ စည်းကမ်း ပြဋ္ဌာန်းရသောအလုပ်ကို မလုပ်လိုကြပါ။ လူထုဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်တစ်ခုကို အများပြည်သူလူထုအတွင်းမှ တောင်းဆိုမှုတစ်ခုဖြစ်လာတိုင်း တာဝန်ရှိသူများက မသိချင်ယောင်ဆောင်နေလို့မရပါ။ ဒီအခြေအနေတွင် အဖြေရှာရန် နည်းလမ်းက နှစ်ခုသာရှိပါတယ်။

နည်းလမ်းတစ်ခုကတော့ နည်းပညာအသစ်များ ထွန်းကားလာခြင်းကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းအကျိုးဖြစ်ထွန်းမှုတွန်းအား (ဥပမာ ဒစ်ဂျစ်တယ်ပြောင်းခြင်း/ e-government)ဖြစ်ပါတယ်။ အခြားနည်းလမ်းတစ်ခုကတော့ အများပြည်သူလူထုက အမှန်တကယ်ကျရောက်လု ကျရောက်ဆဲဖြစ်နေတဲ့ လူမှုယဉ်ကျေးမှု ဘေးအန္တရာယ်များရဲ့ အကြောင်းတရားများကို ဖော်ထုတ်၍လည်းကောင်း၊ သူတို့ရဲ့ မျှော်လင့်ချက်များ လက်တွေ့ပျောက်ဆုံးနေခြင်း(သို့မဟုတ်) တလွဲဖြစ်နေခြင်းအပေါ် ဝေဖန်သုံးသပ်၍လည်းကောင်း၊ လူထုဆက်သွယ်ရေးစနစ်ကို ပြုပြင်ပေးရန် တောင်းဆိုလာခြင်း (ဥပမာ အဓမ္မ/ညစ်ညမ်းစာအုပ်များ၊ လောင်းကစား/မူးယစ်ကြော်ငြာ၊ ခိုးကူးခွေဆန့်ကျင်ခြင်း)တို့အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပေးရခြင်းပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ တာဝန်ရှိသူများက ရှုထောင့်နှစ်ခုကို စဉ်းစားရပါတယ်။ ဒီရှုထောင့်များကတော့ အများပြည်သူ အကျိုးစီးပွားလား၊ တစ်ဦးတစ်ဖွဲ့အကျိုးစီးပွားလားနဲ့ အကျိုးကျေးဇူးများရရှိနိုင်မည့်အပြုသဘောလမ်းကြောင်းလား၊ ဆုံးရှုံးမှုများမယ့် အပျက်သဘော လမ်းကြောင်းလား ဆိုတာတွေပဲ ဖြစ်ပါတယ်။

မဏ္ဍိုင်ကြီးများမှာ ရောက်ရှိနေတဲ့ တာဝန်ရှိသူများအတွက် လူထုဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်းဟာ လိုက်နာကျင့်သုံးမယ့် လူ့အဖွဲ့အစည်းရဲ့ သမိုင်း၊ ယဉ်ကျေးမှုတို့နဲ့ ဆက်စပ်စဉ်းစားရမယ့်ကိစ္စလည်းဖြစ်ပါတယ်။ ဒါကြောင့် ပုံတူကူးယူလို့ မရပါဘူး။ သူများနမူနာတော့ လေ့လာချိန်ဆရပါမယ်။ အခြားနိုင်ငံများမှ မီဒီယာပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး ကောင်းသောအတွေ့အကြုံများရော၊ ဆိုးသောအတွေ့အကြုံများကိုပါ သင်ယူမှတ်သားနိုင်မှ အမြော်အမြင်ကြီးရာ ရောက်ပါမယ်။ ၂၀ ရာစုကုန်ခါနီးလောက်တုန်းက ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့တဲ့ ကျွန်တော်တို့ဆီက သွားကြည့်ပြီး အားကျခဲ့ကြရတဲ့ အကောင်းဆုံးအပြောင်းအလဲဟာ အခုအခါမှာ ပြင်မရတဲ့အမှားလို့ တစ်နေ့တခြား ပြောတဲ့လူ များလာနေတာကိုလည်း သတိပြုရပါမယ်။ အမြင်တိုတဲ့ ဖြတ်လမ်းကို မရွေးချယ်သင့်ပါဘူး။ အသေအချာ တစ်ဆင့်ပြီးတစ်ဆင့် လမ်းကြောင်းမှန်အတိုင်း သွားတာပဲကောင်းပါတယ်။ အချိန်ယူစဉ်းစားကြဖို့လည်း လိုပါတယ်။ မီဒီယာပေါ်လစီတိုင်းမှာ ဆန့်ကျင်ဘက်သဘောတရားများရဲ့ လွန်ဆွဲမှုက အကြီးအကျယ်ဖြစ်ပေါ်လေ့ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာအမြင်နဲ့ ဒေသန္တရအမြင်၊ စီးပွားရေးအကျိုးကျေးဇူးနဲ့ လူမှုယဉ်ကျေးမှုအကျိုးကျေးဇူး၊ အများပြည်သူအကျိုးစီးပွားနဲ့ သီးသန့်အကျိုးစီးပွား စသည်ဖြင့် ကွဲပြားသောသဘောတရားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်သင့်ပါတယ်။

လူထုဆက်သွယ်ရေးလုပ်ငန်းတွင်ပါဝင်သော အများပြည်သူအကျိုးစီးပွား၏ အခန်းကဏ္ဍနဲ့ပတ်သက်လို့ ရှေ့တွင်အကြမ်းဖျင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အများပြည်သူအကျိုးစီးပွားဟု ဆိုလာတိုင်းမှာ ၎င်းနဲ့အတူ ယှဉ်တွဲပါလာတတ်သော ဝိရောဓိတစ်ခုဖြစ်တဲ့ သီးသန့်အကျိုးစီးပွားနှင့် ပတ်သက်ပြီး ဆက်ပြောဆိုဖို့ ရှိလာပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ရွှေကူမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သြဂုတ် ၂၇ ရက်က အမှတ် (၄) ရပ်ကွက် ဘောဂဗလရပ် အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး တို့ကို စုပေါင်းစိုက်ပျိုးကြစဉ်။

လဘန်အောင်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မြင်းမူ မြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်လိုင်း ငွေလှူ

မြင်းမူ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီ နှစ်ပတ်လည်အစည်းအဝေးပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး (မစက) ဥက္ကဋ္ဌ ဦးတင်ထွန်းဝင်း၊ အတွင်းရေးမှူး ဦးမင်းလွင်နှင့် အဖွဲ့ဝင်ဦးစိန်လင်းတို့က နှစ်ပတ်လည်အစည်းအဝေးအစီရင်ခံစာဖတ်ကြားခြင်း၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များတင်ပြခြင်း၊ ငွေကြေးဆိုင်ရာ ရငွေသုံးငွေများ ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝန်ထမ်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့၏သားသမီးများကို ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်း၊ ယာဉ်အသင်းများအား ဆုကြေးငွေများ ပေးအပ်ခြင်းနှင့် အမက(၇) အတွက် အလှူငွေကျပ် ၁၂ သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုကိုနိုင်(မြင်းမူ)

❍ *ကျောဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီးတွင် ခက်ခဲကြမ်းတမ်းသော သမိုင်းဖြစ်စဉ်များရှိခဲ့ရာမှ အဖြူရောင်နယ်မြေအဖြစ်သို့ ရောက်ရှိလာခြင်းသည် ပြည်သူလူထု၏ အပြည့်အဝအားပေးကူညီမှုဖြင့် တပ်မတော်မှဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်သူကတပ်မတော်အပေါ် ယုံကြည်အားကိုးမှုရှိခြင်းသည် တပ်မတော်၏ မွန်မြတ်သောအစဉ်အလာပင်ဖြစ်ကြောင်း၊ ပြည်သူနှင့် တပ်မတော်တစ်သားတည်းရှိမှသာ နိုင်ငံရေး၊ လူမျိုးရေးကွဲပြားမှုများအကင်းသေ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏သမိုင်းကြောင်းအား မှန်မှန်ကန်ကန်သိရှိရန်အတွက် လေ့လာသွားကြစေလိုကြောင်း။

သမိုင်းဖြစ်ရပ်မှန်အား မသိပါက သွေးထိုးမှု၊ သွေးဆောင်မှု၊ စည်းရုံးမှုကို ခံရနိုင်ကြောင်း၊ သမိုင်းကို အမှန်အတိုင်းသိအောင်လုပ်သလို သင်ခန်းစာ ဖော်ထုတ်၍ မဖြစ်သင့်သည်များ ထပ်မံမဖြစ်ပွားအောင် ပြည်သူနှင့်တပ်မတော် တစ်သားတည်းရှိကာ ထိန်းသိမ်းကာကွယ်သွားရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်တွင် တပ်မတော်သည် ပြည်သူနှင့်ပူးပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံအားစုစည်းညီညွတ်ပြီး အေးချမ်းသော နိုင်ငံတစ်နိုင်ငံဖြစ်စေရေး ယနေ့ခေတ်ကာလတွင်ရှိသောသူများမှ တိုင်းပြည်၏ အနာဂတ်ကောင်းမွန်အောင် ကြိုးစားလုပ်ဆောင်သွားကြစေလိုကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ပေးသွားကြရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်ရင်း၊ တပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက တပ်ရင်းများနှင့်တပ်နယ်အတွက် မိခင်နှင့်ကလေးရန်ပုံငွေများ ပေးအပ်ခဲ့သည်။

ထို့အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက ကျောင်းသုံးဗလာစာအုပ်များနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ရှိကြောင်း၊ မိမိတို့အဖွဲ့သည် နေပြည်တော်တွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံပြီးဖြစ်ပါကြောင်း စသည်တို့ကို ပြောကြားကြောင်း သိရသည်။

မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းက ယခုကဲ့သို့လာရောက်ရင်းနှီးမြှုပ်နှံလိုပါက ကြိုဆိုပါကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများက ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဦးမျိုးညွန့်က မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ၄၇၀၀၀၀ ကျော်ရှိရာ အစေးထုတ်နိုင်သည့်ဧကမှာ ၃၀၀၀၀၀ ကျော်ရှိကြောင်း၊ ရော်ဘာစိုက်ပျိုးနိုင်သည့် မြေနေရာများ မရှိတော့ကြောင်း၊ ရော်ဘာကုန်ကြမ်းဖြင့် ရော်ဘာကုန်ချောထုတ်လုပ်သည့် စက်ရုံဆောက်လုပ်ပါက အကူအညီပေးနိုင်ကြောင်းနှင့် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ စီမံကိန်း နှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက မွန်ပြည်နယ်တွင် လောလောဆယ် ဟိုတယ် ၂၁ လုံး ရှိပါကြောင်း၊ ရေရှည်တွင် ဟိုတယ်လိုလောက်မှု မရှိပါသဖြင့် ဟိုတယ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ မွန်ပြည်နယ်တွင် ရှည်လျားသည့် ကမ်းရိုးတန်းရှိခြင်း၊ မြို့နယ်တိုင်းတွင် ယဉ်ကျေးမှုအအောက်အအုံများရှိသဖြင့် နိုင်ငံခြားသားများ အများအပြားလာရောက်မည်ဖြစ်ကြောင်း ပြောကြားပြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ကုန်သည်ကြီးများအနေဖြင့် မည်သည့်နေရာတွင် မည်သည့်လုပ်ငန်းများလုပ်ကိုင်လိုသည်၊ အရင်လေ့လာပြီး အမှန်တကယ် လုပ်ကိုင်သည်ဆိုပါက နေပြည်တော်သို့ သွားရောက်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံ ခွင့်ပြုချက်တောင်းခံရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးမည်ဖြစ်ကြောင်းပြောကြားရာ ထိုင်းကုန်သည်များအဖွဲ့မှ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊နည်းဥပဒေများရှိပါက မိမိတို့အဖွဲ့အား အကူအညီပေးပါရန် ပြန်လည်ပြောကြားကြောင်း သိရသည်။

(လ/၀၁၂)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လူကုန်ကူးမှုတိုက်ဖျက်ရေး အင်တိုက်အားတိုက် ဆောင်ရွက်ပေး

ဇော်မျိုးနိုင်

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာကို လူသားများအား စိန်ခေါ်နေသည့် ကြီးမားသောပြဿနာအဖြစ် သတ်မှတ်ပြီး ပြည်တွင်းဥပဒေပြဋ္ဌာန်းခြင်း၊ အမျိုးသားအဆင့်စီမံကိန်းရေးဆွဲပြဋ္ဌာန်းခြင်း၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၁၉၉၅ ခုနှစ်တွင် ပေကျင်းညီလာခံကြီးက ချမှတ်လိုက်သည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၃-၇-၁၉၉၆ ရက်နေ့တွင် လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့်အဆင့်ဆင့်သော လုပ်ငန်းကော်မတီများကို ၇-၁၀-၁၉၉၆ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ၁၉၉၇ ခုနှစ်တွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်း၊ ဥပဒေအရ အရေးယူရေးလုပ်ငန်း၊ အကာအကွယ်ပေးရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကဏ္ဍများ ပါဝင်သည့် အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်းကို ရေးဆွဲခဲ့သည်။

၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် UNIAP တို့ ပူးပေါင်းပြီး အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော နယ်လှည့် သင်တန်းပေးရေးအဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့သည် လူကုန်ကူးမှုကို အရေးယူဆောင်ရွက်ရသည့် ပုဂ္ဂိုလ်များအား လေ့ကျင့်ပေးလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် သင်တန်းသား ၅၀၀ ကျော်ကို သင်တန်းပေးပြီးဖြစ်သည်။ အသုံးပြုမည့် သင်တန်း လက်စွဲစာအုပ်ကိုလည်း ထုတ်ဝေဖြန့်ဖြူးနိုင်ခဲ့သည်။

အိမ်နီးချင်းနိုင်ငံများသို့ လူကုန်ကူးမှုပြုလုပ်လျက်ရှိကြောင်း၊ စိစစ်လေ့လာတွေ့ရှိချက်အရ ၂၀၀၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ဦးဆောင်သည့် ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက်မှု ကြီးကြပ်ရေးဗဟိုကွပ်ကဲမှုအဖွဲ့နှင့် အဆင့်ဆင့်သောအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး အဆိုပါကွပ်ကဲမှုအဖွဲ့သည် ပညာပေးခြင်း၊ တားဆီးခြင်း၊ ဥပဒေအရ အရေးယူခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ စတင်ဖွဲ့စည်းသည့်နေ့မှ ၁၂၃၃၁၆၀ ဦးကို ပညာပေးဟောပြောနိုင်ခဲ့ပြီး ၂၄၂၇၉ ဦးကို တားဆီး၍ မိဘရပ်ထံပြန်လည်အပ်နှံကာ တရားခံ ၂၆၂၆ ဦးတို့ကို ၂၀၀၉ ခုနှစ်အတွင်း ဥပဒေအရ အရေးယူနိုင်ခဲ့သည်။

လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် လည်းကောင်း၊ မိမိတို့၏ သဘောဆန္ဒအရသော်လည်းကောင်း အခြားသောအကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ရွှေ့ပြောင်းသွားလာခြင်းဖြင့် ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိ၍ ဘေးဒုက္ခကြုံတွေ့နေသော မြန်မာနိုင်ငံသားများအား ဘေးမသီရန်မခဘဲ ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် ပြန်လည်လက်ခံရေးစခန်းကို ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့် ဝန်ကြီးဌာန ခြောက်ခုမှကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့သည်။ စတင်ဖွင့်လှစ်သည့်နေ့မှ ၂၀၀၉ ခုနှစ်ကုန်အထိ ကျား ၂၀၉၆၃ ဦး၊ မ ၇၅၇၀ ဦး၊ ကလေး ၆၁ ဦး စုစုပေါင်း ၂၈၅၉၄ ဦးကို ပြန်လည်လက်ခံ၍ မိသားစုထံ ပြန်လည်ပို့ဆောင်အပ်နှံခဲ့သည်။

၁၉၉၂ ခုနှစ်မှစ၍ ၂၀၀၉ ခုနှစ်အထိ ထိုင်းနိုင်ငံမှ ၄၇၆ ဦး၊ တရုတ်နိုင်ငံမှ ၅၆၅ ဦး၊ မလေးရှားနိုင်ငံမှ ၄၆ ဦး၊ ဂျပန်နိုင်ငံမှ ၁၁ ဦး၊ စင်ကာပူနိုင်ငံမှ တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ဦး၊ မကာအို(တရုတ်နိုင်ငံ)မှ ရှစ်ဦးနှင့် တရုတ်(တိုင်ပေ) မှ သုံးဦး၊ အင်ဒိုနီးရှားနိုင်ငံမှ လေးဦး၊ ဂျာမေကာနိုင်ငံမှ တစ်ဦး၊ အရှေ့တီမောနိုင်ငံမှ တစ်ဦး စုစုပေါင်း လူကုန်ကူးခံရသူ ၁၁၁၇ ဦးတို့ကို လွှဲပြောင်းလက်ခံခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော လူကုန်ကူးမှုဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar) ကို ၂၀၀၃ ခုနှစ်၊ မေလ ၂၅-၂၆ ရက်နေ့များတွင် ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ UNIAP,UNICEF နှင့် Save the Children စသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲမှ အရေးပါသော အကြံပြုချက်များ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသမီးများဘဝ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် လည်းကောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့များနှင့် အဆင့်ဆင့်သော လုပ်ငန်းအဖွဲ့များကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် လည်းကောင်း ဖွဲ့စည်းခဲ့သည်။

၂၀၀၂ ခုနှစ်၌ ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဦးဆောင်၍ အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံများပါဝင်သည့် ဘာလီလုပ်ငန်းစဉ် (Bali Process) ကိုချမှတ်ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးကို အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၃ ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ပါဝင်သော အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး စီမံကိန်းကို ဩစတြေးလျနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၀၇-၂၀၁၁ ခုနှစ်အထိ ငါးနှစ်စီမံကိန်းကို Asia Regional Trafficking in Persons (ARTIP) အနေဖြင့် MoU ရေးထိုး၍ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လာအိုနိုင်ငံ၌ ကျင်းပသော အာဆီယံ ထိပ်သီးညီလာခံက လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံပူးတွဲ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုပြဋ္ဌာန်းချက်များကိုလည်း အလေးအနက်ထား၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ။

● *ကျောဖုံးမှ*

သင်တန်းပေးခြင်း၊ ဆေးဝါးနှင့်ကျန်းမာရေးပညာပေး ပစ္စည်းများထုတ်ယူခြင်း၊ဆေးဝါးနှင့်ကျန်းမာရေးပညာပေး ပစ္စည်းများဖြန့်ဝေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်သည်။

“ဆင်ခြေထောက် ရောဂါကင်းဝေးရေး ဆေးကျွေးတဲ့အခါ အခုနှစ်ရရှိတဲ့ဆေးပြားက DEC ၂၀၀ မီလီဂရမ် ဆေးပြားဖြစ်ပါတယ်။ ဒါကြောင့် အသက်နှစ်နှစ်မှ ငါးနှစ်အရွယ်အထိ တစ်ခြမ်း၊ အသက်ခြောက်နှစ်မှ ၁၄ နှစ်အထိ ဆေးတစ်ပြား၊ အသက် ၁၄ နှစ်နှင့်အထက်ကို ဆေးတစ်ပြားနဲ့ တစ်ခြမ်းသာ တိုက်ကျွေးရမှာဖြစ်ပါတယ်။ ဆေးတိုက်တာကို အိမ်တိုင်ရာရောက် တိုက်ကျွေးမှာဖြစ်ပြီး ညနေ ၄ နာရီမှ ည ၇ နာရီအထိ တစ်အိမ်တက်ဆင်း တိုက်ကျွေးမှာဖြစ်ပါတယ်” ဟု ၄င်းက ဆက်လက်ပြောကြားသည်။

ဆင်ခြေထောက်ရောဂါကင်းဝေးရေး ဆေးကိုတိုက်ကျွေးရာတွင် Diethy Lcarbarnazine Citrate (DEC)ဆေးနှင့် Albendezole တို့ကို တိုက်ကျွေးမည်ဖြစ်သည်။ အဆိုပါဆေးနှစ်မျိုးကိုပေါင်းပြီး တစ်ကြိမ်တည်း ဆေးတိုက်မည်ဖြစ်သည်။

“ဒီလိုဆေးကျွေးရာမှာ အသက်နှစ်နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၊ နှလုံး၊ သွေးတိုး၊ ဆီးချို၊အသည်း၊ကျောက်ကပ်၊ ပန်းနာစတဲ့ နာတာရှည်ရောဂါတစ်ခုခု ခံစားနေရပြီး အိပ်ရာထဲ လဲနေသူနဲ့ အဲဒီရောဂါတွေကြောင့် ဆေးသောက်နေရသူတွေကလွဲပြီး ကျန်လူအားလုံးကို ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး ဆေးတိုက်ကျွေးရမှာဖြစ်ပါတယ်။ ဆေးလာတိုက်တဲ့ အဖွဲ့ရဲ့ရှေ့မှောက်မှာပဲ ဆေးသောက်ရမှာဖြစ်ပါတယ်။ ဒါမှသာ ဆေးသောက်သူစာရင်းမှာ ထည့်သွင်းဖော်ပြနိုင်မှာဖြစ်ပါတယ်” ဟု ဆက်လက်ရှင်းပြသည်။

ဆင်ခြေထောက်ရောဂါမှ ကင်းဝေးစေရန် ကူးစက်ပျံ့နှံ့မှုရှိတဲ့ ဒေသများမှနေထိုင်သူအားလုံးကို တစ်နှစ်လျှင်တစ်ကြိမ်နှင့် ငါးနှစ်ဆက်တိုက် ဆေးတိုက်ကျွေးမည်ဖြစ်သည်။ ဆင်ခြေထောက်ရောဂါအဖြစ်နည်းသော ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင်မူ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဆေးတိုက်ကျွေးခြင်းဖြစ်သည်။ “ဒီဆေးတွေသောက်ရင်တော့ ဆင်ခြေထောက်ပိုး တွေ့သူတွေ၊ ရောဂါလက္ခဏာ မပြဘဲ ငုပ်နေတဲ့သူတွေအတွက် ရောဂါကုသပြီးရာ ရောက်ပါတယ်။ ဆင်ခြေထောက်ရောဂါပိုး မရှိဘဲ သောက်သုံးသူများအတွက် ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးသားဖြစ်သွားပါတယ်။ နောင် သားစဉ်မြေးဆက် ဒီရောဂါကူးစက်မှု မရှိနိုင်တော့ပါဘူး၊ ငါးနှစ်အောက် ကလေးတွေကို ဆေးတိုက်ရင် မျိုချဖို့ခက်တာမို့ ဆေးပြားတွေကို အမှုန့်ကြိတ်တိုက်ရမှာဖြစ်ပါတယ်။ ကလေးတွေအတင်းအကျပ်ချုပ်ကိုင်တိုက်တာနဲ့ နှာခေါင်းပိတ်တိုက်တာတွေ မပြုလုပ်သင့်ဘူး။ အစားစားပြီးမှ ဆေးသောက်ရမယ်၊ ဆေးသောက်ပြီး တစ်စုံတစ်ရာ ခံစားရရင် ဆေးလာတိုက်တဲ့အဖွဲ့ကို အကြောင်းကြားရမှာ ဖြစ်ပါတယ်”ဟု အထူးကုဆရာဝန်ကြီး ဒေါက်တာဖြိုးဖြိုးကျော်က ပြောပြသည်။

ဆင်ခြေထောက် ရောဂါသည် သွေးကြောတွင်နေသော သန်ကောင်အမျိုးအစား ကပ်ပါးပိုးကြောင့် ဖြစ်ပွားတတ်ပြီး ခြင်ကိုက်ခြင်းမှလည်း ကူးစက်တတ်သည်။ ရောဂါပိုးရှိသူကို ကိုက်ပြီး ခြင်သည် ရောဂါပိုးမရှိသူကို ကိုက်ခြင်းဖြင့် ရောဂါကူးစက်ခြင်းဖြစ်သည်။ ဆင်ခြေထောက်ရောဂါပိုးကို သယ်ဆောင်သော ခြင်အမျိုးအစားမှာ ကျူးလက်စ်ဟုခေါ်ပြီး ရေပုပ်၊ ရေသိုး၊ မြောင်းများ၊ မလုံခြုံသော အိမ်သာကျင်းများတွင် ပေါက်ပွားလေ့ရှိပြီး ညအချိန် ကိုက်လေ့ရှိသည်။

ဆင်ခြေထောက်ရောဂါလက္ခဏာမှာ ရောဂါနုစဉ်တွင် ချမ်းတုန်ဖျားခြင်း၊ ယားယံပြီး အင်ပြင်ထွက်ခြင်း၊ အကြိတ်များရောင်ခြင်း၊ ယောကျ်ားအင်္ဂါများရောင်၍နာခြင်း၊ ဆန်ဆေးရေကဲ့သို့ အဖြူရောင်ဆီးပျစ်ပျစ်သွားခြင်း၊ ဆီးထဲ၌ သွေးပါခြင်းနှင့် ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးရင်ကျပ်ခြင်း စသည့်လက္ခဏာများဖြစ်သည်။ ရောဂါရင့်လာသည့်အခါ ခြေ၊ လက်၊ ရင်သား စသည့်ကိုယ်အင်္ဂါအစိတ်အပိုင်းများတစ်ဖက်တည်း သို့မဟုတ် နှစ်ဖက်ကြီးလာပြီး နောက်ဆုံးအဆင့်တွင် ခြေထောက်၊ လက်များကြီးရာမှ အရေပြားတွန့်ခေါက်ပြီး ဆင်ခြေထောက်အသွင် ဖြစ်ခြင်းတို့ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော် ရှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၉ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ၂၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်၊ ကရင်ပြည်နယ် ခုနှစ် မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်၊ မွန်ပြည်နယ် ၁၀ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်အဖြစ် လူကုန်ဆေးကျွေးမှုကို ပြုလုပ်တော့မည်ဖြစ်သည်။ ပြည်သူများ မိမိတို့ကျန်းမာရေးအတွက် ဆေးတိုက်ကျွေးခြင်းဖြစ်ရာ ကြည်ဖြူစွာ ဆေးသောက်သုံးကာ ဆင်ခြေထောက်ရောဂါကင်းဝေးသူများအဖြစ် ခံယူနိုင်ကြမည်ဖြစ်သည်။

ပြည်တွင်းသတင်း

စီမံကိန်း၏သဘောသဘာဝသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ဖွဲ့တည်းအတွက်မဟုတ် သက်ဆိုင်ရာကဏ္ဍများအလိုက် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်

နေပြည်တော် စက်တင်ဘာ ၄

ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင်ရောက်ရှိနေသော လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမြင့်အောင်၊ ဦးဝင်းထွန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉ နာရီက ဆားလင်းကြီးမြို့နယ် ရွာရှည်ကျေးရွာအုပ်စု ကူးတို့ကုန်းကျေးရွာ ၁၆ ကေဗွီအေ ထရန်စဖော်မာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်နှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့မှ စုစုပေါင်းကုန်ကျငွေ ၃၇၇ သိန်းဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ပြီး ကျေးရွာအတွင်းရှိ အိမ်ခြေ ၉၃ လုံး၊ အိမ်ထောင်စု ၉၇ စု တို့အတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဝက်မွေး-ကန်တောကျေးရွာသစ်တွင် ဆောက်လုပ်လျက်ရှိသည့် မူလတန်းကြိုကျောင်း တည်ဆောက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လက်ပံတောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းအိမ်ရာ အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး လက်ပံတောင်းကျေးရွာဓမ္မာရုံ၌ကျင်းပသည့် လက်ပံတောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်များမှ ပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါတွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးအတွက် ကောင်းကျိုး၊ ဆိုးပြစ်တို့ကို ဝေဖန်သုံးသပ်သင်ခန်းစာများရယူပြီး ကောင်းကျိုးများရရှိရန် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကောင်းကျိုးများဆောင်ရွက်လျှင် ကောင်းမှုကုသိုလ်များ ခံစားရမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲရေးမူဝါဒများဖြင့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိပါကြောင်း၊ မကောင်းမှုဟူသမျှ ရှောင်ကြဉ်ပြီး ကောင်းမှုမှန်သမျှကို လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတကာနှင့်စာချုပ်ချုပ်ဆိုပြီး ကတိကဝတ်များနှင့်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ကတိတည်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းစစ်ဆေးပြီး တိုင်းပြည်အတွက် အကျိုးရှိစေရန် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပါအတိုင်း မိမိတို့ပြည်သူများ နစ်နာမှုမရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီမံကိန်း၏ သဘောသဘာဝသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ဖွဲ့တည်းအတွက် မဟုတ်ဘဲ သက်ဆိုင်ရာကဏ္ဍများအလိုက် မိမိတို့ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး(CSD) လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် စီမံကိန်း၏အကျိုးအမြတ်မှ နှစ်စဉ် နှစ်ရာခိုင်နှုန်းရရှိ အကောင်အထည်ဖော် ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပုံမှန်အတိုင်းသွားပါက မိမိတို့ ခေတ်နောက်ကျကျန်ခဲ့မည်ဖြစ်ပြီး မိမိတို့တွင်ရှိသည့် သဘာဝသယံဇာတများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် ပတ်ဝန်းကျင်နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဆိုလျှင် အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ သားစဉ်မြေးဆက် မိမိတို့ဒေသများ သာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ပြီး ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌက လက်ပံတောင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲအား အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာ၏စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် အားရစရာပင်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် အမျိုးသား အကျိုးစီးပွားအတွက် မဖြစ်မနေ ဖော်ဆောင်ရမည့် စံနမူနာပြစီမံကိန်းကြီး ဖြစ်ပါကြောင်း၊ ခံစားချက်အမျိုးမျိုးရှိကြမည်ဖြစ်သော်လည်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တူညီသည့်ခံစားချက်များကို ပူးပေါင်းပြီး ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဗဟိုပြုပြည်သူပူးပေါင်း ပါဝင်ဆောင်ရွက်သည့် စနစ်ဖြစ်သည့်အတွက် မိမိတို့အားလုံး လက်တွဲညီညီ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒေသခံပြည်သူများမှ ဒေသအတွင်း ဖွံ့ဖြိုးရေးလိုအပ်ချက်များကိုတင်ပြဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့က အလှူငွေများနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ ဒေသခံပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကော်မတီ၏ဆက်ဆံရေးရုံးသို့ ရောက်ရှိပြီး ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ မူလတန်းကြိုကျောင်း ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆည်တည်း-ဇီးတောကျေးရွာသစ်ရှိ အောင်မြေမြင်သာကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းဝင်းဓမ္မာရုံ၌ ကျင်းပသည့် ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဒေသသည် အဓိကအားဖြင့် ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာ ၂၆ ရွာ ရှိသော်လည်း ဆက်စပ်လျက်ရှိသည့် ကျေးရွာများနှင့်ပေါင်းလျှင် ၃၃ ရွာရှိပါကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးလုပ်ငန်းကြီးများ၏လူမှုအကျိုးစီးပွား တာဝန်ယူမှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျေးရွာဒေသခံ ကိုယ်စားလှယ်ပြည်သူများနှင့် စုံညီစွာ တွေ့ဆုံရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ညီအစ်ကို မောင်နှမများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကိုလေ့လာကြည့်လျှင် စည်းလုံးညီညွတ်စွာ လုပ်ဆောင်နေမှုများကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ကောင်းခြင်း၊ ဆိုးခြင်းများသည် အမြဲဒွန်တွဲလျက်ရှိနေသည့်အတွက် ကောင်းခြင်းများကို တစိုက်မတ်မတ်ဆောင်ရွက်သွားပါက ဆိုးကျိုးများ တဖြည်းဖြည်း လျော့နည်းပပျောက်သွားမည်ဖြစ်ပါကြောင်း။

ကောင်းခြင်း၊ ဆိုးခြင်းများကို ဝေဖန်ပိုင်းခြားခွဲခြားသိမြင်တတ်ရန် လိုအပ်ပြီး ပြုပြင်ပြောင်းလဲရေးများကို ပါးစပ်ကပြောနေရုံဖြင့် မပြီးဘဲ ကိုယ်ကျိုးအတ္တများကို လျှော့ချပြီး မိမိတို့စိတ်နှလုံးအတွင်းမှ စိတ်ရောကိုယ်ပါ ပေါင်းစပ်ဆောင်ရွက်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ စနစ်တစ်ခုနှင့်တစ်ခု အပြောင်းအလဲ၏ အားနည်းချက်များကို သင်ခန်းစာရယူပြီး စိတ်ကောင်းစေတနာကောင်းများဖြင့် ဦးဆောင်လုပ်ကိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ပံတောင်းစာချုပ်အတွက်ကို ထပ်မံပြင်ဆင်ချုပ်ဆိုခဲ့ပြီး စီမံကိန်းနှင့်အတူ ပတ်ဝန်းကျင်ဒေသ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တစ်နှစ်လျှင် ဒေါ်လာ နှစ်သန်းဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်ရန် ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဆက်ဆံရေးရုံးတွင် မိမိတို့၏ အခက်အခဲများကို ပွင့်လင်းစွာ ဆွေးနွေးနိုင်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်စေလိုပါကြောင်း၊ စေတနာကိုတုံ့ပြန်လျှင် စေတနာရောင်ပြန်ဟပ်ပါကြောင်း၊ မိမိတို့အချင်းချင်း ကြားလေသွေး၍ မဝေးစေဘဲ ညီညီညွတ်ညွတ် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးဖြင့် ဝိုင်းဝန်းပူးပေါင်း၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးသာအေးက ဆက်ဆံရေးရုံးများ ဖွင့်လှစ်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရန် အရှိန်အဟုန်ရရှိနေပြီး ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးမှသည် တိုင်းပြည်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်တူညီစွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြင့်အောင်နှင့် ဦးဝင်းထွန်းတို့က လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုအသေးစိတ်လေ့လာဆန်းစစ်ခြင်း(EIA)၊ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုဆန်းစစ်ခြင်း(SIA)၊ စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးဆိုင်ရာ တာဝန်ယူမှု(CSR) လုပ်ငန်းကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းပူးပေါင်းပြီး လက်တွေ့အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့ကျေးရွာဒေသများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေရုံမျှမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ လူတိုင်းရရှိသင့်သည့်အခွင့်အရေးအတွက် စနစ်တကျပြောဆိုဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီး မှန်ကန်စွာအသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ အောက်ခြေကစပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် မျှမျှတတဆောင်ရွက်ပေးပြီး ပြည်သူအများသိရှိနားလည်အောင် ရှင်းလင်းပြောကြားဆောင်ရွက်ရန်၊ မျှတသည့်စိတ်ဖြင့် ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆက်ဆံကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီလီမိတက်နှင့် ချင်းတွင်းမြန်မာကုမ္ပဏီတို့ ကံကုန်းတိုက်နယ်ဆေးရုံ တည်ဆောက်ခြင်း၊ ကန်ထရိုက်စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လက်ပံတောင်းကျေးရွာဓမ္မာရုံ၌ကျင်းပသည့် လက်ပံတောင်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်များမှ ပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး ဆုရွေးချယ်

ပဲခူး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရဲရိပ်သာ၌ စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီက စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေး အထိမ်းအမှတ် ပန်းချီး ကာတွန်း၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး၊ ဝတ္ထုတို/ရှည်၊ ဓာတ်ပုံပြိုင်ပွဲဝင် လက်ရာများ စိစစ်ဆုရွေးချယ်ခြင်း အခမ်းအနားကို အစီအစဉ်(၈)ရပ်ဖြင့် ကျင်းပသည်။ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ ဒုတိုင်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင်၊ ပဲခူးလူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူးရဲဝင်းအောင်၊ အကဲဖြတ်စိစစ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ ဆက်လက်ပြီး အကဲဖြတ်အဖွဲ့ဝင်များက စနစ်တကျ စိစစ်ရွေးချယ်နေခြင်းကို ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းက လိုက်လံကြည့်ရှု အကြံပြုပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သန့်စင်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

ဒေသတွင်းကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်

နေပြည်တော် စက်တင်ဘာ ၄

4th Steering Committee Meeting of ASEAN + 3 FETN ကို စက်တင်ဘာ ၂ရက်မှ ၃ရက်အထိ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ပုဂံညောင်ဦးမြို့ Aye Yar River View Hotel ၌ ကျင်းပသော အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်မှစတင်၍ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ကွင်းဆင်း ဆောင်ရွက်မှုဆိုင်ရာ Field Epidemiology သင်တန်းများကို ပို့ချခဲ့ရာ ဆရာဝန်၊ ဆရာမများအပါအဝင် အခြေခံကျန်းမာရေး ဝန်ထမ်းများကို လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အောက်ခြေအဆင့်တွင် စနစ်တကျ တိုးတက်ဆောင်ရွက်နိုင်မှုရှိလာသည်ကို တွေ့ရှိရကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် ပိုမိုအားဖြည့်ဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး ယခုကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆွေးနွေးခွင့်ရရှိသည့်အတွက် မိမိတို့အနေဖြင့် ကိုယ့်နိုင်ငံတွင်းသာမက ဒေသတွင်း ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများတွင်ပါ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် အာဆီယံ+ ၃ အဖွဲ့ဝင်နိုင်ငံများ၌ ဆောင်ရွက်လျက်ရှိသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ကွင်းဆင်း ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်နှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများအား ပြန်လည်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအား များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအနေဖြင့် ပုဂံမြို့တွင် မြန်မာနိုင်ငံ၏ သမိုင်း၊ ယဉ်ကျေးမှုတို့အားလေ့လာပြီး မိမိတို့နိုင်ငံကို ပိုမိုနားလည်ရင်းနှီးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို အထောက်အကူပြုမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံများ၏ Field Epidemiology Training Network လုပ်ငန်းဆောင်ရွက်ထားမှုပြခန်းငယ်ကို ကြည့်ရှုအားပေးသည်။

အစည်းအဝေးတွင် နိုင်ငံအလိုက်ဆောင်ရွက်ထားရှိမှု၊ အောင်မြင်မှု၊ အားနည်းချက်နှင့်အားသာချက်များအား ဆွေးနွေးခဲ့ကြပြီး Field Epidemiology Training Network Workplan ၂၀၁၃-၂၀၁၄ ကို ဆုံးဖြတ်အတည်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံဆက်သွယ်ရေးဆိုင်ရာ ခေါင်းဆောင်များအလွတ်သဘောစည်းဝေး

ရန်ကုန် စက်တင်ဘာ ၄

အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအဆင့်မြင့်အရာရှိကြီးများ (TELSOM)နှင့် အာဆီယံဆက်သွယ်ရေး ဥပဒေပြုသူများကောင်စီ (ATRC) ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်ရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးတွင် အာဆီယံအိုင်စီတီ မဟာဗျူဟာစီမံကိန်း ၂၀၁၅ ၏ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအား အာဆီယံနိုင်ငံများမှ ဆောင်ရွက်နေမှု၊ ဘတ်ဂျက်လျာထားမှုများနှင့် ၂၀၁၃ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးများအဆင့် အစည်းအဝေး (၁၃)ကြိမ်မြောက်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးကြမည်ဖြစ်ပြီး နှစ်ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အာဆီယံအိုင်စီတီဆုရွေးချယ်ရေးနောက်ဆုံးအဆင့်ကို ယမန်နေ့က ပြုလုပ်ခဲ့ပြီး ဆန်ခါတင် ကုမ္ပဏီ ၁၈ ခုကို စစ်ဆေးဆုံးဖြတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်သူများအား အထူးစစ်ဆင်ရေးဖြင့် စစ်ဆေးဖမ်းဆီး

နေပြည်တော် စက်တင်ဘာ ၄

မလေးရှားနိုင်ငံတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်နေသူများအား မလေးရှားအာဏာပိုင်များက စက်တင်ဘာ ၁ ရက်မှစတင်၍ " Ops Bersepadu 6p " ခေါ် အထူးစီမံချက်ဖြင့် နိုင်ငံတစ်ဝန်း ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ စစ်ဆင်ရေးအကြိမ် (၄၀) ဖြင့် လူ ၈၁၀၀ အား စစ်ဆေးခဲ့သည့်အနက် ၂၄၀၀ အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူများတွင် အများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ပြီး ၇၁၇ ဦးဖြစ်သည်။ မြန်မာနိုင်ငံသား ၅၅၅ ဦး၊ ဘင်္ဂလားဒေ့ရှ် ၃၈၇ ဦး၊ နီပေါ ၂၂၉ ဦးနှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ တရုတ်၊ နိုင်ဂျီးရီးယားနှင့် ထိုင်းနိုင်ငံတို့မှ အနည်းငယ်စီ ပါဝင်ကြသည်။

မလေးရှားနိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်ခွင့်ပါမစ်များအား နိုင်ငံတကာစံနှုန်းအတိုင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ စံနှုန်းများနှင့်အညီထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်ချောမွေ့စေရန် သက်ဆိုင်ရာ နိုင်ငံခြားသံရုံး/အဖွဲ့ရုံးများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ အလုပ်လုပ်ခွင့်ပါမစ်များ လျှောက်ထားရာတွင် စည်းမျဉ်းများနှင့်အညီ တရားဝင်လမ်းကြောင်းမှဆောင်ရွက်လျှင် ပါမစ်များရရှိရန် အာမခံကြောင်း၊ လျှောက်လွှာများအား 6p One- Stop Processing Centre များသို့ တိုက်ရိုက်တင်သွင်းရန်၊ စည်းကမ်းများအား ချိုးဖောက်ခြင်းမပြုရန်နှင့် ကြားခံလူများမှတစ်ဆင့် ဆောင်ရွက်ခြင်းမပြုရန် တိုက်တွန်းကြောင်းဖြင့် မလေးရှား ပြည်ထဲရေးဝန်ကြီး Datuk Seri Dr. Ahmad Zahid Hamidid က ပြောကြားခဲ့သည်။

ယခုပြုလုပ်သည့် စစ်ဆင်ရေးများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ စီးပွားရေးအချက်အချာနေရာများ၊ ကုန်တိုက်များ၊ အိမ်ဆိုင်များနှင့် ပို့ဆောင်ရေးဂိတ်များတွင် အဓိကပြုလုပ်ခဲ့ကြောင်း၊ ယခုစစ်ဆင်ရေးမှာ ပထမအဆင့် (First Phase)ဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်း " Ops Bersepadu 6P" ခေါ် စစ်ဆင်ရေးအထူးစီမံချက်သည် ၂၀၁၁ ခုနှစ်တွင် အကောင်အထည်ဖော်ခဲ့သည့် တရားမဝင်လာရောက်သူများအား အလုံးစုံနေရာချထားရန်အတွက် အစီအစဉ်ဖြစ်သည့် " 6p (Legal Immigrant Comprehensive Settlement Programme)" အရ မှတ်ပုံတင်ထားခဲ့သော်လည်း တရားဝင်ဖြစ်ရေး၊ ဆန္ဒအလျောက် နိုင်ငံမှ ပြန်လည်ထွက်ခွာရေးတို့အတွက် နောက်ထပ်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များအတွက် အာဏာပိုင်များထံ လာရောက်ဆက်သွယ်ခြင်းမပြုဘဲ တိမ်းရှောင်နေသူများအား နှိမ်နင်းရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ 6pအစီအစဉ်သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ပြီးဆုံးခဲ့ရာ ထိုစဉ်က သက်သေခံအထောက်အထား စာရွက်စာတမ်းမရှိသော နိုင်ငံခြားသားနှစ်သန်းခန့်ရှိသည့်အနက် ၁ ဒသမ ၃ သန်းခန့်ကို လူဝင်မှုကြီးကြပ်ရေးဌာနတွင် မှတ်ပုံတင်နိုင်ခဲ့ကြောင်း၊ ထိုသို့မှတ်ပုံတင်ထားသူများအနက် တရားဝင်ဖြစ်ရန် လျှောက်ထားနိုင်သူငါးသိန်းခန့်ကို စိစစ်ခွင့်ပြုခဲ့ပြီး ၃ ဒသမ ၃ သိန်းကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ယခု မလေးရှားနိုင်ငံတစ်ဝန်းတွင် ပြုလုပ်ခဲ့သည့် "Ops Bersepadu 6p" ခေါ် စစ်ဆင်ရေးများမှာ မြန်မာနိုင်ငံသားများကိုသာ ဦးတည်ဆောင်ရွက်သည့် ဆောင်ရွက်ချက်မဟုတ်ဘဲ ၂၀၁၁ တွင် ပြုလုပ်ခဲ့သည့် 6p အစီအစဉ် စီမံချက်နောက်ပိုင်းတွင် တရားမဝင်နေထိုင်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအားလုံးကို စိစစ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း သိရသည်။

ယခု "Ops Bersepadu 6p" ခေါ် စစ်ဆင်ရေးများတွင် ဖမ်းဆီးခံရသော မြန်မာနိုင်ငံသားဆိုသူများအား နိုင်ငံသားဖြစ်မှုစိစစ်ခြင်းကို မြန်မာသံရုံးမှတစ်ဆင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ကနဦးညှိနှိုင်းဆောင်ရွက်၍ မြန်မာနိုင်ငံသားဖြစ်ကြောင်း စိစစ်တွေ့ရှိရသူများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖားကန့်မြို့၌ မျက်နှာချင်းဆိုင် ဆိုင်ကယ်တိုက်မှု ဖြစ်ပွား

ဖားကန့် စက်တင်ဘာ ၄

ဖားကန့်မြို့မရဲစခန်း ဒုတိယရဲအုပ်စောအောင်စိုးထွန်းသည် စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်ထိန်းရုံးတာဝန်မှူးဆောင်ရွက်နေစဉ် ဆိုင်ကယ်နှစ်စီးတိုက်မိကြောင်းသတင်းရသဖြင့် သွားရောက်ကြည့်ရှုရာ နာရီစင်အနီး ဖားကန့်-နမ့်ဖားကားလမ်းတွင် နမ့်ဖားမှမြို့တွင်းသို့ ကိုတိုးဝင်း နောက်မှထိုင်စီးပြီး သားငယ်(ခ) စိုးမင်းထွန်း စီးသော ကန်ဘို(125) အစိမ်းရောင်နှင့်မြို့အတွင်းမှ နမ့်ဖားရပ်ကွက်သို့-နောက်မှ အိုက်ကွမ်းထိုင်စီးလာပြီး ရှမ်းလေး(ခ)အိုက်မောင်း မောင်းနှင်သော ကန်ဘို (125) အဝါစင်း (အစိမ်းရောင်) ဆိုင်ကယ်တို့သည် မျက်နှာချင်းဆိုင်တိုက်မိကြရာ သားငယ် (ခ)စိုးမင်းထွန်း၊ ကိုတိုးဝင်း (၁၉ နှစ်)၊ အိုက်ကွမ်း (၂၆ နှစ်)တို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံကြီးသို့ဆေးကုသခံယူလျက်ရှိကြောင်း၊ သားငယ်(ခေါ်)စိုးမင်းထွန်း (၂၀ နှစ်) နှင့် အိုက်မောင်း (၃၃ နှစ်) တို့ကို မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝါဝါ(ဖားကန့်)

ပြည်ပသို့ တရားမဝင်သွားရောက်မည့်သူများအား အသိပညာပေး၍ နေရပ်သို့ ပြန်လည်စေလွှတ်

နေပြည်တော် စက်တင်ဘာ ၄

စက်တင်ဘာ ၁ရက် ည ၁၀နာရီခွဲက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ရွာနေ မကြည်လင်း (၂၈ နှစ်)မှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးတို့အား မလေးရှားနိုင်ငံသို့ပို့ဆောင်ရန် အမှတ်(၄၂) အစုန်ရထားဖြင့် မြစ်ကြီးနားမှခေါ်ဆောင်လာကြောင်း သတင်းအရ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မန္တလေးတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင်များ၊ ရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်တင်ဘာ ၁ ရက် ည ၁၀ နာရီခွဲက သက်သေများနှင့်အတူ မန္တလေးဘူတာကြီးသို့ ရထားဆိုက်ရောက်စဉ် စစ်ဆေးခဲ့ရာ စာတိုက်တွဲခုံအမှတ် (၂၉)မှ(၃၆)တို့တွင် လိုက်ပါလာသည့် မကြည်လင်းပါ အမျိုးသားသုံးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ရှစ်ဦးကိုတွေ့ရှိရသည်။ စစ်ဆေးချက်အရ မကြည်လင်းနှင့် မထွေးရီ (၂၀ နှစ်)တို့ နှစ်ဦးမှာ ယာယီနိုင်ငံကူးလက်မှတ်များဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ရန် ၎င်းတို့မိဘများ၏ သဘောတူညီချက်ဖြင့် သွားရောက်မည်ဖြစ်ကြောင်း၊ ကျန်ခြောက်ဦးတွင် နိုင်ငံကူးလက်မှတ်များ မပါရှိကြောင်း တွေ့ရှိရသဖြင့် တစ်ဖက်နိုင်ငံသို့ တရားမဝင် သွားရောက်ခြင်း မပြုရန် ဟောပြောဆွေးနွေးခဲ့သောကြောင့် မကြည်လင်းပါရှစ်ဦးမှာ မိဘရပ်ထံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **ကိုရဲ**

မန္တလေးမြို့ မြို့လယ်ကောင်တွင် လူသတ်လုယက်မှုဖြစ်ပွား

မန္တလေး စက်တင်ဘာ ၄

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် (၂၆× ၂၇)ကြား၊ (၇၇×၇၈)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ထမ်းအိမ်ရာတိုက်တန်း ငါးလွှာတွင် ယနေ့မွန်းလွဲ ၁နာရီခန့်က လူသတ်လုယက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ယာပုံ)**

ဖြစ်စဉ်မှာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် (၂၆× ၂၇)ကြား၊ (၇၇×၇၈)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ထမ်းအိမ်ရာ တိုက်တန်းငါးလွှာ အခန်းအမှတ်(B-8)နေ ဒေါ်မိုးသူဇာအေး (၃၆ နှစ်)၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီးဌာန (AE) အဆင့်ဝန်ထမ်း၏နေအိမ်၌ အိမ်ဖော်ဖြစ်သူ ဒေါ်သန်းထွေး(ခ)ဒေါ်အေးလေး(၆၃နှစ်) ဇေယျာရပ်ကွက် ဆောမြို့နေသူကို သတ်ဖြတ်၍ လက်ဝတ်ရတနာ၊ ငွေကြေးများ ခိုးယူသွားကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ပွားရာနေရာသို့ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး၊ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မန္တလေးတိုင်းဒေသကြီး မှုခင်းတပ်ဖွဲ့ ဒုရဲမှူးတို့ ပါဝင်သော အဖွဲ့ရောက်ရှိခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်က ဒေါ်မိုးသူဇာအေး၏ မိဘများဖြစ်ကြသော ဦးမြင့်မောင်-ဒေါ်ငွေကြည်တို့က အပြင်မှပြန်ရောက်လာကာ တံခါးခေါက်သော်လည်း အတွင်းမှဖွင့်မပေးသဖြင့် သမီးဖြစ်သူ ဒေါ်မိုးသူဇာအေးအား ခေါ်ယူတံခါးဖွင့်ခိုင်းခဲ့ရာအတွင်း၌ ဒေါ်သန်းထွေး (ခ)ဒေါ်အေးလေးမှာ ဝဲလည်ပင်းတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ရင်ညွန့် အလယ်တည့်တည့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်နံကြားဘေးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ကောက်ဝတ်တွင် သွေးကြောပြတ်ရှဒဏ်ရာတစ်ချက်တို့ဖြင့် ဒဏ်ရာရရှိကာ သေဆုံးနေသည်ကိုတွေ့ရှိရ၍ သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ကြောင်းနှင့် ဒေါ်မိုးသူဇာအေးနှင့်မိဘများက ၎င်းတို့ပိုင်ဆိုင်သော စိန်လက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် လေးသိန်းခွဲခန့်၊ ကလေးအခေါက် ရွှေလက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် ရှစ်သောင်းခန့်၊ ရွှေဆွဲကြိုး တစ်ကျပ်သားကုံးတစ်ကုံး တန်ဖိုးငွေကျပ် ခုနစ်သိန်းခွဲခန့်၊ စိန်ဆွဲသီးတစ်ခု၊ ပုလဲနားကပ်တစ်ရန်နှင့် ငွေကျပ် ၅၀၀၀၀၀ တို့ ပျောက်ဆုံးနေကြောင်း သိရသည်။

၎င်းနောက် သက်ဆိုင်ရာ မှုခင်းတပ်ဖွဲ့ဝင်များက နေအိမ်တိုက်ခန်းအတွင်းတွင်ရှိသော ပစ္စည်းများ၏ လက်ဗွေရာများကို စစ်ဆေးဖော်ထုတ်၍ ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

တင်မောင်(မန္တလေး)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဒေသဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဆောင်ရွက်

မန္တလေး စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီးဌာန ဝန်ကြီးဦးသန်းစိုးမြင့်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဒေါက်တာမြင့်ကြူ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စပယ်တောကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ အုပ်စုအတွင်းရှိ တောင်သူများနှင့်လည်းကောင်း တွေ့ဆုံပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်သည်။

ကျောက်ဆည်မြို့နယ် စပယ်တောကျေးရွာ အောင်ချမ်းသာဓမ္မာရုံ၌ စပယ်တော၊ မဲကုန်း၊ မြင်းချီနိုင်ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်နှင့် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များက နယ်မြေဒေသလိုအပ်ချက်များကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက မြို့နယ်၏ လယ်ယာကဏ္ဍအခြေအနေများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကျေးရွာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က စပယ်တော၊ မဲကုန်း၊ မြင်းချီနိုင်ကျေးရွာများမှ တောင်သူစုစုပေါင်း ၂၂၂ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ကျေးရွာမှ တောင်သူကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ သူငယ်တော်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့်တွေ့ဆုံရာ၌ တံတားဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်နှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ဒေသဆိုင်ရာ လိုအပ်ချက်ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် သူငယ်တော်ကျေးရွာ အုပ်စုအတွင်းရှိ တောင်သူစုစုပေါင်း ၄၀၅ ဦးတို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး တပ်ကုန်း၌ ပျိုးပင်တစ်သိန်းဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၃ ခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း တစ်သိန်းဖြန့်ဝေခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။ ယခုနှစ်မိုးရာသီတွင် မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တပ်ကုန်းတပ်နယ်တို့ ပူးပေါင်းပါဝင်လျက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူလူထု စုစုပေါင်း ၆၀၀ ကျော် တက်ရောက်၍ ဆည်မြောင်းဦးစီးဌာနဝင်းအတွင်း သစ်မျိုးစုံစုပေါင်းစိုက်ပျိုးပွဲကို စက်တင်ဘာ ၂ ရက် နံနက်က စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)** တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် ပျိုးပင်ပေါင်းတစ်သိန်းကျော်ဖြန့်ဝေခဲ့ရာ ကျေးလက်သို့ အပင် ၄၃၈၀၀ နှင့်ကျန်ပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့၊ လမ်းဘေးဝဲ/ယာ၊ ဌာနဆိုင်ရာနှင့် သစ်ပင်စိုက်ပျိုးပွဲတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

ကျော်သူဝင်း(မြန်မာ့အလင်း)

မြစ်ငယ်၌ လင်းအားကြီးမီးလောင်

မြစ်ငယ် စက်တင်ဘာ ၄

စက်တင်ဘာ ၄ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က မန္တလေးအမရပူရမြို့နယ် မြစ်ငယ်မြို့ အောင်ချမ်းသာ ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ မြစ်ငယ်မြို့ အထက်တန်းကျောင်းလမ်းတွင် နေထိုင်သော ဦးသန်းအောင် (စူပါမင်းတိပ်ခွေအငှားဆိုင်)မှ စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် အနီးရှိလူနေအိမ်ရှစ်လုံးနှင့် ဆိုင်ကယ်သုံးစီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းရာသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ညွှန်ကြားရေးမှူး ဦးအောင်ကြွယ်မြင့်၊တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးကြည်တိုး၊ ခရိုင်ဦးစီးမှူး ဦးလှမင်းနှင့်အဖွဲ့ဝင်များ၊ မီးသတ်ကား ၄၂ စီးနှင့်

အတူ အကူခြောက်စီး၊ မီးသတ်သန္တေ ၆၀ နှင့် အရန်အင်အား ၂၁၀ လာရောက်မီးငြိမ်းသတ်ကြရာ နံနက် ၅ နာရီ ၃၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး နံနက် ၆ နာရီ ၁၅ မိနစ်တွင် မီးလုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

စစ်ဆေး

မီးလောင်ကျွမ်းရာတွင် လူ၊ တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်းသိရသည်။ မီးလောင်ကျွမ်းရာသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြန်မာ့မီးရထားမှ လက်ထောက်အင်ဂျင်နီယာဦးနိုင်ဦး၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြစ်ငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က လိုအပ်သည်များ ကူညီပေးလျက်ရှိကြောင်းနှင့် အဆိုပါမီးလောင်ကျွမ်းမှုကို သက်ဆိုင်ရာက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

မြစ်ကြီးနား စက်တင်ဘာ ၄

မြစ်ကြီးနားမြို့နယ် လဝကဦးစီးအရာရှိ ဦးစိုးနောင်နှင့် ဝန်ထမ်းများက ဩဂုတ်လတတိယပတ်အတွင်း စီတာပူရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့၍ စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကတ်ပြားပေးအပ်ပွဲကျင်းပခဲ့သည်။ ထိုသို့ပေးအပ်ရာတွင် ၁၀ နှစ်ပြည့် ၉၁ ဦး၊ ၁၈ နှစ်ပြည့် ၆၃ ဦး၊ လဲလှယ် ၅၆ ဦးနှင့် မိတ္တူ ၇၇ ဦး စုစုပေါင်း ၂၈၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုဃ်းကျ (မြစ်ကြီးနား)

စာပန်းအိမ်စာကြည့်တိုက် (၅)နှစ်ပြည့် ဆုပေး

စလင်း စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ကျုံးရွာ စာပန်းအိမ်စာကြည့်တိုက် ငါးနှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် ပညာရည်ချွန်ဆု၊ စာငှားစာဖတ်ဆုများ ပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီက စာပန်းအိမ်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးအောင်မြင့်ဦးက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

သမီးလေးစုနန်းထိုက်၏(၁)နှစ်ပြည့်မွေးနေ့ဆုတောင်း

၄-၉-၂၀၁၃ ရက်တွင် ကျရောက်သော သမီးလေးစုနန်းထိုက်၏ တစ်နှစ်ပြည့်မွေးနေ့မှသည် ချစ်ဖေဖေ ညီညီလွင်-ချစ်မေမေ ဖူးပွင့်မိုးတို့နှင့်အတူ သက်ရှည်၊ ကျန်းမာ၊ ပြည့်စုံစွာဖြင့် ချမ်းသာစေကြောင်း ဆုမွန်တောင်းသည်၊ တောင်းတဲ့ ဆုတိုင်းပြည့်ပါစေ-

ချစ်သောဘိုးဘိုး ဗိုလ်မှူးကြီးမြင့်အောင်သန်း-ဘွားဘွား ဒေါ်မြတ်မြတ်မိုး
မမ-Hazel တို့ မိသားစု

မွေးနေ့ဆုတောင်း

ကိုသက်လွင်ဝင်းနှင့် သမီးကြီး နှင်းထက်ရတီတို့၏ စက်တင်ဘာ ၅ ရက်တွင်ကျရောက်သော မွေးနေ့မှ နောင်နှစ် ၁၀၀ တိုင် စက်တင်ဘာ သားအဖနှစ်ဦးတို့ မိသားစုနှင့်အတူ ကျန်းမာ၊ ချမ်းသာစွာဖြင့် အောင်မြင်သောနေ့ရက်များစွာကို ပိုင်ဆိုင်နိုင်ကြပါစေ။

မိသားစု

ပညာရေးဝန်ကြီးဌာန
အမှတ်(၂)အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး(ရုံးခွဲ)၊ ကျိုင်းတုံမြို့
ပညာရေးမှူးရုံး/ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး(ရုံးခွဲ)၊ ကျိုင်းတုံအတွင်းရှိ ပညာရေးမှူးရုံး၊ ကျောင်းအဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရန် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများ ခေါ်ယူပါသည်။

၂။ (က) ကျိုင်းတုံမြို့နယ် (၇) ကျောင်း
(ခ) မိုင်းယန်းမြို့နယ် (၄) ကျောင်း
(ဂ) မိုင်းခတ်မြို့နယ် (၁၀)ကျောင်း
(ဃ) မိုင်းဆတ်မြို့နယ် (၆) ကျောင်း
(င) မိုင်းဖြတ်မြို့နယ် (၄) ကျောင်း
(စ) မိုင်းယောင်းမြို့နယ် (၅) ကျောင်း
(ဆ) တာချီလိတ်မြို့နယ် (၃) ကျောင်း
(ဇ) မိုင်းပျင်းမြို့နယ် (၃) ကျောင်း
(ဈ) မိုင်းတုံမြို့နယ် (၃) ကျောင်း
(ည) မက်မန်းမြို့နယ် (၂) ကျောင်း
စုစုပေါင်း (၄၇) ကျောင်း

၃။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၅-၉-၂၀၁၃ ရက် ညနေ ၄ နာရီ

၄။ တင်ဒါစည်းမျဉ်း/စည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး(ရုံးခွဲ)
ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဖုန်း-၀၈၄-၂၂၆၈၁၊ ၂၁၄၁၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းမကြီးပေါ်ရှိ ဝေဇယန္တာတာဝါ၊ အလွှာအမှတ် ၆ ရှိ တိုက်ခန်းအမှတ် ၆၀၂၊ အကျယ်အဝန်း ၁၁၈၈ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းအခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသန်းထူးဝင်း ၁၂/ရကန(နိုင်)၀၈၆၆၁၄ နှင့် ဒေါ်သီတာအေး ၁၂/ဥကတ(နိုင်)၀၁၇၁၂၄ တို့ထံမှ ကျွန်တော် ဦးမိုးကျော်ဝင်း ၁၂/ရကန(နိုင်)၀၃၇၅၇၅ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဖော်ပြပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအပြည့်အစုံဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမိုးကျော်ဝင်း ၁၂/ရကန(နိုင်)၀၃၇၅၇၅
တိုက် ၁၁၅၊ အခန်း ၇၊ ၁ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၀၂၉၂၅၆၃

ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၃

ဒေါ်ရီဘဲထာ(၄င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်နန့်စန္ဒာဝင်း) **တရားနိုင်** **နှင့်** ဒေါ်နော်ဘွေဖော်(ခ) ဘဂေးဖော **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာကျောင်းလမ်း၊ အမှတ် ၉၂၂ နေ ဒေါ်နော်ဘွေဖော(ခ)ဘဂေးဖော (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၁၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရီဘဲထာ(၄င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်နန့်စန္ဒာဝင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၂ ရက် (၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ရဲကိုကို
ဒုတိယမြို့နယ်တရားသူကြီး(၂)
အင်းစိန်မြို့နယ်တရားရုံး

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြရတနာရပ်ကွက်၊ အောင်ဆည်းခုံဘုရားလမ်း၊ အမှတ် ၉၇၄နေ၊ ဦးကျော်ဆွေ ၁၂/မဂဒ(နိုင်)၀၆၁၆၀၁ ၏သား မောင်ကျော်စွာဦး ၁၂/မဂဒ(နိုင်)၁၃၇၆၀၂ သည် မိဘတို့၏ ဆိုဆုံးမမှုတို့ကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်ပြီး မိဘ၏ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကိုပြုမူဆောင်ရွက်ပါသဖြင့်ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံး၀ တာဝန်မယူပါ။
(မေးမြန်းခြင်း သည်းခံပါ။)

ဖခင်-ဦးကျော်ဆွေ

ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ဒူးယား အထက၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်သက်လွင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၄/ဇလန(နိုင်)၅၀၂၅၄၂ ဖြစ်ပါသည်။

ဦးဇော်ဝင်း ၁၄/ဇလန(နိုင်)၅၀၂၅၄၂

သွေးသည် အသက်

မူလတန်းအရွယ်ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းအသိပညာများ လက်တွေ့သင်ကြားပေးမည်

နေပြည်တော် စက်တင်ဘာ ၄

မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများ သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာဗဟုသုတများ တိုးပွားလာစေရန်ရည်ရွယ်ပြီး ဆရာ ဆရာမများအား ကျန်းမာရေးဝန်ကြီး ဌာနနှင့် ပညာရေးဝန်ကြီးဌာနတာဝန် ရှိသူများက သင်တန်းပို့ချပေးခဲ့ ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက နေပြည်တော် MICC ၌ကျင်းပသော အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

"ကျန်းမာတဲ့ ကိုယ်ခန္ဓာနဲ့အလုံးစုံ ကျန်းမာသုခရရှိဖို့ဆိုရင် ကျန်းမာတဲ့ ခံတွင်းဟာအဓိကကျပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ Colgate Bright Smiles, Bright Futures® ကို စတင်မိတ်ဆက်တဲ့ အစီအစဉ်မှာ Colgate-Palmolive နဲ့အတူ ပူးတွဲလုပ်ဆောင်ခွင့်ရတဲ့အတွက် ကျေနပ် ဝမ်းမြောက်မိပါတယ်။ ဒီအစီအစဉ်က ကျွန်မတို့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ မြန်မာပြည်သူတွေရဲ့သွားနဲ့ခံတွင်း ကျန်းမာရေးအခြေအနေကို တိုးတက်အောင်လုပ်ဆောင်ဖို့ဆိုတဲ့အချက်ကို အထောက်အကူပြုပါတယ်"ဟု ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာယဉ်သန္တာလွင်က ပြောသည်။

"ဒီအစီအစဉ်က လက်ရှိပညာရေးဝန်ကြီးဌာနရဲ့ လေ့ကျင့်သင်ကြားရေးအစီအစဉ်ကို အများကြီး အထောက်အကူပြုပြီး ကလေးတွေအတွက် အများကြီးအကျိုးရှိစေတဲ့ သွားနဲ့ခံတွင်း ကျန်းမာရေးအစီအစဉ် ဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်တဲ့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ အလွန်အားရကျေနပ်မိပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်က ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ဆရာ ဆရာမများအား ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များက Colgate မှ ပံ့ပိုးပေးသည့် သင်ထောက်ကူပစ္စည်းများနှင့်အတူ သွားနှင့်ပတ်သက်သော သိကောင်းစရာများကို လက်တွေ့ရှင်းလင်းသရုပ်ပြပေးခဲ့သည်။ တစ်ဖန် ဆရာ ဆရာမများက သွားနှင့်ခံတွင်း သင်ထောက်ကူပစ္စည်းများနှင့်အတူ ကျောင်းသား ကျောင်းသူများအား ပြန်လည် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းအခမ်းအနားသို့ နေပြည်တော်ရှိ ကျောင်းပေါင်း ၃၇၅ ကျောင်းမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြောင်းသိရသည်။ ၎င်းသင်တန်းအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ကျောင်းနေအရွယ် ကလေးများအနေဖြင့် သွားပိုးမစားရန် အသီးအနှံများကို များများစားသုံးပြီး အချိုပါသည့် အစားအသောက်များကို ရှောင်ကြဉ်သင့်ကြောင်း၊ နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သွားကိုမှန်မှန်တိုက်ပေးသင့်ကြောင်း၊ သွားတိုက်သည့်အခါ စနစ်တကျတိုက်သင့်ပြီး သွားတိုက်တံကို သုံးလတစ်ကြိမ်လဲပေးသင့်ကြောင်း၊ ဖလိုရိုက်ဒ်ပါသည့် သွားတိုက်ဆေးကို အသုံးပြုသင့်ကြောင်း၊ သွားတိုက်သည့်အခါ သွားတိုက်ဆေးများကို လုံးဝပြောင်စင်သွားစေအောင် ပလုတ်ကျင်းဆေးကြောခြင်းမပြုသင့်ကြောင်း၊ သွားတိုက်ဆေးများ သွားများပေါ်တွင် တင်ကျန်နေလျှင် ပို၍ကောင်းကြောင်း ဗဟုသုတဖြစ်ဖွယ်ရာများ မှတ်သား သိရှိရသည်။

ဆရာ ဆရာမများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ လက်တွေ့သွားတိုက်ပုံကို စနစ်တကျရှင်းပြစဉ်။

သတင်း - မြင့်မောင်စိုး
ဓာတ်ပုံ - ကျော်သူဝင်း

ထို့အပြင် ကလေးများသည် အသက် ငါးနှစ်မှ ခြောက်နှစ်အရွယ်တွင် ငယ်သွားများလဲပြီး လူကြီးသွားများပေါက်တတ်ကြောင်း၊ သွားပေါက်နေစဉ် သွားများကို နှုတ်မပစ်သင့်ကြောင်း၊ ငယ်သွားများမှာ လူကြီးသွားများလှလှပပပေါက်လာစေရန် အနေအထားလမ်းကြောင်းကို ဖြစ်စေနိုင်ကြောင်း၊ သွားပိုးစားခြင်းမှာ စားကြွင်းစားကျန်များနှင့် ဗက်တီးရီးယားပိုးများ ပေါင်းစပ်သွားပြီး အက်စစ်ကိုဖြစ်စေပါကြောင်း၊ ၎င်းအက်စစ်ကြောင့် သွား၏ ကြွေသားလွှာထိခိုက်ပျက်စီးပြီး သွားပိုးစားခြင်းဖြစ်ပါကြောင်း၊ အမှန်မှာ သွားကိုကိုက်သည့် သွားပိုးဟူ၍ မရှိကြောင်းစသည်ဖြင့်လည်း သွားနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်း မှတ်သားသိရှိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) စာဖတ်ရှိန်မြှင့်တင်ရေး စာစီစာကုံး၊ ကဗျာ၊ စာဖတ်စွမ်းရည်ဆုများ ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ကူညီထောက်ပံ့မှု၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှူး၏ စီမံကွပ်ကဲမှုဖြင့် မြို့နယ်ပညာရေးဌာန၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသော ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အထက (၂)ဒဂုံမြို့သစ်(တောင်ပိုင်း) ကျောင်းခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

ဆုပေးပွဲအခမ်းအနားတွင် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများမှ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာရမှတ်အများဆုံးရရှိသော ကျောင်းသူနှစ်ဦးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ခရိုင်ပြန်/ဆက်ဦးစီးမှူး၊ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**

ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုရကလေးငယ်များက ကဗျာများရွတ်ဆိုခဲ့ကြပြီး စာရေးဆရာအသင်းနာယက ဆရာနေစိုးသော်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဆုမွန်ဦး(ဟသ်ာတ)

ပြည်တွင်းသတင်း

ပြည်တွင်းငါးအထွက်နှုန်း မြင့်မားရေး ပိုမိုကြိုးစားရန်လို

ရန်ကုန် စက်တင်ဘာ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဦးဆောင်၍မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ အပါအဝင် ၁၂ ဦးအဖွဲ့သည် မြန်မာ-ဗီယက်နမ်ကုန်သွယ်ရေး မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဗီယက်နမ်နိုင်ငံသို့ ဩဂုတ် ၂၉ ရက်တွင် သွားရောက်လေ့လာဆွေးနွေးခဲ့ကြောင်း ရက်သတ္တပတ်တိုင်း ပုံမှန်ပြုလုပ်နေကျ သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်းတင်ပို့ရောင်းချသူများအသင်း ဘဏ္ဍာရေးမှူး ဒေါက်တာတိုးနန္ဒာတင်က ဗီယက်နမ်နိုင်ငံ ငါးမွေးမြူရေးကန် တစ်ဧကလျှင် ငါးတန်ချိန် ၅၀၀ ထွက်ရှိကြောင်း၊ တန်ချိန် ၁၀၀၀ အထိထွက်အောင် ဆက်လက်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၌ ငါးမွေးမြူရေးကန် တစ်ဧကလျှင် ၁၀ တန်သာထွက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက နည်းပညာပိုင်းသည် နောက်ကျနေသေးကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် နည်းပညာများဖလှယ်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အစ္စရေးနိုင်ငံမှ နည်းပညာကိုလည်း ရယူသင့်သည်ဟု ဗီယက်နမ်နိုင်ငံက အကြံဉာဏ်ပေးခဲ့ကြောင်း၊ ပြည်တွင်းငါးအထွက်နှုန်း ပိုမိုမြင့်မားရန် ကြိုးစားသင့်ကြောင်း လုပ်ငန်းရှင်များအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံမှ သဘာဝရေချိုငါးကို ဝယ်လိုသဖြင့် ဝယ်ယူရေးကမ်းလှမ်းခဲ့ပြီး မြန်မာနိုင်ငံ၌ တိရစ္ဆာန်အစာတောင့် စက်ရုံတည်ဆောက်ရေးအတွက်လည်း ဖိတ်ခေါ်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ခင်ချိုဝင်း(သတင်းစဉ်)**

မြိုင်မိုးကြို ဝါစိုက်ပျိုး

မြိုင် စက်တင်ဘာ ၄

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနဝါနှင့် ပိုးချည်ပညာပေးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲမှ မြို့နယ်တွင်း ချည်မျှင်ရှည်ဝါ(ငွေချည်-၆) စံပြဝါစိုက်တောင်သူ ၄၈ ဦးတို့အား စက်တင်ဘာ ၂ ရက်က တစ်ဧကဝါပိဿာ ၁၀၀၀ နှုန်းထွက်ရှိရေး လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၀ ချက်ပါ နှိုးဆော်စာစောင်များ ဖြန့်ဝေခြင်းနှင့် နည်းပညာပေး ဆွေးနွေးဆောင်ရွက်လျက်ရှိရာ မြို့နယ်အတွင်း ဩဂုတ်လကုန်အထိ မိုးရွာရက် ၂၆ ရက် မိုးရေချိန် ၁၁ ဒသမ ၃၀ လက်မ ရှိ၍ စံပြကွက်ပါစိုက်ဧက ၅၅ ဧကစိုက်ပျိုးပြီးစီးအောင်မြင်ကြောင်း၊ မြို့နယ်အတွင်း ၄၃ အုပ်စုမှ ဝါစိုက်ဧက ၉၇၂၂ လျာထားရာ ၇၃၂၅ ဧကကျော်စိုက်ပျိုးထားရှိပြီးအပြင် ကျန်ဧကများနှင့် ထပ်မံတိုးချဲ့ စိုက်ပျိုးသွားရန်ရှိကြောင်း မြို့နယ်ဒုဦးစီးမှူး ဒေါ်ခင်ပြုံးကြည်နှင့် ဝန်ထမ်းများထံမှ သိရသည်။ ယခင်နှစ် သတ်မှတ်နှုန်း တစ်ဧက ၁၀၀၀နှုန်းအထက် ပိုမိုထွက်ရှိ၍ တစ်ပိဿာ ကျပ် ၁၄၅၀ နှုန်းရောင်းချရခြင်းကြောင့် ဝါစိုက်တောင်သူလယ်သမားများ၏ ဝင်ငွေ အမှန်တိုးတက်မည်ဖြစ်ကြောင်း သိရသည်။ **စိန်မြိုင်**

စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့်အဖွဲ့က ငွေကျပ် သိန်း ၃၀ နှင့် ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီ)၊ မေတ္တာသင်္ဂဟအဖွဲ့သားများက ငွေကျပ် ၁၂၈ သိန်းကို သဘာဝဘေး ရေဘေးသင့်ပြည်သူများအတွက် ကော့ကရိတ်ကရုဏာလူမှုရေးအသင်းသို့ ပေးအပ်လှူဒါန်းစဉ်။

ကျော်မြင့်သန်း(လမ်းမတော်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

၆-၉-၂၀၁၂ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၂၅၀၀၀-၆၈၂၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၂၅၄၀၀-၆၈၂၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၈၀	ကျပ်
ဥရောပ	တစ်ယူရို	၁၂၇၅-၁၂၉၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၅-၇၆၈	ကျပ်
ထိုင်း	တစ်ဘတ်	၃၁.၃-၃၁.၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၄.၉-၁၅.၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၆-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၂၉၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၅၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၂၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၂၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၀၃
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၇၀-၇၉၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၃၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၃၇၀-၄၅၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၇၅-၁၁၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စုစည်းတင်ပြသည်။

ငါးရစ် ငါးသန် ဘောမွဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

(၇၄)နှစ်မြောက် ဆရာတော်အသျှင် ဦးဥတ္တမနေ့အခမ်းအနား ဖိတ်ကြားခြင်း

မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင် ဆရာတော်အသျှင် ဦးဥတ္တမ၏ (၇၄)နှစ်မြောက် ဦးဥတ္တမနေ့ ဂုဏ်ပြုသည့်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ ရန်ကုန်ရောက် ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ စုပေါင်းပါဝင်သော ဖြစ်မြောက်ရေးကော်မတီမှ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တိုင်းရင်းသားညီနောင်များနှင့်မိတ်ပြည်သူများ တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။(ရန်ကုန်ရောက် ရခိုင်သူ/သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်၍ ဂုဏ်ပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။)

နေ့ရက် - ၂၀၁၂ခုနှစ် စက်တင်ဘာ ၉ရက်(တနင်္ဂနွေ)
အချိန် - မွန်းလွဲ ၁း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ
နေရာ - မြန်မာကွန်ဗင်းရှင်းစင်တာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

ပျောက်ဆုံး

ကျွန်တော်မောင်မျိုးသက်နိုင်၏ Passport No-270786 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၀၂၅၄၁၆၀၇ သို့ ဆက်သွယ်ပေးပါရန်။

အမည်ပြောင်း

ကိုကိုးကျွန်းမြို့နေ ဦးအောင်နိုင်၏ သမီး မဖူးပွင့်ပိုင် ၁၂/ကကက(နိုင်)၀၀၁၄၀၈ တက္ကသိုလ်ဝင်တန်းအား ယနေ့မှစ၍ မမေသရဖီဖူးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေသရဖီဖူး

ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

၆-၆-၂၀၁၂ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၉၀၅၀ ဖြင့် ဒေါ်သဲသဲစိုး (ဘ) ဦးကျော်စိုးဝင်း ၁၂/ဒဂတ(နိုင်)၀၄၄၉၁၈ဖြင့် ပေးအပ်ထားသော G.P ကိုယ်စားလှယ်လွှဲစာအား ၂၈-၈-၂၀၁၂ရက်မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးကြည်သန်း
၁၂/လကန(နိုင်)၀၃၃၇၉၂
အမှတ်(၁၀၂၈)၊ ဓေယျာသိဒ္ဓိလမ်း၊
(၂၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရက်ပေါင်း ၉၆ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

တိုက်ကွမ်ဒိုအဖွဲ့ ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် Government to Government အစီအစဉ်အရ စက်တင်ဘာ ၄ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် တိုက်ကွမ်ဒို အတိုက်အားကစားနည်း ပူးတွဲလေ့ကျင့်ရန် အဖွဲ့ခေါင်းဆောင် အတွင်းရေးမှူး ဦးဇော်ဝင်း၊ အုပ်ချုပ်သူ ဒေါ်ဝါဝါထွန်း၊နည်းပြချုပ် ဦးကျော်သန်းဦး၊ အားကစားသမားအမျိုးသားကိုးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၁ ဦးပါဝင်သော တိုက်ကွမ်ဒိုအဖွဲ့သည် စက်တင်ဘာ ၃ ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်၊ တွဲဖက်အတွင်းရေးမှူး ဦးဖြိုးဇော်အောင်တို့ ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကြည်သိန်းက ပြိုင်ပွဲတွင် သတ္တမမှ စတုတ္ထအထိ ရရှိသူများအား ဆုကြေးငွေများကိုလည်းကောင်း၊ မလေးရှားနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ Mr. Anthony Tan က တတိယမှ ပထမအထိ ရရှိသူများအား ဆုကြေးငွေများကိုလည်းကောင်း ပေးအပ်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ဗိုလ်စွဲသွားသော ဝင်းဇော်ထွန်း(လယ်/ဆည်)၊ဒုတိယရရှိသော မြင့်ဟန် (ရန်ကုန်တိုင်းဒေသကြီး)နှင့် တတိယရရှိသော ဇော်ဝင်း(လယ်/ဆည်)တို့အား ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဗိုလ်စွဲသွားသော ဝင်းဇော်ထွန်း (လယ်/ဆည်)အား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။ယခုပြိုင်ပွဲတွင် လက်ရည်စစ်အောင်သူ ၁၃ ဦးသည် ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသွားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ ဘောလုံးအသင်း။

အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာလူငယ်အသင်း ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် အာဆီယံယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို မြန်မာလူငယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

မြန်မာယူ-၁၉အသင်းမှာ ရေရှည်စီမံကိန်းဖြင့် ကာလရှည်လေ့ကျင့်နေသည့်အသင်းဖြစ်ပြီး ဂျာမန်လူမျိုးနည်းပြ ဂတ်ဖရိုင်းဒရစ်က ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ယခုအသင်းကိုလည်း ၂၀၁၃ နှစ်ဆန်းပိုင်းမှစ၍ လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ကစားသမားများ အတွေ့အကြုံများရရှိစေရန်အတွက် MNL-2 ပထမတန်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ တတိယနေရာ ရရှိခဲ့သည်။ ကစားသမားများမှာ ပြည်တွင်းအတွေ့အကြုံအပြင် နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တရုတ်နိုင်ငံတွင် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၃ ရက်အထိ ကျင်းပခဲ့သော Wei Fang Cup ပြိုင်ပွဲကို မြန်မာယူ-၁၉ အသင်းအား ယှဉ်ပြိုင်စေခဲ့သည်။ အိမ်ရှင် တရုတ်၊ မြောက်ကိုရီးယား လူငယ်လက်ရွေးစင်အသင်းများအပါအဝင် တောင်အမေရိက၊ လက်တင်အမေရိက၊ ဥရောပမှ လူငယ်ကလပ်အသင်းများနှင့်အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာယူ - ၁၉ အသင်းမှာ အဆင့်(၆) နေရာ ရရှိခဲ့သည်။

မြန်မာယူ-၁၉ အသင်း၏ ယခုနှစ်အတွင်းအဓိကပြိုင်ပွဲဖြစ်သည့် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။ မြန်မာအသင်း ကျရောက်နေသောအုပ်စုမှာ မရဏအုပ်စုဖြစ်နေရာ ဆီမီးတက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ဘရူနိုင်းအသင်းသာ အနည်းငယ်ချောင်နေသည်။ အုပ်စု(က)တွင် ဩစတြေးလျ၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကမ္ဘောဒီးယားနှင့် တီမောတို့ ပါဝင်နေသည်။ မြန်မာယူ-၁၉ အသင်းမှာ ကာလရှည်လေ့ကျင့်ထားသော ကစားသမားများကို အခြေခံပြီး MNL မှ ခြေစွမ်းပြနေသည့် လူငယ်ကစားသမားအချို့နှင့် ပေါင်းစပ်ထားရာ အသင်းအင်အား တောင့်တင်းနေသည်ဟု ဆိုနိုင်ပေသည်။ ယခုပြိုင်ပွဲ၏ရလဒ်မှာ ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက်လည်း သက်ရောက်မှု ရှိနိုင်ပေသည်။

ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးခင်ထွန်း၊ နည်းပြချုပ်-ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ- ဦးညီညီလတ်နှင့် ဦးသန်းဝေ၊ ဂိုးသမား-မျိုးမင်းလတ်၊ ပြည့်လျှံအောင်၊ နောက်တန်း - ထိုက်ထိုက်အောင်၊ အောင်ဟိန်းစိုးဦး၊ ကျော်ကျော်စိုး၊ မျိုးကိုထွန်း၊ နောင်နောင်လတ်၊ မင်းကျော်ခန့်၊ ဟိန်းသီဟဇော်၊ အလယ်တန်း-ငြိမ်းချမ်းအောင်၊ဒေးဗစ်ရွှယ်ဖယ်လာ၊ ဇင်ဖြိုးအောင်၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ စည်သူအောင်၊ ဟိန်းနေဆန်း၊ ရှေ့တန်း-မောင်မောင်စိုး၊ သန်းပိုင်၊ အောင်သူနှင့် စောထီးအိုင်တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် **အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၀ ရက်တွင် မလေးရှား၊ ၁၂ ရက်တွင် အင်ဒိုနီးရှား၊ ၁၄ ရက်တွင် ဘရူနိုင်း၊ ၁၆ ရက်တွင် ဗီယက်နမ်၊ ၁၈ ရက်တွင် ထိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်** ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-စိုးညွန့်

ရောင်းချရန်ကြော်ငြာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဖျာပုံခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၂

မြဝတီဘဏ်လီမိတက် (၄င်းကိုယ်စား ဘဏ်မန်နေဂျာ ဦးမြင့်ဦး)	နှင့်	၁။ ဦးဟန်ဝင်း ၂။ ဒေါ်သန်းသန်းဝင်း
တရားနိုင်		**တရားရှုံးများ**

ဖျာပုံခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ် ၄၀/၂၀၁၁ အမှုတွင် အနိုင်ဒီကရီကျငွေ ၅၆၄၅၀၇၅၅ ကျပ် ၆၉ ပြားကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် နံနက် ၁၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ ကျုံကျိုက်ရွာ၊ အကွက်အမှတ် ၃၄/BE၊ ကျုံကျိုက်ကွင်း၊ ဦးပိုင်အမှတ် ၃၈၊ (မ/၁၁)၊ မြေဧရိယာ ဝဒသမ၆၁ ဧကရှိ ဦးဟန်ဝင်းအမည်ပေါက် စက်မှု(၁၀)နှစ်ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းဇာကျော်ဆန်စက် အမှတ်-၁၀၇၂ မြေနှင့် အဆောက်အအုံ၊ စက်ပစ္စည်းများ။

ကြမ်းခင်းဈေး ကျပ်သိန်း ၆၃၀။
လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရပါမည်။
(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကို ပယ်၍ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကြေပေးသွင်းရမည်။
(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ခင်မြင့်ချို
ဒုတိယခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပျောက်ဆုံးကြောင်း

မောင်အောင်ဇော်ဦး ၁၄/သပန(နိုင်)၀၀၂၇၀၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၅၀၀၂၆၇၉၂

ပိုင်ရှင်ကိုယ်တိုင်
အမြန်ရောင်းမည်
အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ
ပေ(၆၀×၁၆၀) မြေကွက်
အရှုပ်အရှင်းလုံးဝကင်းသည်
ဆက်သွယ်ရန်
ဖုန်း-၀၉-၄၂၀၀၇၁၄၉၆၊
၀၉-၄၉၃၁၄၆၃၁

အများသိစေရန်

[illegible]

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၃၉၃၃၃၊ ကမ်ဘို ၁၂၅ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းရွှေစိန် ၁၃/ကလတ(နိုင်)၀၀၀၃၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၁) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန
တွဲဖက်ပြည်နယ်ရုံး(လားရှိုး)

အများသိစေရန်

ကျွန်တော်ဦးကျင်ယုံ ၁၂/တမန(နိုင်)၀၈၁၃၆၈ ၏ ယာဉ်အမှတ် ၂C/၃၅၆၅၊ ဟွန်ဒါဖစ် အနက်ရောင်ကားနှင့် ၄င်း၏ စာရွက်စာတမ်းများ ၃-၉-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်နှင့် ၄င်းယာဉ်အား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၂၀၅၉၆၄၊
၀၉-၄၂၀၁၃၇၀၀၂၊
၀၉-၅၁၆၂၀၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ လူနေရပ်ကွက်အမှတ်(သမိုင်း)၊ မြေကွက်အမှတ်(၂၁/၄၃+၂၁/၄၅+၂၁/၃၂)၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၄ ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၃၃-A ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဦးဘိုးမြိုင်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာအမှတ် ၂၈၄၈/၂၀၁၃ အရ အမွေဆက်ခံရရှိထားသူ ၁။ဦးဇော်ဝင်း ၁၂/မရက(နိုင်)၀၁၉၄၃၃၊ ၂။ဒေါ်နီနီ(ခ)ဒေါ်ခင်တုတ် ၁၂/မရက(နိုင်)၀၁၉၄၁၃၊ ၃။ ဒေါ်မြင့်မြင့်စိန် ၁၂/မရက(နိုင်)၀၁၉၃၆၃ တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အင်ကြင်းပန်း ၉/မနမ(နိုင်)၁၁၀၆၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ကြော်ငြာ

မိဘပြည်သူများသို့ ပန်ကြားချက်

လူအဖွဲ့အစည်းတစ်ခုဖြစ်လာလျှင် စားဝတ်နေရေးလိုအပ်ချက်၊ ဆက်သွယ်သွားလာရေးလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်၊ လုံခြုံရေးလိုအပ်ချက်များရှိလာမည်ဖြစ်ပါသည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးမရှိလျှင် လုယက်အနိုင်ကျင့်မှုများ၊တရားမဲ့ခိုးဆိုး လူသတ်မှုစသည့် ရာဇဝတ်မှုများ မလွဲမသွေပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့များ၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများသာမက ရုံးများ၊ ယာဉ်များ၊ ရုံးသုံးပစ္စည်းစသည်များကို ထူထောင်ပေးရမည်ဖြစ်ပါသည်။ စားဝတ်နေရေး အပါအဝင် အခြားလိုအပ်ချက်များအတွက်လည်း ထိုနည်းတူ ဈေးများ၊ ဘဏ်များ၊ မီးသတ်များ၊ လမ်းတံတား၊ သုံးရေပေးစနစ်၊ ရေဆိုးမြောင်း၊အမှိုက်စွန့်ပစ်မှုစနစ်၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေးစနစ်စသည်ဖြင့် များမြောင်လှသောလုပ်ငန်းများကို ထူထောင်ပေးရတော့မည်။

ထိုများမြောင်လှသော လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ငွေကြေးရန်ပုံငွေ လိုအပ်တော့မည်ဖြစ်ပါသည်။ ထိုသို့အများအကျိုးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းများကို ထူထောင်ရန်၊ ကုန်ကျစရိတ်များကို ကျခံရန်အတွက် အခွန်ငွေပေးဆောင်ရန် ဥပဒေအရ တာဝန်ရှိသူများထံမှ ကောက်ခံခြင်းသည် အခွန်ကောက်ခံခြင်းပင် ဖြစ်ပါသည်။

အခွန်ကောက်ခံခြင်းသည် ပြည်သူမှလိုလားသော ကိစ္စများ၊ အများအတွက် အကျိုးပြုသည့်ကိစ္စများဆောင်ရွက်ရန် ကောက်ခံသောငွေဖြစ်၍ အခွန်ထမ်းဆောင်ရန် ဥပဒေအရတာဝန်ရှိသော လုပ်ငန်းရှင်များနှင့် ပြည်သူများက အခွန်ကိုကျေကျေနပ်နပ် ထမ်းဆောင်ပေးကြပါရန် မေတ္တာရပ်ခံပါသည်။ အခွန်ကောက်ခံမှုစနစ်တကျရှိရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်နေသည်များကိုလည်း မိဘပြည်သူများက အကြံဉာဏ်ကောင်းများပေးခြင်း၊ အကူအညီပေးခြင်းများဖြင့် ဝိုင်းဝန်းအထောက်အကူပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့၊ အမှတ် ၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်

ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများ၏ခံယူချက်

၁။ မိမိတို့သည် အများပြည်သူအကျိုးအတွက် သုံးရန်လိုအပ်သော အခွန်ငွေများကို မိဘပြည်သူများထံမှ စည်းစနစ်တကျ တွက်ချက်ကောက်ခံပါမည်။ မှန်မှန်ကန်ကန် တွက်ချက်ကောက်ခံခြင်းဖြင့် အခွန်ထမ်းနှင့် အခွန်ကောက်ခံရသော ဝန်ထမ်းတို့အကြား ယုံကြည်မှုကို တည်ဆောက်သွားပါမည်။

၂။ မိမိတို့သည် အခွန်ထမ်းပြည်သူအား အတတ်နိုင်ဆုံး ကောင်းအောင် ဝန်ဆောင်မှုပေးပါမည်။

၃။ မိမိတို့သည် အခွန်ထမ်းပြည်သူအား ဂရုတစိုက် ယဉ်ကျေးစွာ ဆက်ဆံပါမည်။

၄။ မိမိတို့သည် အခွန်ကောက်ခံရာတွင် မျက်နှာလိုက်ခြင်းမပြုဘဲ ဂတိလေးပါး ကင်းရှင်းစွာဖြင့် ပွင့်လင်းမြင်သာစွာ တာဝန်ကို ထမ်းဆောင်ပါမည်။

၅။ မိမိတို့သည် အခွန်ထမ်းပြည်သူ၏ မကျေနပ်ချက်နှင့် အယူခံလွှာများကို ၁၀ရက်ထက်ပို၍ မကြာစေဘဲ အမြန်ဆုံး လက်ခံစဉ်းစား၍ ဆုံးဖြတ်ချက်ကို ကြောင်းကျိုးဖော်ပြချက်နှင့်အတူ ပြန်ကြားပေးပါမည်။

အခွန်ထမ်းလုပ်ငန်းရှင်များ အခွင့်အရေး မနစ်နာစေရန် နှိုးဆော်ချက်

၁။ အခွန်ရုံးမှခေါ်လျှင် သွားတွေ့ပါ။ သွားမတွေ့ပါက မိမိပေးဆောင်ရန် သတ်မှတ်ထားသော အခွန်နှင့် ပတ်သက်၍ မိမိ၏ ပြောရေးဆိုခွင့်၊ ချေပခွင့် အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပါသည်။

၂။ မိမိက အခွန်ကြေညာလွှာမတင်ပါက (သို့မဟုတ်) အခွန်ရုံးကခေါ်သည်ကို မသွားပါက အခွန်ရုံးက တစ်ဖက်သတ် အခွန်စည်းကြပ်နိုင်ခွင့်ရှိသည်ဖြစ်ရာ မိမိအတွက် နစ်နာသွားမည်ဖြစ်ပါသည်။

၃။ မိမိမသွားရောက်ခြင်းဖြင့် အခွန်ရုံးအနေဖြင့် အခွန်ဥပဒေအရ မူလစည်းကြပ်ငွေအပြင် ဒဏ်ငွေ ထပ်တိုးနိုင်ပါသည်။ အခွန်ရှောင်ရန် ရည်ရွယ်သည်ဟုယူဆပါက တရားစွဲဆိုခံရဖွယ်ရှိပြီး မိမိလုပ်ငန်းသိက္ခာ၊ မိမိဂုဏ်သိက္ခာ ထိခိုက်နိုင်ပါသည်။

အခွန်ထမ်းလုပ်ငန်းရှင်များက ဖြည့်ဆည်းပေးရန် တာဝန်များ

၁။ အခွန်ကောက်ခံခြင်းသည် ပြည်သူတစ်ရပ်လုံး၏ ပြည်သူအကျိုးပြုလုပ်ငန်းများတွင် ကျခံသုံးစွဲရန် ကောက်ခံခြင်းဖြစ်ပါသဖြင့် အခွန်ကြေညာလွှာများကို အခွန်စည်းကြပ်နှစ်ကုန်ဆုံးပြီး နှစ်စဉ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက် ကာလအတွင်း မပျက်မကွက် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ပေးပို့ကြပါရန်။

၂။ အခွန်ထမ်းပြည်သူများကို မိမိအခွန်ဝန်ထမ်းများက ယုံကြည်မှုအပြည့်အဝဖြင့် ထိတွေ့ဆက်ဆံနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းတွင် အခွန်ထမ်း ပြည်သူတစ်ဦးချင်း၏ တုံ့ပြန်ချက်များ၊ စိတ်ချရမှု အနေအထားများကို မှတ်တမ်းတင်သွားမည်ဖြစ်ပါသည်။ အခွန်ဝန်ထမ်းများက လိုအပ်၍ မေးမြန်းသည့် အခွန်ဆိုင်ရာ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရှင်းလင်းဖြေကြားပေးကြပါရန်။

၃။ လုပ်ငန်းရှင်များက တာဝန်ပေးသည့် စာရင်းစစ်အဖွဲ့များသို့ စာရင်းအမှန်များ ပြည့်စုံစွာပေးအပ်ပြီး၊ ယုံကြည်စိတ်ချ အာမခံနိုင်သည့် စာရင်းရှင်းတမ်းဖြစ်စေရေးအတွက် အကူအညီပေးပါရန်။

၄။ စိစစ်ပြီး သတ်မှတ်ပေးသည့် ကျသင့်စည်းကြပ်ငွေများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လအတွင်း ပေးသွင်းခြင်းဖြင့် အခွန်တာဝန်ကျေသူ သူရဲကောင်းများအဖြစ် ခံယူကြပါရန်။

၅။ အခွန်ကျေပွန်သော အခွန်ထမ်းပြည်သူများ၏ တင်ပြချက်များ၊အကြံပြုချက်များကို အထူးအလေးအနက်ထား၍ ဖြေကြားခြင်း၊ တစ်ဦးချင်းထံ ပြန်ကြားခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်၍ ပြည်သူအတွက် အခွန်ကျေပွန်သော အခွန်ထမ်းများဖြစ်စေရေး ကြိုးစားပေးကြပါရန်။

၆။ အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ခဲ့သော ဝင်ငွေများကို မှတ်တမ်း အထောက်အထား ထုတ်ပေးပါမည်။ ထိုအထောက်အထားများကို ဝင်ငွေရလမ်း ဖော်ပြရာ၌ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

မြေအဆောက်အအုံ အရောင်းအဝယ်များ၌ အရပ်စာချုပ်ချုပ်ဆိုခြင်းနှင့် GP/SP များ ကိုင်ဆောင်လုပ်ကိုင်သူများ သတိပြုဖွယ်ရာ

ဥပဒေနှင့်အညီပြုလုပ်ပြီး မှတ်ပုံတင်ထားသော စာချုပ်များသာ အမှုနှင့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိအတွက် တရားရုံးများတွင် အားကိုးနိုင်မည်ဖြစ်ပါသည်။

General Power/Special Power များသည် လုပ်ပိုင်ခွင့် လွှဲပြောင်းပေးသူ သေဆုံးကွယ်လွန်ချိန်တွင် ပျက်ပြယ်သွားသည့် သဘောရှိသဖြင့်လည်းကောင်း၊ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးသူက အခြားသူတစ်ဦးကို အလားတူ GP/SP ထပ်မံ ထုတ်ပေးလျှင်လည်းကောင်း ရှုပ်ထွေးလာနိုင်သဖြင့် မြေ/အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ကြသည့် ကိစ္စများတွင် GP/SP ဖြင့် ဆောင်ရွက်ခြင်းမှာ စိတ်မချရပါ။ မြေ/အဆောက်အအုံ တရားဝင် အရောင်းအဝယ်စာချုပ်ကို မဖြစ်မနေချုပ်ဆိုပြီး မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားခြင်းသာလျှင် စိတ်ချရမည်ဖြစ်ပါသည်။

မြေ/အဆောက်အအုံ အရောင်းအဝယ်စာချုပ်များတွင် တံဆိပ်ခေါင်းခွန် အပြည့်အဝကပ်ရပါမည်။ တံဆိပ်ခေါင်းခွန် အပြည့်အဝကပ်ထားခြင်းမရှိသည့် အရောင်းအဝယ်စာချုပ်သည် တရားဝင်အထောက်အထားတစ်ခု မဖြစ်နိုင်ပါ။

အိမ်ခြံမြေ ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းအစီအစဉ်

အိမ်ခြံမြေ ဝယ်ယူသူများသည်-

- တန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ ၆၂၊ ပန်းဆိုးတန်းလမ်း၊ လောကနတ်ခန်းမ မျက်နှာချင်းဆိုင်သို့လည်းကောင်း (သို့မဟုတ်) မြို့နယ်အခွန်ရုံးများသို့လည်းကောင်း၊ မိမိဝယ်ယူမည့် အိမ်ခြံမြေ၏ မြေပုံ မြေရာဇဝင်မိတ္တူ၊ ဂရန်မိတ္တူ၊ အိမ်အရောင်းအဝယ်စာချုပ်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ မြေအိမ်ကို ရှေ့ပုံ၊ နောက်ပုံ၊ ဘေးမှ ရိုက်သည့်ပုံဟူသော ဓာတ်ပုံသုံးပုံတို့ကို တင်ပြလျက် ကာလတန်ဖိုးသတ်မှတ်မှု ခံယူရပါမည်။
- တန်ဖိုး သတ်မှတ်ပြီးပါက အဆိုပါတန်ဖိုးကို ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ အကြောင်းကြားထားမည်ဖြစ်သဖြင့် ဆိုင်ရာမြို့နယ်အခွန်ရုံးတွင် သွားရောက်စုံစမ်းပြီး မြေဝယ်ယူသူများအတွက် သတ်မှတ်ပေးသော တန်ဖိုး၏ ၇ ရာခိုင်နှုန်းကို တံဆိပ်ခေါင်းခွန်ပေးဆောင်ရပါမည်။
- ဝင်ငွေရလမ်းဖော်ပြနိုင်သော ဝင်ငွေသည် ထိုအိမ်ခြံမြေတန်ဖိုးကို ကာမိပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုပါ။
- ဝင်ငွေရလမ်း ဖော်ပြနိုင်သော ဝင်ငွေသည် သတ်မှတ် အိမ်ခြံမြေ တန်ဖိုးကို ပြည့်မီခြင်းမရှိပါက ထိုလိုအပ်သော ငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် ပေးဆောင်ရပါမည်။
- ဝင်ငွေရလမ်းဖော်ပြနိုင်သော ဝင်ငွေမရှိပါက ထို အိမ် ခြံမြေ သတ်မှတ်တန်ဖိုးတစ်ခုလုံး၏ ၃၀ ရာခိုင်နှုန်းကို ဝင်ငွေခွန်ပေးဆောင်ရပါမည်။
- ထိုသို့ပေးဆောင်ပြီးပါက အမည်ပေါက်ဆောင်ရွက်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ပါသည်။

အိမ်ခြံမြေ ရောင်းချသူများသည်-

- မိမိမူလကဝယ်ယူခြင်း၊ လွှဲယူခြင်းပြုလုပ်စဉ်က ဝင်ငွေခွန်/အမြတ်ခွန်ပေးဆောင်ပြီးပိုင်ဆိုင်ခဲ့ခြင်းဖြစ်လျှင် အဆိုပါမူလတန်ဖိုးနှင့် လက်ဝယ်ရှိစဉ် ပြင်ဆင်မွမ်းမံသည့် ကုန်ကျစရိတ်တို့ကိုမြို့နယ်အခွန်ရုံးသို့တင်ပြလျက် ထိုအိမ်ရောင်းချစဉ် မည်မျှမြတ်စွန်းသည်ကို တွက်ချက်စေရပါမည်။
- မြတ်စွန်းငွေမရှိပါက ဝင်ငွေခွန် ပေးဆောင်ရန်မလိုပါ။
- မြတ်စွန်းငွေရှိပါက အဆိုပါမြတ်စွန်းငွေ၏ ၁၀ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ်ပေးဆောင်ရပါမည်။

အမည်ပြောင်း

ဦးကျန်အောင်ဝင်း ၉/မနမ(နိုင်) ဝ၈ဝဝ၇၂ ၏သား မန္တလေးမြို့၊ တော်ဝင်မြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဥ္စမတန်းမှ မောင်ဝင်းမြင့်ဦးအား ယနေ့မှစ၍ မောင်ရှင်းမြတ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရှင်းမြတ်အောင်

အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း တန်းခွဲ (C)မှ ခွန်ညွန့်မောင်၏ အမည်မှန်မှာ ခွန်မောင်ညွန့် ၁၃/ဟပန(နိုင်)ဝ၇၄၂၉၂ ဖြစ်ပါကြောင်း။

ခွန်မောင်ညွန့်

အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အထက-၂၊ တက္ကသိုလ်ဝင်တန်း တန်းခွဲ(B)မှ နန်းဝတ်ရည်ဖြိုး၏ အမည်မှန်မှာ နန်းမလှဝင်း ၁၃/ဟပန(နိုင်)ဝ၇၃၈၄၇ ဖြစ်ပါကြောင်း။

နန်းမလှဝင်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရွှေကူမြို့နယ်အတွင်း တရားမဝင်သယ်ဆောင်သည့်နွားများဖမ်းဆီးရမိ

ရွှေကူ စက်တင်ဘာ ၄

ရွှေကူမြို့နယ်အတွင်း တရားမဝင် ကျွဲ၊ နွားမှောင်ခို သယ်ဆောင်မှု ပပျောက်ရေး စီမံချက်ဖြင့်ဆောင်ရွက်လျက်ရှိရာ သတင်းအရ ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမောင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စက်တင်ဘာ ၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်မြင့်နိုင် ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ ရွှေကူမြို့နယ် စီသောင်ကျေးရွာ နန့်ကျလီချောင်း အနီးတွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာနေဝေမင်းနှင့်မဘိမ်းမြို့နယ် မံကင်ကျေးရွာနေ မောင်ညိုတို့သည်

နွားထီးလေးကောင်၊ နွားမသုံးကောင် ကာလ တန်ဖိုးငွေကျပ် ၂၂ သိန်းခန့်ကို သယ်ဆောင်မောင်းနှင်လာသည်ကို တွေ့ရှိရပ်တန့်စစ်ဆေးရာ သယ်ဆောင်ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် တရားမဝင် မှောင်ခို သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိရ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး တရားမဝင်မှောင်ခိုနွားများသယ်ဆောင်လာသူ ဝေမင်းနှင့်မောင်ညိုတို့အပေါ်အရေးယူပေးပါရန် ဒုရဲအုပ်မြင့်နိုင်ကတရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ရွှေကူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝေမင်းနှင့် မောင်ညိုတို့၏ ထွက်ဆိုချက်အရ ဝေမင်း၏ ယောက္ခမတော်စပ်သူ ဦးခိုင်ဦး၊ ကုန်းတိမ်ကျေးရွာ မန်စီမြို့နယ်နေသူမှ ဝယ်ယူခိုင်းပြီး မောင်ညိုအား အခကြေးငွေဖြင့် ပို့ဆောင်ပေးရန် တွဲခေါ်လာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် နွားဝယ်ယူခိုင်းသူ ဦးခိုင်ဦးအားဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်ရဲတပ်ဖွဲ့**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကလေးသူငယ်များ အဓမ္မမှုမဖြစ်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေး

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ အရွယ်မရောက်သေးသော ကလေးသူငယ်များ အဓမ္မမုဒိမ်းမှုမဖြစ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် ည ၈ နာရီကကျင်းပရာ မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်သက်ဝေနှင့်နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းကိုတို့က အရွယ်မရောက်သေးသော ကလေးသူငယ်များ အဓမ္မမုဒိမ်းမှုဖြစ်လာရခြင်း၏အကြောင်းရင်းကို လေ့လာသုံးသပ်ကြည့်ပါက ကလေးသူငယ်တစ်ယောက်တည်း လွယ်လင့်တကူသွားလာနေထိုင်ခြင်း၊ တစ်ဖက်လူက စားဝတ်နေရေးကို အကြောင်းပြပြီး အခွင့်ကောင်းယူ၍ ဖြားယောင်းသွေးဆောင်မှုကို လက်ခံယုံကြည်လွယ်ခြင်း၊ အုပ်ထိန်းသူ မိဘများဘက်ကလည်း မိမိ၏ ရင်သွေးများကို အလိုလိုက်၍ တစ်ယောက်တည်းလွှတ်ပေးထားခြင်းစသည်ဖြင့် လေ့လာသုံးသပ်မိပါကြောင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဝန်ထမ်းများကလည်း အချိန်နှင့်တစ်ပြေးညီ နယ်မြေလုံခြုံရေးအတွက် နေ့/ည မပြတ် လှည့်ကင်း၊ ကင်းပုန်းများ စဉ်ဆက်မပြတ် တာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသိပညာပေးဟောပြောပြီး (၉၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးလှကြည်ကလည်း မိမိတို့ရပ်ကွက်ရှိ မြို့မိမြို့ဖပြည်သူများဘက်ကလည်း မိမိတို့နယ်မြေအခြေအနေထူးခြားမှုသတင်း၊ မသင်္ကာစရာများတွေ့ရှိပါက သက်ဆိုင်ရာနှင့်ပူးပေါင်း၍ မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းသို့ ချက်ချင်းအကြောင်းကြားလျှင် ဒုစရိုက်မှုခင်းများ လျင်မြန်စွာဖော်ထုတ်ကျဆင်းနိုင်မည်ဖြစ်ကြောင်း အသိပညာပေးဟောပြောကြောင်း သိရသည်။ **(ဝ၈၁)**

သုံးခွမှ ဓာတ်တိုင်များ မီးလင်းစေချင်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ပေါ်တွင် ရပ်ကွက် ပေါင်း၁၂ ရပ်ကွက်ရှိပြီး မင်းရဲကျော်စွာလမ်းမကြီးသည် အမှတ်(၂) ရပ်ကွက်၌ တည်ရှိ၍ ထိုလမ်းမကြီးဘေးဝဲယာတွင် ပြည်သူ့ဆေးရုံ၊ မြို့မရဲစခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုးကုတ်ဝိပဿနာတရားရိပ်သာတို့ တည်ရှိသည်။ ထိုလမ်းမကြီးရှိ ဓာတ်တိုင်များမှာ မီးချောင်းများရှိသော်လည်း မီးမလာသည်မှာ ကြာပြီဖြစ်သည်။ လမ်းမီးများမှ အလင်းရောင်မရရှိသဖြင့် ဈေးသူဈေးသား၊ အလုပ်သမားများ၊ ကျောင်းသား ကျောင်းသူများ ထိုလမ်းကို အသုံးပြုသွားလာနေသူများမှာ အမှောင်ထဲမှချိုင့်များ မမြင်နိုင်သည့် လမ်းမကြီးဘေးရှိ မြက်ပင်ချုံပင်များမှ သတ္တဝါများ၏ အန္တရာယ်ကိုလည်း ဂရုပြု ရှောင်ရှားနေရသည်။ သို့ဖြစ်ပါ၍ ထိုလမ်းကိုအသုံးပြုသွားလာနေသူ အများပြည်သူများက လမ်းမီးများကို အမြန်ဆုံးလင်းရန်လိုလားနေကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

Citizens and Democracy အခြေခံသင်တန်းအခမဲ့ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၄

ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျူမှ အများပြည်သူအတွက် အသိပညာမြှင့်တင်မှုလုပ်ငန်းများကို အစဉ်အမြဲလုပ်ဆောင်လျက်ရှိနေရာတွင် Citizens and Democracy အမည်ခေါင်းစဉ်ဖြင့် အခြေခံသင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေးသဘောတရားများနှင့်ရှေးဟောင်းသုတေသနဘာသာရပ်များ၊ နိုင်ငံရေးဆက်စပ်မှု သဘောတရားများကို သင်ကြားပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရကာ တက်ရောက် သင်ကြားဆွေးနွေးကြမည့် သူများအနေဖြင့် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့်အချိန်ပြည့် တက်ရောက်နိုင်ကြရမည်ဖြစ်ကြောင်းလည်းသိရသည်။ တက်ရောက်သင်ကြားဆွေးနွေးကြရမည့်သူများအနေဖြင့် လူဦးရေ အကန့်အသတ်ထားရှိသောကြောင့် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထားလျှောက်ထားကြရမည်ဖြစ်ပြီး အမှတ် (၉၃) ပထမထပ် ဆိပ်ကမ်းသာလမ်း (အောက်လမ်း) ကျောက်တံတားမြို့နယ်နှင့် ဖုန်း ဝ၉-၄၂၀၁၀၇၄၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျူမှ စုံစမ်းသိရသည်။

စိုးဝင်း(SP)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
နေပြည်တော်

လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာ တင်သွင်းရန် ကြေညာချက်(၁/၂၀၁၃)

၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၁၃ ခုနှစ် စက်တင်ဘာ ၂ ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၃ခုနှစ်အတွက် ခွင့်ပြုထားသောလက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ကြောင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **၂၀၁၄ ခုနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း။**
လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုသူများသည် ၂၀၁၃ခုနှစ် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများတင်သွင်းရပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ**
(၁) လုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များ ပြန်လည်အပ်နှံကြရန်ဖြစ်ပါသည်။
(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသောအရောင်းပြေစာစာအုပ်(CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းလိုင်စင် ရပ်စဲခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဘားအံ)

ပရိဘောဂဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ်(ဘားအံ)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Plastic Chair (Armless)	37 လုံး
(၂)	Plastic Chair (Armed)	41 လုံး
(၃)	File Shelf	20 လုံး
(၄)	Computer Table	30 လုံး
(၅)	Lab Table (8× 4)	20 လုံး
(၆)	Officer table (L=6' B=4' H=2 ' 6")	20 လုံး
(၇)	Book Case	20 လုံး
(၈)	Cabine (Leeco 4 Drawers) 3× 6	5 လုံး
(၉)	ဖိုင်တင်စင် (Leeco/taiyo/standard)	20 လုံး
(၁၀)	လက်တင်ပါကုလားထိုင်	20 လုံး
(၁၁)	သစ်သားဆက်တီ	1 set
(၁၂)	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	50 လုံး
(၁၃)	သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာ၊ ကနုတ်ပန်းပါ)	10 လုံး
(၁၄)	စကားပြောစင်	3 လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၉-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း-ဝ၉-၅၆၆၁၁၀၈၊ ဝ၉-၃၁၄၈၈၇၉၂၊ ဝ၉-၃၁၄၈၈၇၉၃၊ ဝ၉-၃၁၄၈၈၇၉၄
ကွန်ပျူတာတက္ကသိုလ်(ဘားအံ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်း လုပ်ငန်းသုံးယာဉ်ယန္တရားများအတွက် လိုအပ်သောဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-ဝ၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Under ground Cable
(၂) Under frequency Panel

တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-ဝ၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ မြင်းခြံဒေသတွင် တည်ဆောက်မည့် သဘာဝဓာတ်ငွေ့သုံး တာဘိုင်နှင့် သံမဏိစက်ရုံသို့ သဘာဝဓာတ်ငွေ့ပေးပို့ရန် လိုအပ်မည့်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ဖိအားထိန်းချုပ်ဖြန့်ဖြူးရေးစခန်းသုံးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-ဝ၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

5-9 (15).pmd 1 9/3/2013, 7:11 AM

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာ ဆရာမများကို ထောက်ပံ့ငွေချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများကို နိုင်ငံတော်က လစဉ် ထောက်ပံ့ငွေချီးမြှင့်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့မှ သိရသည်။အဆိုပါ လစဉ်ထောက်ပံ့ကြေးငွေကို ဩဂုတ် ၉ ရက်က တရားဝင်ခွင့်ပြုမိန့်ကျလာပြီး သာသနာရေးဝန်ကြီးဌာနအောက်ရှိ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ကူညီထောက်ပံ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုစုပေါင်း ၁၉၅ ကျောင်းရှိပြီး မူလတန်း ၁၃၈ ကျောင်း၊ မူလတန်းလွန် ၄၈ ကျောင်းနှင့်အလယ်တန်း ကိုးကျောင်းတို့ရှိပြီး မူလတန်းပြဆရာ ဆရာမများကို လစဉ်ထောက်ပံ့ကြေးငွေကျပ် ၃၆၀၀၀၊ မူလတန်းလွန်နှင့်အလယ်တန်းပြ ဆရာ ဆရာမများကို လစဉ်ထောက်ပံ့ကြေးငွေကျပ် ၄၁၀၀၀ ထောက်ပံ့ပေးမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုတွင် မူလတန်းပြ ဆရာမ၁၀၆၈ဦးရှိပြီး မူလတန်းလွန်နှင့် အလယ်တန်းတွင် ဆရာ ဆရာမ ၃၇၀ တို့ရှိသဖြင့် စုစုပေါင်း ဆရာ ဆရာမ ၁၄၅၆ ဦးကို တစ်လလျှင် နိုင်ငံတော်ကငွေကျပ်၅၄၂၆၆၀၀၀၀ လစဉ် အကုန်အကျခံ ထောက်ပံ့ပေးမည်ဖြစ်သည်။

"အခုလိုနိုင်ငံတော်က ကူညီထောက်ပံ့လိုက်တော့ ဘုန်းဘုန်းတို့ အလွန်ဝမ်းသာတယ်။ ဘုန်းဘုန်းတို့ ဒီပညာသင်ကျောင်းတွေကို ၁၉၉၃-၁၉၉၄ ပညာသင်နှစ်က စတင်လုပ်ခဲ့တာ။ အခုဆိုရင် ၁၀ နှစ်တောင်ရှိပြီ။ ဘုန်းဘုန်းတို့ ကိုယ့်အားကိုယ်ကိုးနဲ့ ဆရာ ဆရာမတွေကို ကူညီထောက်ပံ့ပေးခဲ့တယ်။ ခုလိုဆိုတော့ သူတို့လစာ ပိုများသွားတာပေါ့။ ဒီမှာသင်တဲ့ ဆရာ ဆရာမတွေအများစုက ဒီအနီးအနားက ဘွဲ့ရပညာတတ်တွေများတယ်။ အထူးသဖြင့် ကလေးတွေကို ပညာပါရမီဖြည့်ချင်တဲ့ သူတွေပေါ့။ ကျောင်းအုပ် ဆရာတော်ကြီးတွေ၊ ကျောင်းအုပ် သီလရှင်ဆရာကြီးတွေနဲ့ ဆရာ ဆရာမတွေက အခုလို ကူညီလို့ နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်နေကြတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်က မိန့်ကြားခဲ့သည်။

ယခင်က ဆရာ ဆရာမများကို ဘုန်းတော်ကြီး ကျောင်းများက တတ်အားသရွေ့ ကူညီထောက်ပံ့ပေးခဲ့သော်လည်း ယခုအခါ နိုင်ငံတော်ကပါ အခုလို ထပ်မံကူညီထောက်ပံ့လိုက်သည့်အတွက် မြန်မာနိုင်ငံရှိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးမှာ ယခင်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယားနှင့် သီရိလင်္ကာနိုင်ငံတို့တွင်လည်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စိန်လွင်အောင်(မြန်မာ့အလင်း)

မုဒုံမြို့နယ်တွင် ဆင်ဆာမဲ့ဗီဒီယိုခွေများ ဖမ်းဆီး

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မုဒုံမြို့နယ် သိမ်းကုန်းကျေးရွာ ကမာဝက်ဈေးအတွင်းတွင် ဗီဒီယိုခွေများရောင်းချနေသည့် ဒေါ်ရင်ရွှေ(၆၁ နှစ်)ထံမှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း ဒီဗွီဒီခွေအချပ် ၆၀ နှင့်ဗွီစီဒီခွေ ၁၉ ချပ် စုစုပေါင်း၇၉ခွေနှင့် ငွေကျပ် ၃၇၅၀ တို့ကို တွေ့ရှိသဖြင့် ဩဂုတ် ၂၈ရက် နံနက်၉နာရီခွဲခန့်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မုဒုံမြို့နယ် ကမာဝက်ရဲစခန်းက ဒေါ်ရင်ရွှေကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **လ/၀၁၂**

မုတ္တမတောင်တန်းများတွင် အဆင့်မြင့်ဟိုတယ်များ တည်ဆောက်သွားမည်

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ကမ်းနားလမ်းရှိ Strand Hotel အစည်းအဝေးခန်းမ၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်များအသင်းနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုပိုမိုများပြားလာသဖြင့် မွန်ပြည်နယ်သို့လည်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုပိုမိုများပြားလာသောကြောင့် မွန်ပြည်နယ်အတွင်းရှိ ဟိုတယ်များအနေဖြင့် အဆင့်မီ သန့်ရှင်းသပ်ရပ်စွာ တိုးချဲ့သွားကြရန်၊ ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော် မြတ်ရှိ ဟိုတယ်များတွင် ဘုရားဖူးကမ္ဘာလှည့်ခရီးသည်များနှင့်ဧည့်သည်များ တည်းခိုရာတွင် နေရာထိုင်ခင်းလုံလောက်မှုမရှိသဖြင့်ဟိုတယ်များကို တည်ဆောက်ရန် စိတ်ဝင်စားပါက ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း စသည်ဖြင့် ပြောကြားသည်။

၎င်းနောက် ဦးထင်အောင်ကျော်က မုတ္တမမြို့နယ်ရှိ မုတ္တမ တောင်တန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀ တွင် တည်ရှိပြီး သဘာဝပတ်ဝန်းကျင်ရှုခင်းများ၊ သမိုင်းဝင်စေတီပုထိုးများကို ဖူးမြော်ကြည်ညိုနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ပြီး ၎င်းတောင်ကုန်းတွင် ဟိုတယ်၊ ဧည့်ဂေဟာများ တည်ဆောက်ရန်အစီအစဉ်ရှိသဖြင့် ဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ကူညီဆောင်ရွက်ပေးနိုင်မှုအခြေအနေကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အဓိကအရေးကြီးသည်မှာ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ သောက်သုံးရေရရှိမှုနှင့် လျှပ်စစ်မီးရရှိရေးတို့သည် အဓိက အရေးပါကြောင်း၊ ၎င်းလမ်းပြုပြင်ရာတွင် အစိုးရအဖွဲ့၏ ဘတ်ဂျက်သို့မဟုတ် စည်ပင်ဘတ်ဂျက်ရှိ၊ မရှိအခြေအနေ၊ အခြားသောနည်းလမ်းများအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြပေးမည်ဖြစ်ပြီး လုပ်ငန်းရှင်များက တည်ဆောက်မည့်ပုံကြမ်းကို မိမိဝန်ကြီးဌာနရုံးသို့ပေးပို့၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

လ/၀၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မန္တလေးနည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်ရန်ရှိပါသည်။

အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရွန်နစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ဆျူကလီးယားအင်ဂျင်နီယာ
(ဈ) ဗိသုကာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို (၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ် စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့ကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့သုတေသန ဆက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ တင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ (M.E/M.Arch.)၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့ (M.S) (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ် တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်၊ ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက် (တနင်္လာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ၂၄-၉-၂၀၁၃ရက် (အင်္ဂါနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီး၊ မန္တလေး၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၆-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ
၂၇-၉-၂၀၁၃ ရက် (သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

၇။ လူတွေ့ နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ရက် (သောကြာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ၀၉-၂၀၁၆၅၀၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ် အောက်တိုဘာ ၇ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်-

အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/ Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(င) မက္ကာထရွန်နစ်အင်ဂျင်နီယာ
(စ) ဓာတုအင်ဂျင်နီယာ
(ဆ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဇ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ဈ) ရေနံအင်ဂျင်နီယာ
(ည) သတ္တုဗေဒအင်ဂျင်နီယာ
(ဋ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို (၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ်၊ စုစုပေါင်း(၃)နှစ်သင်တန်း ဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့သုတေသန ဆက်လုပ်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူတင်ပြနိုင်ရမည်။)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ) မဟာဘွဲ့ M.E./ M.Arch (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူ ဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြနိုင်သူ ဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့် ဆေးရုံမှဆရာဝန်၏ ထောက်ခံချက် လက်မှတ် တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သော တက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက် (တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ရက် (သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက ၂၄-၉-၂၀၁၃ရက် (အင်္ဂါနေ့)တွင် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၆-၉-၂၀၁၃ ရက် (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ
၂၇-၉-၂၀၁၃ ရက် (သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	၉း၀၀ နာရီမှ ၁၂း၀၀ နာရီ

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ရက် (သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်း-၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အမည်ပြောင်း ဦးကွန့်၏သား ရွှေဘိုမြို့ ရွှေပြည်တန်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဆုမြတ်ဆွဲလဲအား ယနေ့မှစ၍ မောင်ဆုမြတ်ဆည်းလည်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဆုမြတ်ဆည်းလည်း**

ဖခင်အမည်မှန် ကျွန်းလှမြို့၊ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်သက်မင်းညိုနှင့် ဒုတိယတန်းမှ မမြတ်နှင်းဝေတို့၏ဖခင်အမည်မှန်မှာ မောင်စိုးတင့် ၅/ကလန(နိုင်)၀၃၅၁၁၂ ဖြစ်ပါသည်။ **မောင်စိုးတင့်**

အမည်ပြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ မြေဖွန်းကျေးရွာ၊ တွဲဖက်အလက ပဥ္စမတန်းမှ မဖူးပွင့်သွယ် (ဘ)ဦးအောင်ခန့်အား ယနေ့မှစ၍ မရွှန်းလဲ့မေဦးဟု ပြောင်းလဲခေါ်ပါရန်။ **မရွှန်းလဲ့မေဦး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မူးယစ်ဆေးဝါးနှင့်တရားမဝင်အိမ်သုံးဆေးဝါးများ၏အန္တရာယ်များ၊ ပြစ်မှု ပြစ်ဒဏ်များဆိုင်ရာဟောပြော

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၅) ယန်းခမ်းလရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် မူးယစ်ဆေးဝါးနှင့် တရားမဝင် အိမ်သုံးဆေးဝါးများ၏ အန္တရာယ်များ၊ ပြစ်မှုပြစ်ဒဏ်များဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ**(ယာပုံ)** ကျိုင်းတုံမူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်ပေါလင်းငယ်ငယ်က မူးယစ်ဆေးဝါးနှင့် တရားမဝင်အိမ်သုံးဆေးဝါးများ၏ အန္တရာယ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ကျိုင်းတုံလူကုန်ကူးမှုတားဆီးကာကွယ်ရေး(အထူး)တပ်စုမှ ရဲအုပ်မီမီကိုက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာအကြောင်းကို လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်ဇေယျက ယာဉ်/လမ်း စည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို လည်းကောင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ကိုရဲ)**

ရွှေမန်းသူအဝေးပြေးယာဉ်လိုင်းမှ ရိုးသားယာဉ်လုပ်သားများအား စာရိတ္တဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၄

ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်၏ ရွှေမန်းသူအဝေးပြေးယာဉ်လိုင်း ဩဂုတ် ၁၅ ရက် ရန်ကုန်-တောင်ကြီး ခရီးစဉ် ယာဉ်အမှတ် ၁ဂ/၆၈၂၈ ခုံအမှတ် (၉)တွင် စီးနင်းလိုက်ပါလာသော ခရီးသည်တစ်ဦးသည် ယာဉ်ပေါ်တွင် ခရီးဆောင်အိတ်တစ်လုံး မေ့ကျန်ခဲ့သည်။

ယင်း မေ့ကျန်အိတ်အတွင်း နားကပ်လေးရန်၊ လက်စွပ်တစ်ကွင်း၊ ဆွဲပြားလေးခု၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ငွေသားကျပ် ၈၄၀၀၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် သိန်း ၂၀ ခန့်ကို ယာဉ်ပေါ်ပါ တာဝန်ရှိသူက ပိုင်ရှင်ဖြစ်သူထံ တောင်ဥက္ကလာပမြို့နယ် ပါရမီဝင်းအတွင်းရှိ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ဩဂုတ် ၂၂ ရက်က မကွေး-ရန်ကုန် ခရီးစဉ်ပြေးဆွဲနေသော ယာဉ်အမှတ်၂ဂ/၆၀၉၉ ခုံအမှတ် (၂၃) တွင် လိုက်ပါလာသည့် ခရီးသည်တစ်ဦး ယာဉ်ပေါ်၌ မေ့ကျန်ခဲ့သော ငွေကျပ် လေးသိန်းပါ ပိုက်ဆံအိတ်ကို ပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံခဲ့သည်။

ပိုင်ရှင်များသို့ မေ့ကျန်ပစ္စည်းများ ပြန်လည်အပ်နှံခဲ့သော ရွှေမန်းသူယာဉ်လိုင်းမှ ရိုးသားသောယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ရွှေမန်းသူ ယာဉ်လိုင်းတာဝန်ရှိသူတို့က စာရိတ္တဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆွေဆွေနိုင်(သတင်းစဉ်)

လှိုင်သာယာ၌ ပဉ္စမအကြိမ် ဖုန်းကတ်ချထားပေး

ရန်ကုန် စက်တင်ဘာ ၄

လှိုင်သာယာမြို့နယ်မှ GSM ဆင်းကတ် ၁၂၀၀ ကို ခွဲတမ်းဖြင့်ချပေးခဲ့ရာ ပဉ္စမအကြိမ်အဖြစ် GSM ၈၂ ကတ်တို့ကို မဲစနစ်ဖြင့် အများပြည်သူရှေ့တွင် မဲနှိုက်ပေးခဲ့သည်။

ဩဂုတ် ၂၇ ရက် နံနက် ၈နာရီက အမှတ်(၇)ရပ်ကွက် သောင်ကြီးဘုန်းတော်ကြီးကျောင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောဝင်းနှင့် ရပ်ကွက်ရုံးမှ တာဝန်ရှိသူများက အိမ်ထောင်စု ၃၉၉၆စုမှ ဖုန်းဆင်းကတ် လျှောက်ထားသူ ၂၄၄၂ ဦးကို ပဉ္စမအကြိမ်အဖြစ် မဲနှိုက်ပေးခဲ့ပြီး ရပ်ကွက်အတွင်းမှတန်ဖိုးနည်းဆင်းကတ် ၁၂၄၆ လုံးပေါက်ပြီးဖြစ်သော်လည်း မဲမပေါက်သေးသော ရပ်ကွက်သူ ရပ်ကွက်သားများအမြင်တွင်GSMဆင်းကတ် ငွေကျပ် ၁၅၅၀၀၀၊ CDMA ငွေကျပ် ၈၀၀၀၀ မှဝယ်ယူနိုင်သောကြောင့် တန်ဖိုးနည်းဆင်းကတ်များကို အားကိုးအားထားမျှော်လင့်ကြခြင်းဖြစ်သည်။ **သန်းထိုက်**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

တောင်ငူမြို့နယ်အတွင်းရှိ စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

တောင်ငူ စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မိုးခေါင်းကျေးရွာရှိ လုပ်ငန်းရှင် ဦးသန်းမြင့်၏ ပေါင်းစည်းလယ်ယာ စပါးခင်းဧက ၂၀၀ အတွင်းသို့ ဩဂုတ် ၃၀ ရက် နံနက်က တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ ငါးဖမ်းမ၊ ရေချိုငါးသလောက်နှင့် ငါးသိုင်းခေါင်းပွအကောင်ရေ စုစုပေါင်း ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်လိုက်ကြသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားသို့ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းတင်၊ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဇော်မင်းနှင့်ဌာနဆိုင်ရာများ၊ ကျေးလက်ပြည်သူများ၊ ဖိတ်ကြားထားသည့်သူများ တက်ရောက်ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **(၁၁၅)**

ဆိပ်ကမ်းမြို့နယ်၌ အမျိုးသမီးငယ်များ အကြမ်းဖက်ခြင်း ကာကွယ်ရေးဟောပြော

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ပြည်သူများအား အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များ အကြမ်းဖက်ခြင်းမှ ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ရဲရိပ်သာရပ်ကွက်အတွင်းရှိ ဓမ္မာရုံ၌ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ရဲမှူးခင်မောင်သန်းက ယခုနှစ်အတွင်း သက်ငယ်မုဒိမ်းကျင့်ခံရမှုမှာ ယခင်ထက် ပိုမိုများပြားလာသည့်အလျောက် အပြစ်ပေးအရေးယူ ဖော်ထုတ်နိုင်မှုများသည်လည်း တာဝန်သိပြည်သူများက သက်ဆိုင်ရာနှင့် လက်တွဲပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းနှင့် ယခုလိုသက်ကြီး၊ သက်လတ်နှင့် သက်ငယ်ပါမကျန် ပြည်သူအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါမှ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

စိန်လွင်အောင်(မြန်မာ့အလင်း)

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၂)အကြီးစားစက်ရုံ
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)၏ ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Auxiliary Material (19) Items
(ခ) Tools & Grinding Wheel (41) Items
(ဂ) စာရေးကိရိယာ (14) Items
(ဃ) လျှပ်စစ်ပစ္စည်း (4) Items

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၆-၉-၂၀၁၃ရက်မှ ၂၃-၉-၂၀၁၃ရက်အထိ
တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် - ၂၇-၉-၂၀၁၃ ရက် ၁၂:၃၀ နာရီ
တင်ဒါစိစစ်မည့်နေရာ - အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၂)အကြီးစားစက်ရုံ (ထုံးဘို)တွင် ၅-၉-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၄၉၅၀၁၄၁၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၁၂)အကြီးစားစက်ရုံ (ထုံးဘို)

ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ထက်အောင်၏ ပိုက်ဆံအိတ်နှင့်တကွ မှတ်ပုံတင် ၁၂/မဂတ(နိုင်)၀၉၇၂၃၈ ယာဉ်မောင်းလိုင်စင်၊ သော့နှင့် အခြားသော အဖွဲ့ဝင်ကတ်များသည် ၃၁-၈-၂၀၁၃ရက် နံနက်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ကောက်ရမိပါက ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်။

ဆက်သွယ်ရန် - အမှတ် ၂၅၊ ၉၄ လမ်း၊ ကန်တော်လေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၃၀၆၇၆၆၅၊ ၀၉-၇၃၀၀၂၁၅၀၊
၀၁-၃၉၄၇၃၉

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Admin Office **(1) Post**
Experience in English Writing, Speaking
Knowledge of Computer Words,Excel,Good in
Typing Speed.
၂။ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဖြန့်ချိရေးအတွက် အရောင်းမြှင့်တင်ရေးဝန်ထမ်း **ကျား (၃)ဦး**
၃။ Designer(Photoshop,Illustrator & in design) **ကျား/မ (၃)ဦး**
(Design Concept & Artwork Sense ရှိရမည်။)
(Catalogue,Brochure,Web Photo တင်တတ်ရမည်။
Color Separation ခတ်ပုံရိုက်တတ်ရမည်။)
၄။ ငွေကိုင် **မ (၅)ဦး**
၅။ ယာဉ်မောင်း (ရုံးကား/အိမ်ကား) **ကျား (၅)ဦး**

Royal Mart Supermarket
၅၂/၅၄၊ အခန်း-၁၆၊ လေးလွှာ၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်မောင်အမည်ဖြင့် ဂရန်သစ်လျှောက်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁ (ကံဘဲ့)၊ မြေကွက်အမှတ် ၃/၁၁၈၊ အကျယ်အဝန်းပေ(၆၀×၆၀)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးတင်မောင်ထံမှ ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ကြေညာပြောဆိုသူ ဦးစောနိုင် ၁၂/ပဘတ(နိုင်)၀၀၄၃၇၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပထမအရစ် စရန်ငွေအဖြစ်ပေးချေ၍ အရောင်းအဝယ်ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံး
၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၃၁၅

၁။ ဒေါ်မြင့်မြင့်ဌေး	နှင့်	၁။ ဒေါ်တင်တင်အေး
၂။ ဒေါ်မြင့်မြင့်သိန်း		၂။ ဦးသောင်းထွန်း
၃။ ဒေါ်နွယ်နွယ်ဝင်း		၃။ ဒေါ်မြင့်မြင့်သန်း
		၄။ ဒေါ်အေးအေးမြင့်
		၅။ ဦးဝင်းမော်
		၆။ ဦးဝင်းကျော်
		၇။ ဦးကျော်စိုးဝင်း
		၈။ မဝေဝေသော်
		၉။ မောင်လင်းဝင်း
တရားနိုင်များ		**တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၂၅၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၃ခုနှစ် အောက်တိုဘာ ၁၁ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၀ ရှိ ဦးပိုင်အမှတ်-၁(င)+၂(ဆ) စုစုပေါင်းဧက ၀ဒသမ ၀၂၈၅ဧကရှိ ဘိုးဘပိုင်မြေကွက်။

ကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊မမှန်စကားပါရှိခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

Pretty Paragon Textile Co.,Ltd.

ပြည်တွင်း၌သာခန့်ထားရန်

စဉ်(၁)	လက်ထောက်စီမံမန်နေဂျာ (ဘွဲ့ရ)	ကျား/မ	(၂)ဦး (ရန်ကုန်)
စဉ်(၂)	စာရင်းစစ်မှူး (စာရင်းဘွဲ့ရ)	ကျား/မ	(၁)ဦး (ရန်ကုန်)
စဉ်(၃)	အရောင်းကြီးကြပ် (ဘွဲ့ရ)	ကျား/မ	(၂)ဦး (မင်္ဂလာဈေး၊ ရန်ကုန်)
စဉ်(၄)	အရောင်းစာရေး (တက္ကသိုလ်ဝင်တန်းအောင်)	ကျား/မ	(၄)ဦး (မင်္ဂလာဈေး၊ ရန်ကုန်)
စဉ်(၅)	ယာဉ်မောင်း	ကျား	(၄)ဦး (ရန်ကုန်)
စဉ်(၆)	လက်ထောက်စီမံမန်နေဂျာ (ဘွဲ့ရ)	ကျား/မ	(၂)ဦး (လှည်းကူး)
စဉ်(၇)	လက်ထောက်စာရင်းကိုင် (စာရင်းဘွဲ့ရ)	ကျား/မ	(၄)ဦး (လှည်းကူး)
စဉ်(၈)	Marketing Supervisor (ဘွဲ့ရ)	ကျား/မ	(၄)ဦး (မန္တလေး)
စဉ်(၉)	စတိုတာဝန်ခံ (ဘွဲ့ရ)	ကျား	(၂)ဦး (မန္တလေး)
စဉ်(၁၀)	လက်ထောက်စာရင်းကိုင် (စာရင်းဘွဲ့ရ)	ကျား/မ	(၂)ဦး (မန္တလေး)

စဉ်(၁/၂/၃/၆/၇/၈/၉/၁၀)အတွက် ဘွဲ့ရဖြစ်ပြီး အသက်(၂၅ မှ ၃၅)နှစ်ကြားဖြစ်၍ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်နှင့်အထက်ဖြစ်ရမည်။ အမှတ်စဉ်(၄)အတွက် တက္ကသိုလ်ဝင်တန်းအောင်ပြီး အသက်(၂၅)နှစ်အောက်ဖြစ်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ်(၅)အတွက် လုပ်ငန်းကျွမ်းကျင်ရမည်။ အမှတ်စဉ်အားလုံး သက်ဆိုင်ရာမြို့နယ်များတွင် တာဝန်ထမ်းဆောင်နိုင်ရမည်။ စိတ်ပါဝင်စားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်သောစာရွက်စာတမ်းနှင့်အတူ အမှတ်(၆၄၃)၊ဘောဂရပ်ကွက်၊အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၀၃၅၇နှင့် အမှတ်(၉၈)၊ (E)ရုံ၊ ပထမထပ်ဈေးချို၊ မန္တလေးမြို့၊ အမှတ်(၁၈)၊ ၁၄လမ်းနှင့် ၈၀-၈၁လမ်းကြား၊ မန္တလေးမြို့ ဖုန်း-၀၂-၂၃၉၅၇သို့ ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ရက်အတွင်း သက်ဆိုင်ရာမြို့များသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နမ့်ခမ်းမြို့နယ်၊ ပန်ခါးကျေးရွာနေ ဒေါ်အမ်ပွယ်၏သား မိုင်းယိုင်ဆိုင် ၁၃/နခန(နိုင်)၀၅၄၄၈၇ သည် မိဘ၏ဆိုဆုံးမမှုကို မလိုက်နာဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်ပါသဖြင့် ယနေ့ ၃၀-၈-၂၀၁၃ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အမ်ပွယ်
၁၃/နခန(နိုင်)၀၂၆၀၂၀

လင်မယားကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဖြိုးသီဂီ ၉/မမန(နိုင်)၀၀၄၉၄၅သည် အောင်ဝေဖြိုး ၉/မမန(နိုင်)၀၉၁၀၁၁နှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိခရိုင်တရားရုံးတွင် လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲလိုက်ပါသည်။

နှောင့်ယှက်ပါက တရားဥပဒေအရ အရေးယူမည်။

ဖြိုးသီဂီ

မှုခင်းသတင်းနှင့်ကြော်ငြာ

ဇမ္ဗူသီရိမြို့နယ်၌ ဆိုင်ကယ်သူခိုးဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း ဆိုင်ကယ်များ ပျောက်ဆုံးနေမှုပပျောက်စေရေးအတွက် နေ့ညမပြတ်လှည့်ကင်းပတ်ကင်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဆိုင်ကယ်ခိုးသူ ကျော်မိုးအောင်ကို အမှတ်(၆) ရဲကင်း၏ ရဲတပ်ကြပ်ဝင်းနိုင်ဦးအဖွဲ့က ဖမ်းဆီးရမိကြောင်း စက်တင်ဘာ ၁ ရက်က သိရသည်။

ဖြစ်စဉ်မှာ အမှတ် (၆) ရဲကင်းမှ ရဲတပ်ကြပ်ဝင်းနိုင်ဦးနှင့် အဖွဲ့သည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ရပ်ကွက်အတွင်းလှည့်ကင်းဆောင်ရွက်နေစဉ် ဓနသိဒ္ဓိပန်းခြံအနီးတွင် ဆိုင်ကယ်အမှတ် ၁၃ယ/---- လေ့ဂျာ ၁၁၀ အနက်ရောင် တစ်စီးနှင့်အတူ ကျော်မိုးအောင်ကို မသင်္ကာဖွယ် တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာ ၎င်းပိုင်ဆိုင်ကြောင်းအထောက်အထား ခိုင်လုံစွာ မပြသနိုင်သည့်အပြင် ဆိုင်ကယ်သုံးစီးခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ရပ်ကွက်အတွင်းလှည့်ကင်းဆောင်ရွက်နေစဉ်

အဆိုပါ အမှုနှင့်ပတ်သက်၍ ကျော်မိုးအောင်အား အမှတ်(၃) နယ်မြေ ရဲစခန်းက ဒုရဲအုပ်အေးသိန်းက ဆက်လက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

ကျော်သူရ(နေပြည်တော်)

အနော်ရထာတံတားပေါ်တွင် အမျိုးသမီးတစ်ဦးသေဆုံး

ဆိပ်ဖြူ စက်တင်ဘာ ၄

ချောက်မြို့နှင့်ဆိပ်ဖြူမြို့ကို ဆက်သွယ်ထားသည့် အနော်ရထာတံတားပေါ်တွင် ဩဂုတ် ၂၉ ရက် ည ၇ နာရီခွဲက အမျိုးသမီးတစ်ဦး ဆိုင်ကယ်ဖြင့်လဲကျသေဆုံးနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးမှုကြောင့် သိရသည်။

အခင်းဖြစ်ပွားရာသို့ ချောက်မြို့နယ် မြို့မရဲစခန်းတာဝန်မှူး ဒုရဲအုပ် ဝင်းဌေးအောင်နှင့်အဖွဲ့သည် အခင်းဖြစ်အနော်ရထာတံတားသို့သွားရောက်စစ်ဆေးရာတွင် ယာဉ်မတော်တဆမှုဖြစ်ပွားသူမှာ ဆိပ်ဖြူမြို့ အလယ်ပိုင်းရပ်ကွက်နေ မဝင်းဝင်းမော် (၃၃ နှစ်) (ထီရောင်းသူ)တစ်ဦး ဖြစ်ကြောင်း ယာဉ်မတော်တဆမှုကြောင့် မဝင်းဝင်းမော်ကို ဒဏ်ရာများဖြင့် နံပါတ်မပါ ဒရင်း-၁၁၀၊ ကျောက်စိမ်းရောင်ဆိုင်ကယ်ကို ရှေ့ပိုင်းပျက်စီးမှုနှင့် တွေ့ရှိရသဖြင့် ရဲလုပ်ငန်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် အလောင်းကို ချောက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားပြီး အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးသုံးသူ ဖမ်းဆီးရမိ

ဗန်းမော် စက်တင်ဘာ ၄

ဗန်းမော်(အထူး)မူးယစ်အဖွဲ့မှ ရဲအုပ်အောင်ကိုနိုင်၊ ရဲအုပ်အောင်ဆန်းမိုးဦးစီးသည့်တပ်ဖွဲ့ဝင်များသည် သတင်းအရ ဩဂုတ်၃၁ ရက် နံနက် ၁၁နာရီခန့်ကဗန်းမော်မြို့ညောင်ပင်ရပ်အဝေရာ အားကစားခန်းမအနီးတွင် ဆိုင်ကယ်နှင့်တွေ့ရှိသူမျိုးအောင်ကို စစ်ဆေးရှာဖွေရာ ၎င်း၏ယာဘက်လက်အတွင်းမှ ဘိန်းဖြူမှုန့်နှင့်သွေးရောစပ်ထားသည့်အရည်(1.5ml)ပါ အပ်တပ်လျက်ဆေးထိုးပြွန်တစ်ချောင်း တွေ့ရှိရသဖြင့် ဗန်းမော်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **မင်းတံတားသား**

မူးယစ်ဆေးဝါးရောင်းသူများ ဖော်ထုတ်ဖမ်းမိ

ကျောက်မဲ စက်တင်ဘာ ၄

ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ဝင်များနှင့် မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုဖြင့် စက်တင်ဘာ ၁ ရက်က ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ရောင်းသူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ကျောက်မဲမြို့နယ် ခဲမွန်ရွာ အမက ကျောင်းအနီးတွင် စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခန့်က ခရိုင်အထူးမှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်အောင်မြတ်၊ ဒုရဲအုပ်ကျော်ကျော်လတ်၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင်ဒုရဲအုပ်မင်းမင်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရစောင့်ဆိုင်းနေစဉ် ခဲမွန်ရွာအိုက်စံ၏နေအိမ်မှထွက်လာသော မအေးစိန် ၃၆ နှစ် ခဲမွန်ရွာနေသူအား စစ်ဆေးရှာဖွေရာ ၎င်း၏ လုံချည်အတွင်း သို့ဝှက်ယူဆောင်လာသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ အထုပ်တစ်ထုပ်၊ အပြား ၁၄၀ ပါအထုပ်တစ်ထုပ် ပင်နီဆီလင်ပုလင်းအတွင်း ထည့်ထားသော ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။၎င်းပစ္စည်းများကိုခဲမွန်ရွာနေ အိုက်စံ၏နေအိမ်တွင် ရောက်ရှိနေသော သီပေါမြို့နယ် စံလောင်းရွာနေ စံခမ်း (၃၃နှစ်)ထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်အရ ခဲမွန်ရွာနေ အိုက်စံ၏ နေအိမ်သို့ ဆက်လက်ဝင်ရောက်ရှာဖွေရာ အိုက်စံနှင့်အတူ စံခမ်းအားတွေ့ရှိပြီး ၎င်းတို့ထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ပြား၊ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁ ပြား၊ ဆပ်ပြာခွက်အတွင်းထည့်ထားသော ဘိန်းဖြူ ၁၂ ဂရမ်ပါ ဆပ်ပြာခွက်တစ်ခွက်၊ ဘိန်းဖြူ ၁၆ ဂရမ်ထည့်ထားသော ဆပ်ပြာခွက်တစ်ခွက်တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။စံခမ်း၏ဖော်ထုတ်စစ်ဆေးချက်အရကွင်းဆက်ဖြစ်သည့် ကျောက်မဲမြို့ အမှတ်(၇)ရပ်ကွက် နယ်မြေ (၁၀) နေ အောင်အောင်(၂၄နှစ်)၏ နေအိမ်သို့ ဆက်လက်ဝင်ရောက်ရှာဖွေရာ အောင်အောင်နှင့်ဇနီးဖြစ်သူ မနွယ်နီထွန်း(၃၀နှစ်) တို့ထံမှ ဘိန်းဖြူပိုက်ဖြတ်စ ၂၇ခု ဘိန်းဖြူ ၀ ဒသမ ၁ ဂရမ် ထည့်ထားသော သတ္တုဘူးငယ် ၁၁ ဘူး၊ ကလေးစီးဖိနပ်အတွင်း သို့ဝှက်ထည့်ထားသော ဘိန်းဖြူ ၂ ဒသမ ၅ ဂရမ်တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့သည်။

သက်သေခံ ဘိန်းဖြူများ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြသော မအေးစိန်၊ အိုက်စံ၊ သီပေါ စံလောင်းရွာနေ စံခမ်း၊ အောင်အောင်၊ မနွယ်နီထွန်းတို့အား မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူထားသည်။ **မောင်မောင်(ကျောက်မဲ)**

သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေး လက်ဝယ်တွေ့ရှိ

ဗန်းမော် စက်တင်ဘာ ၄

ဗန်းမော်(အထူး)မူးယစ်အဖွဲ့မှ ရဲအုပ်အောင်ကိုနိုင်၊ ရဲအုပ်အောင်ဆန်းမိုးဦးစီးသည့်တပ်ဖွဲ့ဝင်များသည် သတင်းအရသက်သေများနှင့်အတူ ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဗန်းမော်မြို့နယ် ဆိုင်းကင်ကျေးရွာနေ မြင့်ထွန်းနေအိမ်အား ဝင်ရောက်ရှာဖွေရာ မြင့်ထွန်းကို နေအိမ်တွင်အသင့်တွေ့ရှိရပြီး ၎င်းဝတ်ဆင်ထားသော ဘောင်းဘီတို ယာဘက်အိတ်ကပ်အတွင်း ပလတ်စတစ်အိတ်ခွံထဲမှ ဘိန်းဖြူမှုန့် ဝဒသမ ၄ ဂရမ်ပါ ချိတုံဆန်ပုလင်းငယ်လေးလုံး၊ ဘိန်းဖြူမှုန့် ၀ ဒသမ ၁ဂရမ်ပါ ချိတုံဆန်ပုလင်းငယ်တစ်လုံး စုစုပေါင်း ဘိန်းဖြူမှုန့်အလေးချိန် ၁ ဒသမ ၇ ဂရမ်တွေ့ရှိသဖြင့် ဗန်းမော်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဥပဒေအရအရေးယူထားကြောင်း သိရသည်။

မင်းတံတားသား

လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်း (ဒလ-ပျော်ဘွယ်ကြီး)ရုပ်တုပူဇော်ပွဲ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အကြိမ်(၉၀)မြောက် ခုနစ်ရက်တရားစခန်းအောင်ပွဲ

ဖိတ်ကြားလွှာ

ကျင်းပမည့်နေ့ရက် - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၉ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ
ကျင်းပမည့်နေရာ - မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီးဦးသန်း ကမ္မဋ္ဌာန်းရိပ်သာ အမှတ် ၈၈၈၊ ဦးဘညာဏ်လမ်း၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၀၈၅၂၈

ရပ်ဝေးရပ်နီးနေ ဆွေမျိုး၊ တပည့်၊ ယောဂီ၊ အလှူရှင်အပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်
ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ ဆင်မောင်းအုပ်စု၊ ပန်မော် မိုင် ၂၀ ကျေးရွာနေ မောင်ယောသ ၁၃/မပတ(နိုင်)၀၄၅၈၁၈ ၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ဖြစ်ပါသည်။

အမည်ပြောင်း

ဦးစိုးတင့်၏သား အခြေခံပညာအထက်တန်းကျောင်း မြို့လှ၊ ရမည်းသင်းမြို့နယ် တက္ကသိုလ်ဝင်တန်း(B)မှ မောင်စိုးကိုကိုအောင်အား မောင်ဖြိုးကိုကိုအောင် ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးကိုကိုအောင်**

ဖခင်အမည်မှန်

အထက(၂)၊ မိတ္ထီလာ၊ တက္ကသိုလ်ဝင်တန်း(E)မှ မစုမွန်အောင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းဦး ၉/မထလ(နိုင်)၀၂၆၇၈၂ ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းဦး

အမည်ပြောင်း

ဦးရဲမြင့်၏သား အထက(၂)၊ မိတ္ထီလာ၊ နဝမတန်း(H)မှ မောင်ဖြိုးပြည့်အောင်အား ယနေ့မှစ၍ မောင်ပြေဟိန်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပြေဟိန်းသူ

မိတ္တူထုတ်ခြင်းကို ကန့်ကွက်ရန်

ယာဉ်အမှတ် ၃၀ယ/၈၃၆၉၁ Honda Wave (L) NF 125 MC ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဝေ ၁၀/မလမ(နိုင်)၁၉၄၃၅၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေခံအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ကော့သောင်း)

မဂ်္ဂါစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်။
၁။ (က)ဘလောက်ဒီဇိုင်း ၂၀၀+ကုတ်ပုံဆန်းအမျိုးမျိုး (ခ)မြန်မာအင်္ကျီခါးတို (ဂ)ကလေးဝတ်စုံ (ဃ)ရှပ်+ဂျာကင်+ဝတ်ရုံ (င)စကတ်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း စက်ကြီးပန်းထိုး။
၃။ လက်ရေးပန်းချီသင်တန်း၊ သိုးမွှေး ၁ချောင်းထိုး ၂ချောင်းထိုး အိပ်ထိုးသင်တန်း၊ Handmade စီးကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး။
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်အမျိုးမျိုး ဝယ်ယူနိုင်ပါ သည်။
၅။ ရပ်ဝေးသူများအတွက် နေရေး၊ စားရေး၊ စီစဉ်ပေးသည်။
- **ဆိုင်အမှတ်၁။ အမှတ် (၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့။**
- **ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ ရန်ကုန်မြို့။**

ဖုန်း -၃၈၈၂၃၃၊ ၃၇၅၀၀၄၊ ၀၉၅၀၀၇၆၅၀၊ ၀၉၇၃၂၄၀၀၂၄

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မနန်းစုဌေး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေထွန်း ၅/ယမပ(နိုင်)၀၃၃၄၇၃ ဖြစ်ပါသည်။ **ဦးကျော်ဆွေထွန်း**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် အထက၊ နဝမတန်း(A)မှ မယဉ်ယဉ်အေး၏ ဖခင်အမည်မှန်မှာ ဦးမောင်သိန်း ၅/ယမပ(နိုင်)၀၃၂၅၃၈ ဖြစ်ပါသည်။

ဦးမောင်သိန်း

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် အထက၊ နဝမတန်း(F)မှ မနွေးနွေးနိုင်၏ ဖခင်အမည်မှန်မှာ ဦးမိုးနိုင်လှ ၅/ယမပ(နိုင်) ၀၄၀၈၃၈ ဖြစ်ပါသည်။

ဦးမိုးနိုင်လှ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် အထက၊ နဝမတန်း(A)မှ မနန္ဒာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် ၅/ပလန(နိုင်) ၀၃၀၉၇၃ ဖြစ်ပါသည်။

ဦးမြင့်နိုင်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် အထက၊ နဝမတန်း(A)မှ မအေးစုဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၅/ယမပ(နိုင်) ၀၈၉၄၂၇ ဖြစ်ပါသည်။

ဦးဝင်းဇော်

အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ တည်တောင်ကျေးရွာနေ ဦးကျော်အေး-ဒေါ်တင်တင်အေး၏သမီး မမေဇင်ထိုက်အား မသက်သက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသက်သက်အောင်**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၅၂၆၁၊ (Honda Dream) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆွပ်ဝန်း ၁၃/တခလ(နိုင်)၀၁၄၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၄ဘီ၊ မြေကွက်အမှတ် ၁၉၄၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ၅လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးခင်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးခင်အောင် ကွယ်လွန်သဖြင့် ဒေါ်သန်းစိန် ၁၂/မဂတ(နိုင်)၀၅၂၁၈၉ က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၈၆၁၁၊ Toyota Corolla KE-74 S/W(4x2)RHD ယာဉ်လက်ဝယ်ရှိသူ ဦးရွှေမောင်း ၉/မကန(နိုင်)၀၁၄၄၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

အမြန်ဆက်သွယ်ပါရန်

ဦးခင်ဆွေ(ဘ)ဦးမောင်နှစ် ၁၂/လမန(နိုင်)၀၃၂၀၅၉ သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ပါရန် အကြောင်းကြားပါသည်-

ဒေါ်အေးအေးချစ်	ဖုန်း-၀၉-၂၅၀၀၇၇၃၃၅
ဦးကျော်ဆွေ	ဖုန်း-၀၉-၅၀၈၃၃၅၄
ဦးမြင့်စိုးဦး	ဖုန်း-၀၉-၃၁၂၉၃၄၀၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် ၈၇၈၊ ကျောက်စိမ်း ၇ လမ်း၊ ပေ(၄၀×၆၀)(ပါမစ်မြေအမျိုးအစား)မြေအမည်ပေါက် ဦးလှရွှေ L/RGN-၀၂၄၄၃၂ဟုခေါ်တွင်သော မြေကွက်နှင့် မြေပေါ်ပါ တစ်ထပ်တိုက်၊ လျှပ်စစ်မီတာနှင့် ရေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးလှရွှေ L/RGN-၀၂၄၄၃၂ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လှလှနိုင် ၁၂/တမန(နိုင်)၀၅၈၃၂၂
ဖုန်း-၀၉-၅၀၅၉၄၄၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၉၂၂၄၊ Katto-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျာမောင် ၉/ခအဇ(နိုင်)၀၃၂၃၀၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၅၁၉၅၊ Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၉/မရမ(နိုင်)၀၆၄၆၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၁၀၄

ဒေါ်ဝင်းဝင်းနွယ်(ခ)မမီးငယ်	**နှင့်**	၁။ ဦးတုန်းလှိုင်
		၂။ ဒေါ်ဆိုင်းသောင်
တရားလို		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ အမှတ် ၄၇၊ ၄၈/၁၂၊ ကမ္ဘောဇလမ်းခွဲ(၁)၊ ပွင့်ရတနာရွှေဆိုင် (ယခုနေရပ်လိပ်စာမသိ)နေ ဦးတုန်းလှိုင်နှင့် ဒေါ်ဆိုင်းသောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၈၅၂၂၀၇၀၀ိ/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

တောင်ကြီး စက်တင်ဘာ ၄

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အသိပညာပေး ဟောပွဲကို ဩဂုတ် ၃၀ ရက်က တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပါမောက္ခချုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိ ဝန်ထမ်းများ တက်ရောက်ကြရာ ပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ယာဉ်ထိန်းဌာန ရဲမှူးကံသိန်းက ယာဉ်မတော်တဆဖြစ်မှုအကြောင်းကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက လမ်းအသုံးပြုသူနှင့် ယာဉ်အသုံးပြုသူများ သိသင့်သိထိုက်သော အချက်အလက်များကိုလည်းကောင်း၊ ဒုရဲမှူးထွန်းထွန်းအောင်က ယာဉ်တိုက်မှု အမှားအမှန်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် အသီးသီးရှင်းလင်း ဟောပြောကြောင်း သိရသည်။

ကညန(တောင်ကြီး)

အွန်လိုင်းက သတင်းမှားရေးသားမှုကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးက ရှင်းလင်း

ရန်ကုန် စက်တင်ဘာ ၄

အွန်လိုင်းမီဒီယာအချို့၌ ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီက သာကေတမြို့နယ် ရဲစခန်းသို့ မိန်းကလေးငယ်တစ်ဦး ကားတိုက်ခံရပြီး လမ်းဘေးတွင် လဲကျနေကြောင်း၊ ကားမှာ တိုင်းရင်းသားကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း လာရောက်တိုင်တန်းသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက လမ်းကြောင်းပေါ်ရှိ ရဲစခန်း၊ ရဲကင်းများအား ပိတ်ဆို့ရှာဖွေ ဖမ်းဆီးရန် ညွှန်ကြားခဲ့ပြီး အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့စစ်ဆေးရာ ရှုခင်းသာ အပန်းဖြေစခန်းအနီး၌ သာကေတမြို့နယ်နေ မခင်ဝင်းမာ (၁၇ နှစ်)ကို ယာချိုစောင်း ပေါက်ပြဲဒဏ်ရာရရှိပြီး ဝတ်လစ်စလစ်ဖြင့် သားမယားပြုကျင့် ခံထားရသည့်အနေအထားဖြင့် သတိလစ်နေသည်ကို တွေ့ရှိရသဖြင့် တာဝန်သိ ရဲတပ်ဖွဲ့ဝင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာနေရာမှ သက်သေခံပစ္စည်းကို ရှာဖွေစစ်ဆေးရာ ၂×၂ လက်မ ပတ်လည် ပတ်စ်ပို့အရွယ်ဓာတ်ပုံတစ်ပုံကိုရှာဖွေတွေ့ရှိခဲ့ပြီး သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းယူဆောင်သွားခဲ့ကြောင်း၊ ထိုဓာတ်ပုံကို အများပြည်သူသိစေရန် ကြော်ငြာစာသင်ပုန်းများတွင် လိုက်လံကပ်ထားပြီး တွေ့ရှိပါက အကြောင်းကြားပေးရန် သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ အများပြည်သူသို့ ညွှန်ကြားထားကြောင်းနှင့် သတင်းပေးရန် ဖုန်းနံပါတ်အဖြစ် သာကေတ အမှတ်(၁)၊ အမှတ်(၂) ရဲစခန်းများ၏ ဖုန်းနံပါတ်ကို ထည့်သွင်းဖော်ပြထားပါကြောင်းနှင့် အဆိုပါသတင်းသည် မှန်ကန်မှု မရှိကြောင်း၊ အလားတူဖြစ်စဉ်မျိုးလည်း ဖြစ်ပွားခဲ့ခြင်းမရှိသည့်အတွက် အများပြည်သူတို့ သတင်းအမှားများ ရရှိပြီး စိတ်ပြိုငြင်စေခြင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ Image ကိုလည်း ထိခိုက်ခြင်းများ ဖြစ်စေနိုင်သဖြင့် ယင်းကဲ့သို့သော မမှန်ကန်သည့် သတင်းများအား ရေးသားဖြန့်ဝေခြင်း မပြုလုပ်ကြပါရန် သတင်းအမှားရေးသားဖော်ပြကြသော အွန်လိုင်းမီဒီယာအချို့ကို မေတ္တာရပ်ခံ အသိပေးအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

(စိုးဝင်း-SP)

သွေးသည် အသက်

ချင်းပြည်နယ် စိုက်ပျိုးရေးထုတ်ကုန်များ မြင့်မားရေးဆောင်ရွက်

ဟားခါး စက်တင်ဘာ ၄

ချင်းပြည်နယ် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက် မြင့်မားရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ သီးနှံစိုက်ကွင်းပြပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် နံနက် ၈ နာရီက ဟားခါးမြို့ ဟိုင်တလန်းခြံ၌ ကျင်းပရာ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ တောင်သူများက ဝဥစမ်းသပ်ကွက်၊ မြေပဲနေကြာ သီးညှပ်စမ်းသပ်ကွက်၊ နေကြာစမ်းသပ်ကွက်၊ တောင်ယာစပါး ကွက်မြီးတန်း စမ်းသပ်ကွက်နှင့် ရွှေရင်အေး၊ ဘာစမာတီ၊ ပုလဲသွယ်နှင့် ဘယ်လ်ဂျီယံစပ်မျိုးစပါး စမ်းသပ်ကွက်များတွင် စိုက်ပျိုးမှုအခြေအနေများကို ကြည့်ရှုရာ စိုက်ပျိုးရေးပြည်နယ် ဦးစီးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသော ဒေသခံ တောင်သူများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။ **(အောက်ပုံ)**

မှာကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟားခါးမြို့ ကျော်ဘုတ်ရပ်ကွက်ရှိ ကျော်ဘုတ်စိုက်ပျိုးရေးခြံတွင် အစေ့ထုတ်ပြောင်း စမ်းသပ်ကွက်နှင့် လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ လိုအပ်သော သွင်းအားစုများ စနစ်တကျအသုံးပြုရေးနှင့် တောင်သူများအား သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သာစည်မြို့နယ်တရားရုံး
၂၀၁၁ ခုနှစ် ဇာရီမှုအမှတ်-၁၀၆

မန်နေဂျာ နှင့် ဒေါ်ခင်စန်း ပါ(၂)
မြန်မာ့စီးပွားရေးဘဏ်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၈တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

သာစည်မြို့၊ အမှတ်(၁)ရပ်၊ အကွက်(၃/ဂ)၊ ဦးပိုင်အမှတ် (၁၄၅/၁၈၆)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၅×၂၆×၂၀)ပေ၊ သွပ်မိုး၊ လျှာထိုး၊ တမံတလင်းခင်း၊ နှစ်ထပ်လူနေအိမ်၊ ပေ (၃၆×၂၃×၁၂) သွပ်မိုး၊ အုတ်ခင်း၊ တစ်ထပ်ရက်ကန်းစက်ရုံတွဲလျက် ပေ (၁၆×၁၆×၁၂) သွပ်မိုး၊ အုတ်ခင်း၊ တစ်ထပ်နံကပ်အဖီ၊ ပေ (၂၂×၈×၁၀) သွပ်မိုး၊ တမံတလင်းခင်း၊ တစ်ထပ်နံကပ်မီးဖိုး၊ ပေ (၆×၅×၆) သွပ်မိုး၊ နံကပ်၊ ရေလောင်းအိမ်သာ ပေ(၇×၅×၄) အုတ်မိုး၊ ရေကန်၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ် ၂၆၅သိန်း။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မွေး)
မြို့နယ်တရားသူကြီး
သာစည်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီ/တောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် (၄) တစ်ခန်းတွဲ ရှစ်ထပ်တိုက်မှ ရှစ်လွှာ၊ (အလျား×အနံ×အမြင့်ပေ-၃၀×၄၀×၁၀) ရေမီးအပြည့်အစုံလူနေထိုင်ခွင့်ရတိုက်ခန်းကို ပိုင်ရှင်ဒေါ်ဖြူဖြူအောင် ၁၄/မမန(နိုင်)၀၀၀၉၆၆ နှင့် ဖခင်ဖြစ်သူ ဦးခင်မောင်သန်း ၁၄/မမန(နိုင်)၀၀၄၂၅၉ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက အရစ်ကျငွေများ ပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဒေါ်မေစပယ်မြင့် (အထက်တန်းရှေ့နေ)
(စဉ်-၃၂၉၂)
LL.B, D.B.L, D.I.L, DL.P-101 (W.I.P.O) (Switzerland)
အခန်း ၇၊ မြေညီ ၃၃လမ်း (အောက်)၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၅၃၄၃၆၉၊ ၀၉-၇၃၁၃၂၆၅၅၊ ၀၉-၅၀၃၁၈၁၀

ခရစ်ယာန် (အစ္စရေး၊ ဂျော်ဒန်၊ အီဂျစ်) သုံးနိုင်ငံခရီး

ယေရှုခရစ်ဖွားမြင်ရာ ဗက်လင်မြို့အပါအဝင် နာမည်ကြီးနေရာပေါင်းများစွာသို့(၁၁)ရက်ခရစ်ယာန်အဖွဲ့ခရီး၊ ကျွမ်းကျင်ဆရာတစ်ပါးမှ ဦးဆောင်လမ်းညွှန်ပေးပြီး၊ ကြယ်လေးပွင့်အဆင့်ရှိဟိုတယ်ကြီးများတွင်သာ တည်းခိုမည်ဖြစ်သည့်အပြင်၊ ဟိုတယ်ဘူဖေးအစားအသောက်များနေ့စဉ်ပါဝင်သည်၊ အသက်သာဆုံးနှုန်းဖြင့် တစ်ဦးလျှင်-(၂၉)သိန်း(၅)သောင်းကျပ်တိတိဖြင့်၊ နိုဝင်ဘာ(၁၅)ရက်နေ့ခရီးစဉ်အတွက်စာရင်းအမြန်ပေးသွင်းနိုင်ပြီ။

Business Plus Travel and Tours Co., Ltd 01 518147, 09 73194300
အမှတ်(၁၄၁)၊ အခန်း(၉၀၃) ဗားဂရာကွန်ဒို၊ ဗားဂရာလမ်း၊ စမ်းချောင်း 09 73003527

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လည်ရာ စံရာဦလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလုနတ်ပြည်"ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။
(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ- နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တပ်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)
(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။
(၆) ညအိပ် (၇) ရက်ခရီး — သီရိလင်္ကာ (စွယ်တော်) + ဘန်ကောက် (ပြဘုရား)
စရိတ်ငြိမ်း (၁၂.၅) သိန်း (ထွက်ခွာမည့်နေ့ — ၃၀.၉.၂၀၁၃)
အထူးခရီးစဉ်- အိန္ဒိယ ဗုဒ္ဓဂယာ(မဟာဗောဓိ)+သီရိလင်္ကာ(စွယ်တော်) -(၁၂)ရက်ခရီး စရိတ်ငြိမ်း(၁၅.၅)သိန်း
အောက်တိုဘာလ တွင် ထွက်ရှိပါမည်။
မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ်/စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။
နယ်မှဘုရားဖူးခရီးသည်များကိုရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။
ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅×၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁

ဘောက်ပျောက်တဲ့ဆေး၊ ဆံပင်ကျွတ်တာပျောက်တဲ့ဆေး၊
ဆံပင်သန်ဆေး၊ ဆံပင်ပျော့ဆေး၊ ဆံပင်ပြန်ပေါက်ဆေး ဒါတွေအားလုံး ပြည့်စုံတဲ့
ဆရာရဲ ဦးရေသန့် ဆံပင်သန်ဆေး
[TMR 009468 (0115)] Ph: 01 565322, 0973078272

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖန်သာ ဆက်လိုက်ပါ၊ ကင်ပွန်းတပ်ရက်/မင်္ဂလာဆောင်ကွန်း/ဇာတာ/ဂဏန်းဗေဒင် အဟောများ/နက္ခတ် အဟောများ/မိဘနာမည်တွဲသုံး ပုံလမ်းညွှန်/ တစ်သက်တာဟောစာတမ်းများ/ နာမည်ပေးပါရှုဆရာကြီးနှင့်ဆက်သွယ်လျှင် ထူးချွန်သောကလေး ဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ် အလုံးစုံ ပါဝင်သောအကြားအမြင်ဟောစာတမ်း ပါဦးမည် ကလေးအတွက်အစုံပါသည်။ ကွန်ပျူတာဖြင့် နာမည်မပေးပါ။ အိမ်ပို့ ၇၀၀၀ိ နယ်သို့စာတိုက်မှပို့မည်လူကြီးလိုရာမေး/ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၄၆) မြေညီထပ် (၉၀)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။
☎ 01-394727, 01-399426, 09-73009994, 09-5152521 (ပိတ်ရက်မရှိ)

အမည်ပြောင်း

အထက(၂)၊ မိတ္ထီလာ၊ တက္ကသိုလ်ဝင်တန်း(B)မှ ဦးကျော်မြင့်ဦး၏သမီး မမြချမ်းမြေ့ကျော်အား ယနေ့မှစ၍ မကြယ်စင်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မကြယ်စင်သန့်**

ဝယ်လိုသည်

၁၆၆ ရပ်ကွက် ဒီဇင်ဘာစက်မှုမြို့တော်အတွင်း မြေဝယ်လိုသည်။ ပွဲစားမလို၊ ပိုင်ရှင်တိုက်ရိုက်ဆက်သွယ်ပါ။ **ဖုန်း-၀၉-၄၀၁၅၄၇၉၉၉**

ဖခင်အမည်မှန်

အထက(၁) ဒိုက်ဦး၊ တက္ကသိုလ်ဝင်တန်း(E)မှ မအိအိချော၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း ၇/ဒဥန(နိုင်) ၀၄၆၀၆၅ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၂၅၄၊ အခန်း ၁၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါက်တာဒေါ်မြသန်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်တင်တင်ကြည် ၁၂/ဗဟန(နိုင်)၀၈၅၃၂၇ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၈၊ မြေကွက်အမှတ် ၄၈၀၊ မြေကွက်တည်နေရာအမှတ် ၄၈၀၊ ဣန္ဒာ ၅လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးဘိုးရီ စီအီး-၀၅၀၂၀၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးဘိုးရီ၊ မိခင် ဒေါ်စောဖြူ ကွယ်လွန်သဖြင့် ဦးတင်မြင့် ၁၂/ဥကမ(နိုင်)၁၁၀၈၉၂က တစ်ဦးတည်းသော သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၀၈၈/၆-၅-၂၀၁၃)ဖြင့် ရရှိသူ ဦးကျော်ဆန်းဝင်း ၁၂/ကခက(နိုင်) ၀၆၀၆၂၄ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဟိုက်ဒြောလစ်/လေဖိအား
Fully Auto အုတ်ရိုက်စက်
ဘိလပ်မြေစက်၊ အုတ်မျိုးစုံ(ရောင်း/ငှား)
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
Ph:09 731 99 410
09420035882, 73199257

အမည်ပြောင်း

ဦးမောင်လှရွှေ၏သား မြေပုံမြို့နယ် င/ပသုန်ကျေးရွာ တွဲဖက်အထက်တန်းကျောင်းနေ အောင်ဟိန်းကျော်အား ယနေ့မှစ၍ မင်းဟိန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မင်းဟိန်းကျော်**

အမည်မှန်ဖြစ်ကြောင်း

မောင်မျိုးငြိမ်းထက်(ခ)မောင်မျိုးညိမ်းထိုက် နဝမတန်း(အီး)၊ ဇလွန်မြို့၏ဖခင်အမည်မှန်မှာ ဦးတင်အောင်ဝင်း ၁၂/လမန(နိုင်)၀၂၄၃၉၇ ဖြစ်ပါကြောင်း။

ဖခင်-ဦးတင်အောင်ဝင်း

စီးပွားရေးကြော်ငြာ

လင်မယားကွာရှင်းပြတ်စဲကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဈေးလမ်း၊ အမှတ်(၆၀)၊ ခြောက်လွှာ/အေ၊ မြေနီကုန်းနေ ကျွန်ုပ်၏အမှုသည် ဦးကြည်တိုး ၈/ခမန(နိုင်)၀၁၆၃၆၁နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်-၃၀/က(ခေတ္တ) ပြင်ဦးလွင်နေ ဒေါ်သိန်းသိန်းဝင်း ၈/ခမန(နိုင်)၀၁၆၃၆၂တို့တွင် သားသမီးတစ်ယောက်မျှ ထွန်းကားရရှိခြင်းမရှိသည့်အပြင် သဘောထားချင်းမတိုက်ဆိုင်သဖြင့် ၂၀၁၀ခုနှစ် ဧပြီလကတည်းက လက်ထပ်ပွားပစ္စည်းများအားလုံးကို ကျွန်ုပ်၏အမှုသည် ဦးကြည်တိုးမှ စွန့်လွှတ်ခဲ့ပြီး နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ခြင်းမရှိတော့သောကြောင့် ယခုလင်မယားကွာရှင်းပြတ်စဲကြောင်း ကြေညာသည့်ရက်မှစ၍ ဒေါ်သိန်းသိန်းဝင်း၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ဦးကြည်တိုးနှင့် သက်ဆိုင်ခြင်းလုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Justice For All (Law Firm)
ဒေါ်ပြုံးရီ LL.B,D.B.L,D.I.L,D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၁)
အမှတ်-၃၂၊ ခုနစ်လွှာ၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၅၈၀၆၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အိမ်ခန်းအမှတ်(၃၂၆)၊ ပထမထပ် တိုက်ခန်းကို မနီကာလိုင်(ခ)ဒေါ်သန်းသန်းဆင့် ၁၂/ပဇတ(နိုင်)၀၂၇၂၈၄မှ တရားဝင်လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အခြားတွင် လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး တိုက်ခန်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူနှင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	ဒေါ်ခင်ဝင်းဖြူ	ဒေါ်ဝင်းဝင်းခိုင်
B.A(Eng),R.L	LL.B,D.B.L	LL.B
တရားလွှတ်တော်ရှေ့နေ(၂၄၂၅)	အထက်တန်းရှေ့နေ(၂၆၁၃၆)	အထက်တန်းရှေ့နေ(၃၂၀၅၅)

အမှတ်-၄၆(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးတင်နု (ဝေဖြိုး-အိမ်၊ ခြံ၊ မြေ အကျိုးဆောင်) သန်လျင်မြို့နေသူနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ချင်းတွင်းလမ်း၊ အမှတ် ၇၀နေ ဦးမြင့်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ ၃၁-၈-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဦးတင်နု၏ အကျိုးဆောင်ရှေ့နေများ၏ ကြေညာတောင်းဆိုမှုကို အောက်ပါအတိုင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းအကွက် (၁)၊ မြေကွက်အမှတ် ၅၈နှင့် ၆၀ကို ဦးတင်နုမှ ဦးမြင့်ကြည်သို့ ၃၀-၈-၁၉၉၅ ရက်တွင် နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ်စာချုပ်ကို ဦးတင်နုကိုယ်တိုင်ရောင်းသူအဖြစ် လက်မှတ်ရေးထိုးရောင်းချခဲ့ပြီး ထိုနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၉/၁၉၉၅)နှင့် (၆၀/၁၉၉၅)တို့ဖြင့် အထူးကိုယ်စားလှယ် လွှဲအပ်ပေးထားခဲ့ပြီးဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းအကွက်(၁)၊ မြေကွက်အမှတ် ၉၀နှင့် ၉၁ကို ၂၄-၁၀-၁၉၉၅ ရက်တွင် ဦးတင်နု၏ညီ ဦးစိုးဝင်းမှ ရောင်းချသူအဖြစ် လက်မှတ်ရေးထိုးပြီး ဦးမြင့်ကြည်သို့ မြေကွက်များ ရောင်းချသောစာချုပ်တွင် ဦးတင်နုသည် သက်သေအဖြစ် ကိုယ်တိုင်လက်မှတ်ရေးထိုးပေးခဲ့ပြီး အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၈/၁၉၉၅)ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဦးတင်နု၏ညီ ဦးမြင့်ကြည်မှ အသိသက်သေအဖြစ် အထူးကိုယ်စားလှယ်လွှဲစာကို ထိုနေ့တွင်ပင် လက်မှတ်ရေးထိုးလွှဲအပ်ပေးထားခဲ့ပြီး ဖြစ်ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းအကွက်(၁)၊ မြေကွက်အမှတ် ၅၉၊ ၆၁၊ ၆၂များကို ဦးတင်နုသည် ၄င်းဝယ်ယူထားကြောင်း ဝန်ခံကတိပြုပြီး မြေကွက်ပိုင်ရှင် ဒေါ်ခင်မြ၊ ဦးအောင်ကျော်၊ ဦးသန်းစိန်တို့ကို အရောင်းအဝယ်စာချုပ်တွင် ရောင်းသူများအဖြစ် ၃၀-၈-၁၉၉၅ နှင့် ၁၁-၁၂-၁၉၉၅ရက်တွင် လက်မှတ်ရေးထိုးရောင်းချစေခဲ့ပါသည်။ ထိုစာချုပ်များတွင်လည်း ဦးတင်နုသည် အသိသက်သေအဖြစ်ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါမြေကွက်များအတွက် ဦးမြင့်ကြည်သို့ လွှဲအပ်သော အထူးကိုယ်စားလှယ်လွှဲစာများတွင်လည်း ဦးတင်နုသည် အသိသက်သေအဖြစ် လက်မှတ်ရေးထိုး အတည်ပြုလွှဲအပ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၄။ အထက်ပါခြံမြေကွက် ခုနစ်ကွက်ကို မြေချပါမစ်ရရှိအောင် ဆောင်ရွက်ပြီးမှ ဦးမြင့်ကြည်သို့ လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ဦးတင်နုမှ ကတိပြုဝန်ခံချက်ကို လူကြီးလူကောင်းတစ်ဦး၏ ကတိပြုချက်အဖြစ် သတ်မှတ်ပြီး ဦးမြင့်ကြည်မှ ယုံကြည်စွာဖြင့် စောင့်ဆိုင်းနေခဲ့ခြင်းသာဖြစ်ပါသည်။ အထက်ပါ ခြံမြေကွက်အရောင်းအဝယ်စာချုပ်များနှင့် အထူးကိုယ်စားလှယ်လွှဲစာများတွင် ဦးတင်နုသည် ရောင်းသူကိုယ်တိုင်အဖြစ်လည်းကောင်း၊ အသိသက်သေအဖြစ်လည်းကောင်း၊ လက်မှတ်ရေးထိုးခဲ့သည်ကို ဖုံးကွယ်၍ ငြင်းဆိုခဲ့ခြင်းသာဖြစ်ကြောင်း ဦးတင်နုအပေါ်တွင် အရောင်းအဝယ် ကတိစာချုပ်များအတိုင်း အတည်ပြုဆောင်ရွက်ပေးရန် သက်ဆိုင်ရာတရားရုံးတွင် ဦးမြင့်ကြည်မှ တရားစွဲဆိုရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း ဦးတင်နုနှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	ဒေါ်ခင်ဝင်းဖြူ	ဒေါ်ဝင်းဝင်းခိုင်
B.A (Eng), R.L	LL.B, D.B.L	LL.B
တရားလွှတ်တော်ရှေ့နေ(၂၄၂၅)	အထက်တန်းရှေ့နေ(၂၆၁၃၆)	အထက်တန်းရှေ့နေ(၃၂၀၅၅)

အမှတ် ၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် ၇၄၈၊ မြေညီ(ခြေရင်းခန်း)နေ လက်ဝယ်ရှိသူနှင့် ပိုင်ရှင်ဟုအဆိုရှိသူ ဒေါ်စိန်ချစ် ၁၂/ရကန(နိုင်) ၀၅၆၈၃၅ ထံမှ ဦးတင်အောင် ၁၄/ပတန(နိုင်)၀၁၅၅၃၂ မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မော်ဦး (စဉ်-၉၂၇၀)
အထက်တန်းရှေ့နေ (BA, H.G.P, DBL)
အမှတ်(၄)၊ ၁၄၆ လမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၀၁၈၈

ကွန်ပျူတာဗေဒင်ရောဟိတ်

ဇာတာများကိုစစ်ဆေးပေးသည့်တခုတည်းသောကွန်ပျူတာကလေးနာမည်ပေးတိုက်စကၠဇာတာများကိုစစ်ဆေးထားသဖြင့်ဘဝလမ်းကြောင်းမှန်ကန်ပြီးအောင်ပွဲခံနိုင်မည်ဘဝမြင့်မားရာဆီသို့ထိုးတင်ပေးမည့်အကောင်းဆုံးလုပခေတ်မီနာမည်လေးများ(၁၆၀)ကျော်

အမြင့်မားဆုံးနက္ခတ်ဗေဒင်စံနစ်၏ကွန်ပျူတာဟောစာတမ်း(၃၄)မျက်နှာကလေးရရှိသောယုဂ်များ/ဘဝဇာတိစွမ်းအားများနှင့်ထူးခြားကံကြမ္မာများစရိုက်ဉာဏ်ပညာလူမှုကျန်းမာစီးပွားအိမ်ထောင်ရေးကံကြမ္မာအပြည့်အစုံကင်ပွန်းတပ်နည်းရက်နှင့်အချိန်/အချိန်ပိုင်းမဟာဘုတ်ဟောနှင့်ယတြာများတသက်တာလုံးအားကိုးအားထားပြုသွားရမည့်လိုအပ်သမျှအားလုံးပါမည်လာရွေး၆၀၀၀ိ/အိမ်ပို့၇၀၀၀ိ/အမြန်ချော၈၀၀၀ိ/နိုင်ငံခြားသို့အီးမေးလ်၆၀၀၀ိလူကြီးများမေးခွန်း(၁)ခု၃၀၀၀ိနှုန်း/VPLစနစ်ဖြင့်အိမ်အရောက်ပို့မည်

ဆရာဦးသိန်းမြင့်A.G.T.I(Mech.Engg)ထံဖုန်းဆက်ပြီးအခွင့်အရေးကိုအရယူလိုက်ပါ(အကောင်းဆုံးခွဲမွေးချိန်/လုပ်ငန်းနာမည်ပေး)၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

0931079394 095179128 0931300995 payawhate@gmail.com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ မြေကွက်အမှတ် ၄၈၂၊ ဧရိယာ ၅ ဧကမြေကွက်ရှိ စိုက်ပျိုးရေးမြေကွက်နှင့် ၄င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေစာရင်းတွင် တရားဝင်အမည်ဖြင့် ဒေါ်မြင့်မြင့်ခိုင် ၉/ရမတ(နိုင်)၀၈၆၆၅၉ လုပ်ပိုင်ခွင့်ထံမှ ဒေါ်သန္တာဦး ၁၂/ပဘတ(နိုင်)၀၀၆၉၂၃ က အမည်ပြောင်းလုပ်ပိုင်ခွင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သန္တာဦး ၁၂/ပဘတ(နိုင်)၀၀၆၉၂၃၊ အမှတ် ၂၀၃၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

၂၇-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၂)ပါ ဦးဝင်းသောင် ၇/ပခန(နိုင်)၀၉၁၉၀၅ ၏ ပြန်လည်ကန့်ကွက်ကြောင်း ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့် PBDN 001767 ၏ ညွှန်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ တာဝဘူတာကျေးရွာအုပ်စု ဘဏ္ဍာကုန်းရွာ၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ကွင်းအမှတ် (၁၁၅၈/က)၊ ဦးပိုင်အမှတ်(N/၂၈/၁၄) ၁ ဒသမ ၁၀ ဧကမြေကွက်နှင့် စပ်လျဉ်းပြီး ဦးဝင်းသောင်သည် ဖြစ်ရပ်မှန်ကိုဖုံးကွယ်၍ မမှန်မကန်ကြေညာခြင်းဖြစ်ပါသည်။ ပဲခူးခရိုင် တရားရုံးတွင် ဦးအေးမောင်ဆိုသူကလည်း အထက်ပါပစ္စည်းနှင့်စပ်လျဉ်းပြီး ဦးသိန်းအောင်၊ ဒေါ်ခင်ညွန့်ရီပါ (၅)ဦးအပေါ်သို့ ခွင့်ပြုချက်ဖြင့် အခမဲ့ထားသူအား နှင်လိုမှုကို တရားမကြီးမှုအမှတ် (၁၇/၂၀၁၃)ဖြင့် တရားစွဲဆိုထားသည်ကို တွေ့ရှိရသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့်မှလည်း ပဲခူးခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၄၃/၂၀၁၃ ဖြင့် ကျူးကျော်သူများအား ဖယ်ရှားပေးပါရန် တရားစွဲဆိုထားရာ အဆိုပါအမှုများအား ကြားနာနေဆဲ ဖြစ်ပါသည်။ ပဲခူးခရိုင် တရားရုံးက မည်သူပိုင်ဆိုင်သည်ကို အဆုံးအဖြတ်အမိန့်ဒီကရီ မချမှတ်မီအတောအတွင်း ဦးဝင်းသောင်သည် အမှုသည်တစ်ဦးမဟုတ်သည့်အပြင် အထက်ပါကဲ့သို့ ဒေါ်ခင်ညွန့်ရီအမည်ကို ခံ၍ ပိုင်ဆိုင်ကြောင်း ကြေညာခြင်းသည် တရားရုံးကို မထီမဲ့မြင်ပြုရာ ကျရောက်နေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဦးလှမြင့်သည် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးဝင်းသောင် ၇/ပခန(နိုင်) ၀၉၁၉၀၅ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်လတ် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၅၊ အခန်း(၅) မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(ကွင်း)အမှတ် ၄၀၀-B၊ (စခွဲငူကွင်း)၊ ဦးပိုင်အမှတ် ၆၅၊ ဧရိယာ ၀ ဒသမ ၂၅ ဧကရှိ မြေပိုင်မြေကွက်ကြီးအနက်မှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်း မပြုရသေးသော (လေးပေအကျယ် လူသွားလမ်းအပါအဝင်) အလျား ၃၂ပေ×အနံ ၁၀၂ပေရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စခွဲငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် ၇၁၇ ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သန်းထွေး ၁၂/အစန(နိုင်)၁၂၈၂၁၁ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန်းတင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၀)
အမှတ် ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၉၉၆၃၇

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေမှ"ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ်-၇၇၅၊ နှစ် (၆၀) မြေငှားဂရန်၊ (အလျား ၄၀´ × အနံ ၆၀´)၊ ဧရိယာ (၂၄၀၀) စတုရန်းပေရှိ ဒေါ်ယဉ်ယဉ်မေအမည်ပေါက် မြေကွက်ကြီးအနက်မှ (၁၇ လမ်းနှင့် ၁၈လမ်းကြားရှိ ပစောက်ကွေ့လမ်းကြားမှ) မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ (အလျား ၂၀´× အနံ ၆၀´) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တည်ဆောက်ထားသည့် ရန်ကုန်မြို့ သာကေတမြို့နယ်၊(၁)ရပ်ကွက်၊ ထူပါရုံ (၁၇) လမ်း (အနောက်)၊ အိမ်အမှတ် (၇၇၅) ဟုခေါ်တွင်သော (၈´ × ၁၀´) ခန့်ကျယ်ဝန်းသည့် တစ်ထပ်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ နေအိမ်နှင့် လျှပ်စစ်မီးမီတာ (၁)လုံးအပါအဝင်အကျိုးခံစားခွင့်များအားလုံး"ကို စာချုပ်အဆက်အစပ်များဖြင့်ဝယ်ယူပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဟု ဆိုသူ ဦးမျိုးမင်းဟန် (၁၂/သကတ (နိုင်) ၀၉၈၂၇၆) ထံမှ (၁-၉-၂၀၁၃)ရက်စွဲပါ"မြေကွက်နှင့်နေအိမ် စရန်ငွေပေးအပ်သည့် ကတိစာချုပ်" ဖြင့် ရောင်းဖိုးငွေတစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်နေ့ရက်မှ (၁၄) ရက်အတွင်း တရားဝင်အကြောင်းကြား ကန့်ကွက်နိုင်ပါ ကြောင်းနှင့်ထိုခွင့်ပြုချက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါကကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် နေအိမ်တို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်မှုရရှိ ရန်သက်ဆိုင်ရာအစိုးရဌာနအသီးသီးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးမျိုးမြင့် (ဘဏ်)	ဒေါ်ခင်အေးမာ	ဒေါ်ခိုင်ဝေမွန်
LL.B, D.B.L (၆၀၆၅)	LL.B,D.B.L (၈၈၅၆)	LL.B (၃၅၇၃၀)
တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေ

အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၆ ၇၂၇၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ်-၆၇၃/ခ၊ မြေကွက်တည်နေရာ ၆၇၃/ခ၊ မေတ္တာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးစံထွန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးစံထွန်းနှင့်(ဇနီး)ဒေါ်ခင်ခင်မြင့်တို့ ကွယ်လွန်သဖြင့် ဦးအောင်ကျော်ထွန်း ၁၂/ဥကတ(နိုင်)၁၂၁၈၄၄၊ ဦးအောင်ကြည်ထွန်း ၁၂/ဥကတ(နိုင်)၁၂၁၈၆၁၊ ဦးကျော်မြင့်ထွန်း ၁၂/ဥကတ(နိုင်)၁၂၁၃၆၁၊ ဦးခင်မောင်ထွန်း ၁၂/ဥကတ(နိုင်)၁၂၂၈၅၂၊ ဦးကျော်စွာထွန်း ၁၂/ဥကတ(နိုင်)၁၂၁၃၆၆၊ ဦးသီဟထွန်း ၁၂/ဥကတ(နိုင်)၁၂၁၃၆၄၊ ဦးသိန်းအောင် ၇/ပခန(နိုင်)၀၀၁၉၁၀၊ ဒေါ်နီနီဝင်း ၁၂/ဥကတ(နိုင်)၁၂၇၈၆၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/B၊ မြေကွက်အမှတ်၁၄/ဃ၂-A၊ မြေကွက်တည်နေရာအမှတ် (၅၁၂/ခ)၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်ခင်မေ အမည်ပေါက် B-မြေပိုင် လ/န ၃၉ မြေအား အမည်ပေါက် ဒေါ်ခင်မေကွယ်လွန်၊ ခင်ပွန်းဖြစ်သူ ဦးပန်းစိန်(ကွယ်လွန်)သဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၇၁၈/၉၂(၂၁-၅-၉၂)ဖြင့် ပိုင်ဆိုင်လာသူ တစ်ဦးတည်းသောသား ဦးအေးမြင့်(ကွယ်လွန်)၊ ဇနီးဖြစ်သူ ဒေါ်အမာ(ကွယ်လွန်)၊ အစ်မဖြစ်သူ ဒေါ်အေးမြတ်မွန်နှင့် ခင်ပွန်းဦးသောင်းထွန်း (သားသမီးမရှိ ကွယ်လွန်)သဖြင့် ဒေါ်ဆွေရည်မွန် ၁၂/အစန(နိုင်)၀၆၅၆၇၇က မြေအမည်ပေါက်၏ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန်မြေပုံကူးလျှောက်ထား လာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၇ လမ်း၊ အမှတ် ၄၇(မြေညီထပ်)အခန်းသည် အမွေဆက်ခံခွင့်အရလည်းကောင်း၊ စာချုပ်စာတမ်းများအရလည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၁၂/ပဘတ(နိုင်)၀၂၆၂၁၁ အပါအဝင် ဦးစံညွန့် ၁၂/ပဘတ(နိုင်)၀၂၇၉၈၆၊ ဦးမောင်မောင် ၁၂/ပဘတ(နိုင်)၀၂၆၃၁၈ နှင့် ဦးစိန်မြင့် PBDN-၀၀၃၀၁၄တို့ ပူးတွဲအမွေဆက်ခံခွင့်ရှိသော အခန်းဖြစ်ပါသည်။ သို့ပါ၍ ဒေါ်သန်းသန်းဝင်းနှင့် အခြားအမွေဆိုင်တို့၏ သဘောတူခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လဲလှယ်ခြင်း၊ အမည်ပြောင်းလဲခြင်းအစရှိသော မရိုးမဖြောင့်သော လုပ်ဆောင်မှုမျိုးကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း
B.A, M.A (F.I), R.L, D.E.S, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၀၈)
အမှတ် ၈၀၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ လူနေရပ်ကွက်အမှတ်(မြင်သာစုပေါင်းအိမ်ရာ)၊ မြေကွက်အမှတ်(၁၂၄/၁)၊ ဧရိယာ ၀ ဒသမ ၀၃၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃) ရပ်ကွက်၊ မြင်သာစုပေါင်းအိမ်ရာ၊ ဇမ္ဗူ့သပြေလမ်း၊ အမှတ်(၁၂၄/၁)ဟုခေါ်တွင်သော နေအိမ် (ရေ၊ မီးအစုံ)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေစာရင်းအမည်ပေါက်သူ ဦးသန်းစိုး ၁၂/ဥကတ(နိုင်)၁၀၄၈၄၈(ကွယ်လွန်)၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော ဇနီး ဒေါ်စန်းကြည် ၁၂/ဥကတ(နိုင်)၁၀၄၈၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်ဝယ်ယူခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော်(စဉ်-၃၀၉၃၈)
LL.B,D.I.L,WIPO (Switzerland)
အထက်တန်းရှေ့နေ
FAST-FORWARD၊ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ်(၂၄)၊ မြေညီထပ်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၄၃၁၂၉၀၉၃၊ ၀၉-၄၂၃၆၅၈၀၉၂

ဦးတင်ထွန်းအောင် ၅/ကနန(နိုင်)၀၃၆၅၅၀ အုပ်ချုပ်မှုဒါရိုက်တာ Youth Force Hotel Co., Ltd. အမှတ်(၃၆)၊ သံတမန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ် သံတမန်လမ်း၊ အမှတ်(၃၆)၊ ယခင်နိုင်ငံခြားဝန်ကြီးဌာန၊ ရုံးဟောင်းအဆောက်အအုံသုံးလုံးအား ရှေးမူမပျက်ပြုပြင်မွမ်းမံ၍ အကျိုးတူလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု ကျပ် ၁၀၀၀၀၀၀၀၀၀ (ကျပ်သိန်းတစ်သောင်း)ထည့်ဝင်၍ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး မှတ်ပုံတင်စာချုပ်အမှတ်(၈၁၃၉/၂၀၁၂) ၂၀-၇-၂၀၁၂ရက် နှစ်ဦးသဘောတူ အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းစာချုပ်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(B.O.T)စနစ်ဖြင့် ဆောင်ရွက်ခွင့်ရှိသူ ဦးတင်ထွန်းအောင်နှင့် ဦးရဲဝင်း ၁၂/သဃက(နိုင်)၁၈၂၇၁၂တို့ ချုပ်ဆိုခဲ့ကြပါသည်။ ထိုနှစ်ဦးသဘောတူလုပ်ငန်းလုပ်ကိုင်ခွင့် စာချုပ်ပါအရ ခွင့်ပြုချက်ရရှိရန် အိုးအိမ်ဦးစီးဌာနသို့လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့လည်းကောင်း လျှောက်ထားတင်ပြရန် ဦးရဲဝင်းမှ စီစဉ်ဆောင်ရွက်ဆဲဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်း၏အကျိုးအမြတ်များအား ဦးရဲဝင်းမှ ဦးတင်ထွန်းအောင်နှင့်တစ်ဝက်စီခံစားရပိုင်ခွင့်ရှိသူဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးရဲဝင်း၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အကျိုးတူလုပ်ငန်းအားအခြားသူတစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်း၊ တခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ လုပ်ပိုင်ခွင့်များအား လွှဲပြောင်းခြင်းမပြုရန် ဦးတင်ထွန်းအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲဝင်း
၁၂/သဃက(နိုင်)၁၈၂၇၁၂
အုပ်ချုပ်မှုဒါရိုက်တာ
ရွှေသွေးကုမ္ပဏီလီမိတက်
အမှတ်(၁၉)၊ ရတနာသီရိအိမ်ရာ၊
ရတနာသီရိလမ်း၊ ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၂၂၄

ဒေါ်ဝင်းသီတာ **နှင့်** ၁။ ဒေါ်တင်စိန်
၂။ ဒေါ်သီတာဆွေ

တရားလို **တရားပြိုင်များ**

အမှတ် ၁၉၊ ပုသိမ်ညွှန့် ၂ လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်တင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်နေအိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် အောက်တိုဘာ ၈ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေရီ)
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်၏ နိုင်ငံကူးလက်မှတ် M- ၃၉၄၉၄၈ ခရီးသွားရင်း ပျောက်ဆုံးသွားပါကြောင်း။

ဖုန်း-၀၉-၅၄၀၃၄၅၅

မြေနှင့်အိမ် အမြန်ရောင်းမည်

အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ယခင်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်)အနီး၊ မြေအကျယ် ပေ၅၀×၉၁ပေရှိမြေနှင့်အိမ်ရောင်းမည်။ ဝယ်လိုသူ ကိုယ်တိုင်၊ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၁-၂၁၀၅၀၇၊ ၀၉-၅၁၂၇၈၆၂

ရာထူးဝင်ခွင့် အောင်သဝ် သင်တန်း

J.O တရားရေးဝန်ထမ်းအဆင့်(၄)

(A) Sat,Sun 9:00 - 12:30 **တန်းခွဲ (A) ပြည့်ပြီ**
(B) Sat,Sun 12:30 - 4:00 **စက်တင်ဘာ (၇) ဖမည်**
(C) Thus,Fri 9:00- 12:30 **စက်တင်ဘာ (၁၂) ဖမည်**

ဘယ်တန်းခွဲတက်တက် သင်တန်းကြေး ၄၀၀၀၀ ကျပ်

၁၄၈(၄လွှာ) ဆိပ်ကမ်းသာလမ်း(အောက်)၊ ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 86 32973, 09 4500 17415

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ၊ ကန်ထရိုက်တာထံမှ တဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက စာရွက်စာတမ်း အထောက်အထား များနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ကန်ထရိုက်တာDr မြတ်နိုး ၁၂/သဃက(နိုင်)၀၂၇၀၇၂ (မှ)		အမှတ်(၁၆၈/၁၈၈)၊အခန်း(၁၈) မြေညီထပ်၊၂၇လမ်း၊ပန်းဘဲတန်း
	ဦးကျော်ကြီး(ခ)ဦးကျော်ခင် ၁၂/ဗဟန(နိုင်)၀၅၉၉၂၅ (မှ)	ဦးသိန်းထွန်း ၁၂/လသန(နိုင်)၀၀၈၄၈၁	
၂။	ဒေါ်သင်ဇာပိုင် ၁၂/ဒလန(နိုင်)၀၅၃၈၈၇ (မှ)	ဦးဝင်းကြည် ၁၂/ကတတ(နိုင်)၀၀၈၆၀၉	အမှတ်(၄၈)၊အခန်း(၁၁) ဗဟိုစည်အိမ်ရာ၊လမ်းမတော်
		ဒေါ်ခင်သော်တာထက် ၁၀/မဒန(နိုင်)၁၃၇၈၁၃	
၃။	ဒေါ်အိအိစံလှ ၉/မရမ(နိုင်)၀၀၀၅၆၁ (မှ)	ဒေါ်သန်းသန်းဆွေ ၁၂/ကတတ(နိုင်)၀၀၈၁၇၆	အမှတ်(၄၁)၊အခန်း(၄) ဗဟိုစည်အိမ်ရာ၊လမ်းမတော်
၄။	ဒေါ်ကျင်စိန် ၁၀/မလမ(နိုင်)၀၅၇၇၂၄ (မှ)	ဒေါ်သန်းသန်းဆွေ ၁၂/ကတတ(နိုင်)၀၀၈၁၇၆	အမှတ်(၄၀)၊အခန်း(၂၁) ဗဟိုစည်အိမ်ရာ၊လမ်းမတော်
၅။	ဦးဘခင် LC-၁၇ ၁၂/မဂတ(နိုင်)၀၇၉၉၅၄ (မှ)		အမှတ်(၁၆၁)၊၆လွှာ(ယာ) လမ်း(၃၀)၊ပန်းဘဲတန်း
	ဦးကိုကိုလေး ၁၂/မဂတ(နိုင်)၀၀၃၆၅၂ (မှ)	ဦးအေးလှိုင်ဝင်း ၁၂/မဂတ(နိုင်)၀၉၀၁၇၁	
၆။	ဦးခင်မောင်ရွှေ ၁၃/ကမန(နိုင်)၀၀၉၆၃၀ (မှ)		အမှတ်(၉)၊အခန်း(၁၃) လှိုင်မြင်းမိုရ်အိမ်ရာ၊လှိုင်
	ဦးကျော်ငွေ ၁၃/ကမန(နိုင်)၀၀၆၂၁၅ (မှ)	ဒေါ်မင်းမင်းအေး ၁၁/သတန(နိုင်)၀၀၀၄၉၉	
၇။	ဦးတင်မောင်ဝင်း LC-၀၃ ၁၂/လမတ(နိုင်)၀၁၅၉၅၄ (မှ)		အမှတ်(၁၄၀/၁၄၂)အခန်း(၈)၄လွှာ(ယာ) ဆိပ်ကမ်းသာလမ်း၊ကျောက်တံတား
	ဦးမြင့်သိန်း ၁၀/သထန(နိုင်)၀၉၃၂၅၇ (မှ)	ဒေါ်အပြုံး ၁၂/ကတတ(နိုင်)၀၂၁၁၀၁	
၈။	ဦးထွေးကြည် TTE ၁၇၆၃၈၆ (မှ)	ဦးဝေမြင့် ၁၂/ကတတ(နိုင်)၀၀၉၀၇၈	အမှတ်(၅၂၅/၅၂၇)၊အခန်း(၂၇) ကုန်သည်လမ်း၊ကျောက်တံတား
၉။	ကန်ထရိုက်တာဦးအောင်ဇော်ဝင်း(ကစ) ဦးမျိုးကိုကို ဒါရိုက်တာ၊ ရှိုင်းဆောက်လုပ်ရေး(မှ)		အမှတ်(၁၇၃)၊အခန်း(၇-ဘီ) ၃၈လမ်း၊ကျောက်တံတား
	ဒေါ်ကေသီဝင်း ၁၂/ကတတ(နိုင်)၀၂၄၇၆၅ (မှ)	ဦးသက်နိုင်ဦး ၁၂/ကတတ(နိုင်)၀၂၃၂၅၃	
၁၀။	ဦးသိန်းဟံ(ကွယ်လွန်) ၁၂/အလန(နိုင်)၀၂၀၈၄၄(ကစ)	ဒေါ်မူမူဟန် ၁၂/အလန(နိုင်)၀၀၁၀၉၂	အမှတ်(၂၃)၊အခန်း(၂၃) လှိုင်မြင်းမိုရ်အိမ်ရာ၊လှိုင်
	ဒေါ်ကြည်ကြည်လွင်(ဇနီး) ၁၂/အလန(နိုင်)၀၂၀၇၈၄ (မှ)	ဦးပိုင်စိုး ၁၂/လမန(နိုင်)၁၄၄၉၅၅	

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ပြည့်စိုး၏ နိုင်ငံကူးလက်မှတ် 456134 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၂၀၁၈၂၇၈၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၂)လမ်း၊ အမှတ်(၉၁၈)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၁၂) မြေကွက်အမှတ် (၉၁၈)၊ ဧရိယာ(၄၀×၆၀)ပေရှိနှစ်(၆၀)ဂရန်မြေကွက်၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ညွန့်ဖြူ (၁၂/ဥကတ(နိုင်)၁၁၇၉၁၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထွေးနိုင် (၁၂/ဒဂန(နိုင်)၀၀၁၉၀၂)က အပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်ဖိုး စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပါသည်၊

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ အထောက်အထားမှုရင်းများ တင်ပြ၍ ကျွန်ုပ်ထံသို့ ကြော်ငြာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မှုမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြင့်လွင် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး (စဉ်-၆၈၉၃)
အမှတ်(၃၉)၊မြေညီ၊မှန်ရခဝလမ်း၊ဆရာစံမ/၇ ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်၊(၀၉ ၅၁၅၉၃၉၄)

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၇-အီး/၁-က)၊ ဧရိယာ ၀ ဒသမ ၀၇၁၈ဧကရှိ မြေပိုင်မြေအား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်တင်ထူး၊ ဒေါ်တင်နွယ်အေး အမည်ပေါက် မှတ်သားတည်ရှိပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၁၁ နေ ဒေါ်တင်နွယ်အေး(ဘ)ဦးမောင်ကလေး ၁၂/ကမရ(နိုင်)၀၅၃၂၈၅ မှ ကမာရွတ်မြို့နယ်၊ ၁ ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ် ၁၁ နေ ဦးခင်မောင်သိန်း(ဘ)ဦးမောင်ကလေး ၇/တငန(နိုင်)၀၁၃၅၀၁ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၉၅၈/၂၀၁၃အရ (၄-၇-၂၀၁၃)ရက် အထွေထွေကိုယ်စားလှယ် ဆောင်ရွက်ရန်အတွက် ပေးအပ်ခဲ့ပြီးဖြစ်ပါ၍ ဦးခင်မောင်သိန်း မသိရှိဘဲ မည်သည့်ဆောင်ရွက်မှုမျှ လုံးဝမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီရိဝင်း(စဉ်-၂၈၂၁၇) LL.B, D.B.L
အထက်တန်းရှေ့နေ

ဦးအုန်းသန်း(စဉ်-၈၂၃၉) B.A(Geog), H.G.P, R.L,D.B.L
တရားလွှတ်တော်ရှေ့နေ

အမှတ်(၃၁၀/ခ)၊ ဗလ္လိက ၁၂လမ်း၊ ၁၀ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၇၃၀၈၅၄၉၈၊ ၀၉-၇၃၀၀၀၂၃၈၊ ၀၉-၄၅၀၀၁၉၇၄၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ပျဉ်းကတိုးလမ်း၊ မြေကွက်အမှတ်(၁၉၀)၊ အိမ်အမှတ်(၅၃) ဟုခေါ်တွင်သော မြေအလျား×အနံ (၆၀×၄၀)ပေ၊ (၂၄၀၀)စတုရန်းပေ၊ မြေဧရိယာ (၀.၀၅၅)ဧကအကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက် **ဒေါ်နွယ်နီသိန်း**(၁၂/ဗဟန(နိုင်)၀၅၃၉၈၉)(L/RGN-၀၄၂၀၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေ နှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇင်မင်းထိုက် LL.B, D.B.L.
အထက်တန်းရှေ့နေ (စဉ်-၃၀၀၉၄)

ဒေါ်နှင်းဝတ်ရည် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၁)

အမှတ်(၈၇၅/က)၊ပြဟ္မစိုရ်လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၀၉၄၉၄၅၂၂၈၂ ၊ ၀၉၄၂၁၇၁၇၄၃၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၆၊ မြေကွက်အမှတ် ၁၀၉၄ အမည်ပေါက် ဦးသိန်းအောင် ၁၂/လမန(နိုင်)၀၁၂၇၉၁ ထံမှ အဆင့်ဆင့်ဝယ်ယူသူ ဦးရဲမြင့် အက်စ်/အိုကေအေ-၀၁၂၀၄၆၏ လက်ဝယ်ရှိပါမစ်မူရင်းသည် ရှုံးခွဲလယ်ဂျာ၌ စာရင်းမသွင်းရသေးပါသဖြင့် စာရင်းရေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရှုံးခွဲစာရင်းဝင်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၁၁၁၂ အမည်ပေါက် ဦးသောင်း အေဘီ-၀၃၀၇၆၇ ထံမှ ဝယ်ယူထားသူ ဦးဇော်လင်း ၉/ပမန(နိုင်)၁၁၂၃၇၁ သည် ၎င်းမြေကွက်အား ရုံးခွဲမှတ်ပုံတင်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲမှတ်ပုံတင်ဝင်ခွင့်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဒေါ်ကျင်မြင့်
(ဘီတွတ်ကျေးရွာ၊လပွတ္တာမြို့နယ်)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ် ၁၁နေ (ဦးကျင်သန်း - ဒေါ်သန်းရင်)တို့၏သမီးကြီး၊ (ဦးအလူး-ဒေါ်မြသင်)တို့၏ချွေးမ၊ ဦးဗိုလ်ချုပ်(ခ)ဦးသန်းဝေ၏ဇနီး၊ ဦးထွန်းထွန်းဦး(ခ)ဦးငွေအောင်-ဒေါ်ရွှေကြည်၊ ဦးကျော်ကျော်နိုင်-ဒေါ်အိထွေးမော်၊ ဦးနိုင်လင်း(ခ)အတိုး-ဒေါ်စိုးစိုးလွင်(ခ)လုံးလုံး၊ ဦးလှဝင်းထွဋ်(ခ)လင်းလင်း-ဒေါ်လှဲ့လှဲ့ဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက်၈း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်ဝင်း အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်း မြို့နယ်၊ ၈/တောင်ရပ်ကွက်၊ တိုက် ၃၊ အခန်း ၁၀၁၊ သာစုအိမ်ရာနေ (ဦးထွန်းရှိန်-ဒေါ်အုန်းခင်)တို့၏သမီး၊ ဒေါ်သိန်းညွှန့်၊ (ဦးသိန်းထွန်း)၊ ဦးသန်းတင်တို့၏ညီမ၊ဒေါ်ညွှန့်ညွှန့်ဝင်း၊ဒေါ်ရီရီမြင့်တို့၏ အစ်မ၊ ဦးအောင်မြင့်၏ဇနီး၊ (ဇော်ဝင်းအောင်)၊ ကိုကိုအောင်-မလွင်မာဦးတို့၏ မိခင်၊ဝေယံ၏အဘွားသည် ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၉- ၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စီးပွားရေးကြော်ငြာ

ဘုရားသေ့ ဦးအောင်ဖေစိန်(ခ)ထိုက်အိမ်ဘိုးဘိုး
သက်တော်(၈၈)နှစ်

ထိုက်အိမ်ဘိုးဘိုး(ခ)ဓာတ်ပေါင်းဥသျှောင်ဘမင်းခေါင်သည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ရက်) ၂-၉-၂၀၁၃ရက် နံနက် ၇နာရီတွင် ကံကုန်သွားပါသဖြင့် (တော်သလင်းလဆန်း ၂ရက်) ၆-၉-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ ညောင်အင်းကျေးရွာဘုန်းကြီးကျောင်းဗိမာန်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျင်းပရေးအဖွဲ့ ဦးစန္ဒိမာ

ဒေါ်နန်းအုမ်(ခ) ဒေါ်နန်းခမ်းပန်
အသက်(၉၆)နှစ်

သိန်းနီစော်ဘွား (စဝ်အုပ်ဖ)၏ဇနီး၊ (ဒေါ်ခမ်းစမ်)၊ [ဒေါ်ခင်ချို(ခ)ဒေါ်နန်း ဝမ်]ဦးအုမ်ခမ်း-ဒေါ်ဆိုင်ကျန်၊ ဒေါ်နန်း ခမ်းလူ၊ (ဒေါ်နန်းရွှေနု)၊ ဦးရဲလင်း-ဒေါ်နန်းသေးသေးယဉ်(ရန်ကုန်)၊ (ဦးစိုင်းထွန်းလှ)၊ ဦးစိုင်းအောင်ညွန့်-ဒေါ်ဘောက်နန်၊ ဦးစိုးလင်း-ဒေါ်နန်းလောင်ခမ်း(ရန်ကုန်)၊ ဦးစောနော်လျန်-ဒေါ်နန်းမြသိန်းငွေးတို့၏မိခင်၊ မြေး ၃၃ယောက်၊ မြစ် ၁၈ယောက်၊ တီ ၂၀တို့၏ဘွားဘွား ကြီးသည် ၁-၉-၂၀၁၃ရက် ည ၈း၂၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၃ရက်(အင်္ဂါနေ့)တွင် (ဖိုင်ခမ်း)သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၉-၂၀၁၃ရက်တွင် သိန်းနီမြို့ ကျောင်းဆိုင် ဘုန်းကြီးကျောင်း၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည် အသက်(၈၇)နှစ်

(ဦးဖိုးတန်-ဒေါ်အားထွေး)တို့၏သမီး၊ (ဦးယူစီ)၏ဇနီး၊ (နော်ဘဲဖော)-ဦးဇော်နော်၊ စောမိုရှေး-ဒေါ်ဘေဘီ၊ စောအယ်ဒိုဝါး-မအဝင်း၊ (နော်ဒေါ်လေဖော-ဦးဝွန်ဂျတ်)၊ စောချစ်စမ်းမောင်(I.C)- ဒေါ်ခင်ခင်မိုး(M.Y.C)တို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၉-၂၀၁၃ရက် နံနက် ၇း၁၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် M.Y.Cဘုရား ရှိခိုးကျောင်း၌ဝတ်ပြုပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်မြမြစန်း(ခ)မိုင်မူနာယူစွဖ် (ရန်ကုန်၊ပုသိမ်)
အသက်(၈၇)နှစ်

ယခင် ၂၈၊ ပတ်ကလိန်း၊ ၄/၈၊ စိန်အန်ထော်နီလမ်း၊ Shamie Family ဦးမုဟမ္မဒ်ယူစွဖ်ကာစင် Rander (ဇာမဏီ စွပ်ကျယ်)၊ဦးဂူလမ်ဟူစိန်အချား(သမာဓိမြို့ဝန်၊ ပုသိမ်)တို့၏မြေး၊ ဦးအီအမ်အီစွဖ်-ဒေါ်အရှာတို့၏သမီးကြီး၊(မွတ်ဖ်သီချုပ်မဟ်မူဒ်ဒါဂူဒ်ယူစွဖ်-ဒေါ်ဇိုင်နဗ်)၊ (မူဟမ္မဒ်၊ ဘာဘူအဟ်မဒ်၊ရှမီမုန့်တိုက်)၊ (Dr. နလ္လား) (Canada)၊ ဟလီမာ Karachi တို့၏ညီမ၊ အဟ်မဒ်-Dr. အိုင်ရှာယူစွဖ် (US)၊ ဟာရှင်ဘကြူး (Scotland)၊ Dr. တိမိုး-ဟာဝါယူစွဖ် (UK)၊ ရဟီမာလှဲ့လှဲ့ဆွေ PT (Singapore)၊ ဖာရွတ်ပတေးလ်၊ ခါလစ်ပတေး (အမီးရ်ပုသိမ်)၊ ဂိုရာမူဆာ-ဟာဖီဇာအချား (Saudi)၊ Dr.ထင်ကျော် (Malaysia)တို့၏အစ်မ၊ခတီချာ၊ ဖွာတမာ(ဟာရှင်)၊ (ဟာဝါ)၊ စာရာ၊ Dr.အောင်စိုး (ပြည်နယ်ဆေးရုံအုပ်ကြီး)-ဒေါ်ဥမ္မာတို့၏အစ်မကြီး၊ မြတ်သူ-စလ်မာ၊ အူဘယ်ဒါ (Hello Mobile ပုသိမ်)၊ Dr. အစလမ် (Saudi)၊ Dr. Saleem (Saudi)တို့၏ကြီးတော်၊ အာအေရှာကေဇင်ဟန်အဗ္ဗဒူလာ-ဆိုဖီ (Zaire- Africa)၊ မွဖ်သီစအဒ်တို့၏အဘွားသည် ၁-၉-၂၀၁၃ရက် နံနက် ၆း၂၀နာရီတွင် အမှတ် ၆၊ ၁၃၂လမ်း၊ မအူကုန်းနေအိမ်၌ အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇူဟာရ်စလာတ်အပြီး ရေဝေးစွန္နီဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မကြီး(ခ)ဒေါ်အေးအေး
အကျဉ်းဦးစီးဌာန(ငြိမ်း)၊ ကျိုက်လတ်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၉နေ (ဦးထွန်းလင်းဒေါ်မြဇင်)တို့၏သမီးကြီး၊ ဦးကြည်(အထက-၃၊ ကြည့်မြင်တိုင်)၏ဇနီး၊ ဦးကိုကိုကြီး-ဒေါ်ငွေးငွေးဝင်း၊ (ဦးတင်လတ်)၊ ဒေါ်ရီရီလတ်၊ (ဦးတင်မောင်အုန်း)-ဒေါ်ခင်ထွေးကြည်၊ ဦးမျိုးတင့်-ဒေါ်ငြိမ်းငြိမ်းဝင်း၊ ဦးဟန်တင့်-ဒေါ်မြမြစိုးတို့၏အစ်မကြီး၊ ဦးဝင်းအောင်(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြည့်မြင်တိုင်)-ဒေါ်ဥမ္မာ၊ ဦးထင်အောင်(ခေတ္တ-မလေးရှား)တို့၏မိခင်၊ မောင်အောင်ကို၊ မအေးမြတ်မွန်၊ မနှင်းနှင်းဝင်းတို့၏အဘွား၊ တူ၊ တူမ ၁၄ယောက်တို့၏ကြီးတော်သည် ၂၉-၈-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၃ရက် (စနေနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြခိုင် ကုန်သွယ်ရေး(ငြိမ်း)၊ ယာဉ်စက်
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊လသာမြို့နယ်၊ အမှတ် ၁၀၇/၁၀၉၊အနော်ရထာလမ်း၊ ဝါဝါဝင်းတာဝါနေ ဦးမောင်ရိုက်-ဒေါ်သိန်းတို့၏သား၊ ဦးသာလှိုင်၊ ဒေါ်အေးရွှေတို့၏သားသမက်၊ ဒေါ်အေးလှိုင်၏ခင်ပွန်း၊ ဦးချူးစံ-ဒေါ်အေးအေးခိုင်(ခေတ္တ-ဂျပန်)၊ ဦးကိုကိုလွင်-ဒေါ်မိုးသီတာခိုင်(လုဒေဝီတူရိယာဆိုင်)တို့၏ ဖခင်၊ မသိမ့်သင်ဇာ၏အဘိုးသည် ၃-၉- ၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုမျိုးသန်းထွန်း
အသက်(၄၂)နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကန်တော်ကျေးရွာနေ (ဦးကျော်ရှင်း-ဒေါ်စန်းစန်း)၊ ဦးသန်းနိုင်ဦး-ဒေါ်သန်းသန်းဦး၊ ဒုတိယဗိုလ်မှူးကြီးဝင်းခိုင်ထွန်း-ဒေါ်ဆွေဇင်လတ်၊ ဦးသော်တာထွန်း-ဒေါ်စန်းရီမွန်တို့၏အစ်ကိုကြီး၊ မသဇင်ထွန်း၏ဖခင်၊ ဒေါ်အေးအေးမာ၏ခင်ပွန်းသည် ၃၀-၈-၂၀၁၃ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၁၃ရက် ညနေ ၃ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးပိုင်ဝင်းသန့်
အသက်(၄၁)နှစ်

ရန်ကုန်မြို့ ၊ဗဟန်းမြို့နယ်နေ (ဦးမြင့်လွင်)-ဒေါ်မြင့်မြင့်တို့၏သားကြီး၊ ဦးအောင်အောင်-ဒေါ်ထာနီမွန်၊ ဒေါ်သစ်သစ်လွင်၊ ဗိုလ်မှူးစိုးမှူး-ဒေါ်သူရီလွင် တို့၏အစ်ကိုကြီး၊ မအေးချမ်းမိုး၊ မမေသူ သူခိုင်၊မောင်ကောင်းဆက်နိုင်တို့၏ဖခင်၊ မမြမှူးသဒ္ဒါ၊ မောင်ဖိုးပြည့်တို့၏ဘကြီး သည် ၂-၉-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့)တွင် တိုက်ကြီးမြို့၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကင်ကြည်(ခ)ဒေါ်ကြည်
(ထားဝယ်)
အသက်(၈၈)နှစ်

ဦးမြတ်သိန်း၏ဇနီး၊ ဒေါက်တာယုစိန်-ဒေါ်တင်ဇာထိုက်၊ ဒေါက်တာယုယုဌေးတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစု၊ ဆွေမျိုးမိတ်ဆွေများနှင့်အတူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးအေးသန့်-ဒေါ်အေးရီ ရန်ကုန်မြို့

ဦးကျော်ဦး (တောင်ငူ)
(မြန်မာ့အသံ၊ ကျော်ဦး) ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့အသံ
အသက်(၇၉)နှစ်

တောင်ငူမြို့၊ ပွဲစားတန်းနေ (ကုန်သည် ဦးလှိုင်-ဒေါ်လုံး)တို့၏သားကြီး၊ မုဒုံမြို့၊ မင်းတန်းရပ်နေ (အငြိမ်းစားပညာအုပ် ဦးစံတင်-ဒေါ်မြသွင်)တို့၏သား သမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်၃နေ (ဒေါ်မေမေညွှန့်၊ အထက်တန်းပြ ဆရာမ၊ ငြိမ်း၊ အထက-၂၊ ဗဟန်း) ၏ခင်ပွန်း၊ ဒေါ်သက်သက်ဦး-ဦးအောင်နေဦး၊ ဦးအောင်ချိုဦး-ဒေါ်ဖြူဖြူစန်း၊ ဒေါ်ဝေဝေဦး-ဦးဇော်မင်းသန်း(Michael) တို့၏ဖခင်၊ Kendra Oo, Kaydre Oo၊ တင့်အေးချမ်း၊ ထက်ဟေသီအိတို့၏အဘိုးသည် ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၀၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ဦး (တောင်ငူ)
(မြန်မာ့အသံ၊ ကျော်ဦး) ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့အသံ
အသက်(၇၉)နှစ်

တောင်ငူမြို့၊ ပွဲစားတန်းနေ (ကုန်သည် ဦးလှိုင်-ဒေါ်လုံး)တို့၏သားကြီး၊ မုဒုံမြို့၊ မင်းတန်းရပ်နေ (အငြိမ်းစားပညာအုပ် ဦးစံတင်-ဒေါ်မြသွင်)တို့၏သား သမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၃ နေ (ဒေါ်မေမေညွှန့်၊ အထက်တန်းပြဆရာမ၊ ငြိမ်း၊ အထက-၂၊ ဗဟန်း) ၏ခင်ပွန်း၊ (ဒေါ်တင်ညွှန့်-ဦးလှမြင့်)၊ (ဒေါ်သန်းနု)၊ (ဦးဘဟန်)-ဒေါ်ခင်စန်း တို့၏ညီ/မောင်၊ ဦးမြတ်ဦး-ဒေါ်ဒေစီလှ၊ ဒေါ်မြင့်မြင့်-ဦးသာထွန်းဦး၊ ဦးခင် မောင်တင်တို့၏အစ်ကို၊ တူ၊တူမ ကိုးယောက်တို့၏ဘကြီးသည် ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၀၀း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်လွင်
အကြံပေးပုဂ္ဂိုလ်(ဟောင်း)
အကြံပေးပုဂ္ဂိုလ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် ၂၃(ဘီ)နေ ဦးအောင်လွင်သည် ၂၇-၈-၂၀၁၃ ရက်(အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည် မိသားစု
Fortune International Co., Ltd.

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း
ဦးကြိုင် (ပခုက္ကူမြို့)၊ ညွှန်မှူး၊ ငြိမ်း၊ လယ်/သစ်ဝန်ကြီးဌာန
၅-၈-၂၀၁၃ မှ ၅-၉-၂၀၁၃
ပြုပြုသမျှ ကုသိုလ်အစုစုအတွက် အမြဲတမ်းအမျှပေးဝေနေပါတယ် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ

အစ်ကို - ဦးစောလှိုင်-(ဒေါ်မြခင်)
တူမများ - ဦးခင်မောင်မြင့်-ဒေါ်ခင်စောမြင့်
- ဒေါ်ခင်မမ (လ/ထ မန်နေဂျာ၊ ငြိမ်း၊ စီးပွားဘဏ်)
- ဒေါ်လှလှမြင့်(အထပြ၊ အထက-၂၊ မင်းဘူးမြို့)
- ဦးဝင်းရွှေ-ဒေါ်မေပုလဲ(အလပြ၊ အမက-၂၄၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့)
- မြေးမြစ်မိသားစု(၂ လမ်း၊ အမှတ် ၂ ရပ်ကွက်၊ မင်းဘူးမြို့)

ဝမ်းနည်းကြေကွဲခြင်း

ပေါင်းတည်မြို့၊ (၆)လမ်းနေ (ဦးလှသိန်း)-ဒေါ်တင်ရီတို့၏သားကြီး၊ ရန်ကုန်မြို့နေ ဦးသာလှဖြူ-ဒေါ်စန္ဒာလှမြင့်၊ ဦးတင်လှဖြူ-ဒေါ်တင်တင်အုန်းတို့၏အစ်ကိုကြီး၊ ပြည်မြို့ ခရမ်းကုန်းရပ်ကွက်နေ ဦးလှသောင်း-ဒေါ်ခင်မေတို့၏သားသမက်၊ ဒေါ်ခင်ဌေးဦး (ဝေဖြိုးပဲကြော်လုပ်ငန်း)၏ခင်ပွန်း၊ ကိုတင်အောင်ဖြူ၊ ကိုမိုးဟိဏ်းဖြူ(ခေတ္တစင်ကာပူ)တို့၏ ချစ်လှစွာသောဖခင် ဦးထွန်းလှဖြူ အသက်(၅၃)နှစ်သည် ၁-၉-၂၀၁၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဇင်မင်းထက်၊ သန်းစိန်၊ ရဲနိုင်၊ ကျော်စိုးမင်း

ဝမ်းနည်းကြေကွဲခြင်း

PACIFIC HIGH TECHNOLOGY INT'L GROUP OF COMPANIES ၏ ဥက္ကဋ္ဌ ဦးထွန်းနိုင်-ဒေါ်သင်းသင်းလွင်တို့၏ဖခင် ဦးဝင်းနိုင်ထွန်း-ဒေါ်ခင်ကျော့ရှင်းတို့၏ အဘိုး ဦးမောင်ကြီး(ခ)ဦးချိန်တန် အသက်(၉၄)နှစ်သည် ၃၀-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

PACIFIC HIGH TECHNOLOGY ENGINEERING SERVICES CO., LTD.
မိသားစုနှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကင်ကြည်(ခ)ဒေါ်ကြည်
(ထားဝယ်)
အသက်(၈၈)နှစ်

ဦးမြတ်သိန်း၏ဇနီး ဒေါက်တာယုစိန်-ဒေါ်တင်ဇာထိုက်၊ ဒေါက်တာယုယုဌေးတို့၏မိခင် မြေးသုံးယောက်တို့၏အဘွားသည် ၁-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစု၊ ဆွေမျိုး၊ မိတ်ဆွေများနှင့်အတူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

Prime- Boss Co., Ltd.
(Sharp ရုံးသုံးပစ္စည်းများ)

အထူးဝမ်းနည်းကြေကွဲခြင်း
Rev. Dr. Paul F. Johns
အသက်(၇၉)နှစ်
Senior Pastor, Immanuel Baptist Church

ဧမာနွေလနှစ်ခြင်းအသင်းတော်၏ အဖသင်းအုပ်ဆရာတော်ကြီး Rev. Dr. Paul F.Johns သည် ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ဧမာနွေလ အသင်းသူ အသင်းသားများနှင့်တကွ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

လွတ်လပ်သော မက်သဒစ်အသင်းတော်များအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ
အသက်(၇၅)နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌဦးဆက်အောင်နှင့် ဒေါ်မေသန်းလွင်တို့၏ ချစ်လှစွာသောမိခင်ကြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၆၇/စီ)၊ အခန်း(အေ)၊ မြေညီထပ်နေ ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှသည် ၂၅-၈-၂၀၁၃ ရက် ညနေ ၅း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကမ္ဘာ့ရတနာဘဏ်လီမိတက်
(ယခင်)
မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စန်းမြင့် (ခရမ်း)
အသက် (၇၀)

ဒေါက်တာဇော်လင်း (တိုင်းငှက်ဖျားဆရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး)-ဒေါက်တာဝင်းဝင်းကြိုင် (ကထိက၊ ဒဿနိကဗေဒဌာန၊ ပဲခူးတက္ကသိုလ်)တို့၏မိခင် ဒေါ်စန်းမြင့် အသက်(၇၀)သည် ၃၁-၈-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာနိုင်နိုင်အေး (ပါမောက္ခ၊ ဌာနမှူး)နှင့်
ဆရာ ဆရာမများ၊ ဒဿနိကဗေဒဌာန၊ ပဲခူးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာ ဦးလှမင်း
မြန်မာနိုင်ငံ သွားနှင့်ခံတွင်း၊ ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)
ဒုတိယဥက္ကဋ္ဌ (၂၀၀၆-၂၀၀၈)
အသက်(၆၇)နှစ်

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) မန္တလေးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၆-၈-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း-

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)

အထူးဝမ်းနည်းကြေကွဲခြင်း
တကကရဲမြင့် (ငြိမ်း)
ရေ-၉၇၂၅ ရုံးအဖွဲ့မှူး

ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း တပ်ကြပ်ကြီးရဲမြင့်(ငြိမ်း) (ရုံးအဖွဲ့မှူး) သည် ၂၈-၈-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

တာမွေမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံးမှ ဦးထွန်းထွန်းမြင့် (ဦးစီးအရာရှိ)၏ ဇနီး ဒေါ်နွယ်နီမျိုး (ဒုတိယဦးစီးမှူး)သည် ၃၁-၈-၂၀၁၃ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းပါကြောင်း။

ဌာနမှူးနှင့်
ဝန်ထမ်းမိသားစု
ကုမ္ပဏီများဆိုင်ရာအခွန်ရုံး

အောက်မေ့ဖွယ်ရာ ဝတ်ပြုကျေးဇူးတော်ချီးမွမ်းခြင်း
ဗိုလ်မှူးကြီး မောင်မောင်အေး(ငြိမ်း)
ဒုတိယဝန်ကြီး(ငြိမ်း)
အသက်(၈၆)နှစ်

၁၀-၉-၂၀၁၁ရက်(စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သည်။

ဖခင်ကြီးသည် ခရစ်တော်၌ အိပ်ပျော်ခဲ့သည်မှာ (၂)နှစ်ပြည့်မြောက်ပါသဖြင့် အောက်မေ့သတိရလျက် မိသားစုမှ အောက်မေ့ဖွယ်ရာ ဝတ်ပြုကိုးကွယ်ကျေးဇူးတော်ချီးမွမ်းခြင်းအစီအစဉ်ကို အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၀-၉-၂၀၁၃ရက်(အင်္ဂါနေ့)
အချိန် - နံနက် ၁၀နာရီ
နေရာ - ရန်ကုန်ဝိုင်အမ်စီအေ(Yangon , Y.M.C.A)၊ သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်သိန်း(တက္ကသိုလ်ကိုလတ်)
(ညောင်လေးပင်)
အသက်(၆၇)နှစ်

ညောင်လေးပင်မြို့၊ စာတိုက်လမ်း၊ အမှတ်(၄)နေ တိုင်းရင်းမြန်မာ့သမားတော်ကြီး (ဦးလှအောင်-ဒေါ်သိန်းသိန်း)တို့၏သား၊ မြိတ်မြို့နေ ဒေါ်ခင်ခင်သိန်း၏ခင်ပွန်း ဦးမြင့်သိန်းသည် ၃၀-၈-၂၀၁၃ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
Pa NGIN ZA LIAN
လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန
အမှတ်(၃) ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းရုံး
ချင်းပြည်နယ်၊ ဟားခါးမြို့
အသက်(၅၈)နှစ်

ကလေးမြို့၊ သဇင်နယ်မြေ(၆)၊ အမှတ် ၆၄ နေ Nu Ngo Khan Dim ၏ခင်ပွန်း Pa NGIN ZA LIAN သည် ၁၄-၈-၂၀၁၃ရက်တွင် ဟားခါးမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ
ချင်းပြည်နယ်၊ ဟားခါးမြို့

ဒေါက်တာဌေးမြင့်ဝင်း (ကထိက၊ သွားတုဆေးပညာဌာန)
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရွှေအုန်းပင်အိမ်ရာ(၂)၊ တိုက်နံပါတ် ၂၄၊ အခန်းအမှတ် ၀၁နေ (ဦးလှဖေ-ဒေါ်ခင်အုန်းစိန်)တို့၏သား၊ ဦးသန့်ဇင်ဦး-ဒေါ်သီဂီလှ၊ ဦးသန့်ဇင်-ဒေါ်သူဇာလှတို့၏မောင်၊ ဦးဇော်မြင့်ဝင်း၊ ဒေါ်ဝါဝါခိုင်တို့၏အစ်ကို၊ မသန့်သန္တာထက်၊ မဇင်ဇင်၊ မောင်သူရိန်ထက်၊ မောင်သူရိန်ထွန်းတို့၏ဦးလေးသည် ၁-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူ အားရည်စူး၍ ၇-၉-၂၀၁၃ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှတင်(ခ)ဖိုးလပြည့် B.Sc. (Maths), M.SC (F.1)
၅-၉-၂၀၀၉ မှ ၅-၉-၂၀၁၃ ရက်အတွက်တောင်းဆု

* မတတ်သာ၍ ခွဲခွာရစ်ခဲ့
လှစ်ကာပြန်ကြည့်၊ လေးနှစ်ပြည့်ပြီ။
* လေးနှစ်အတွင်း ခရီးခင်းဝယ်
ဒွါရဝတီ၊ သလ္လာဝတီ
သာယာဝတီ၊ ကန္ဒရဝတီ
ဝတီလေးဖြာ၊ ပြောင်းရွှေ့ကာဖြင့်
ဝန်တာ ထမ်းရွက်ခဲ့ရသည်။
* ဖော်မဲ့လောကခံ၊ ကြံ့ကြံ့ခံလျက်
နေ့စဉ်၊ လစဉ်၊ နှစ်စဉ်မပြတ်
ရှင့်ကိုရည်မှန်းပေးလှူဒါန်းသည်
ရှင်လန်းအတူရှိဘိသို့
* လေးနှစ်ရည်စူးဒါနထူးမှာ
ဘိုးဘွားများမှီ၊ ရွှေဆယ်ဝတီနှင့်
ပြည်နယ်ဘိုးဘွား၊ ရိပ်သာများ၌
ပြည့်ပွားသဒ္ဓါ စေတနာဖြင့်
နေ့တာအာဟာရ လှူဒါန်းသည့်ပြင်
ပင့်သံဃာများ ဝါဆိုသင်္ကန်း
ဆက်ကပ်လှူဒါန်းပါ၏။
* ယခုပြုရ၊ ကုသလကို
ဘဝတစ်ကွေ့၊ ကြုံလာတွေ့၍
မရွေ့မပြောင်း၊ နည်းလမ်းကောင်းဖြင့်
ကြောင်းကျိုးသွန်သင်၊ သနားကြင်ပြီး
တွယ်ငင်ယုယ၊ ကူဖေးမလျက်
အေးမြမေတ္တာ၊ လွှမ်းခြုံကာသည့်
သစ္စာထုံမွမ်း၊ ချစ်ခင်ပွန်းအား
လွမ်းဆွတ်တမ်းတ ဝေမျှ၏
* ပြုသည့်ကောင်းမှု၊ အစုစုကို
မှတ်ပြုစွဲကာ၊ အေးရိပ်သာ၌
ခိုကာမေးစက်၊ ဆိတ်ငြိမ်သက်၍
စွဲလျက်ပျော်စေ၊ တောင်းဆုချွေသည်
မသွေတောင်းဆုပြည့်ပါစေ----

ချစ်ဇနီး ဝင်းဝင်းလှိုင်(ခေတ္တ-ကန္ဒရဝတီ)
သား-ရွှေအုပ်စိုး၊ ဉာဏ်လင်းသစ်(အထက-၃၊ ဒဂုံ)

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးညဏ်လွင်

C.O.D တကက(ငြိမ်း)

အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၄၄၈/ကနေ (ဦးစံငွေ-ဒေါ်သင်း)တို့၏သား၊ ဒေါ်တင်ညွန့်၏မောင်၊ (ဦးရဲအောင်)-ဒေါ်သန်းညွန့်၊ ဦးအေးမောင်(ကေတုမတီကုမ္ပဏီ ဒါရိုက်တာ)-ဒေါ်စံပါယ်တို့၏အစ်ကို၊ (ဒေါ်ကျင်တီ)၏ခင်ပွန်း၊ ဦးသန်းဝင်း(ထာဝရကုမ္ပဏီ၊ ရွှေမိုင်း)-ဒေါ်ခင်ချိုလင်း၊ ဦးကျော်လွင်(သန်မြန်သူ ၇၉လိုင်း)- ဒေါ်သီဂီဝင်း၊ ဦးမြင့်လွင်-ဒေါ်ဖြူဖြူလွင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃-၉-၂၀၁၃ရက်(အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးမောင် B.A,B.L, D.P.A (Manchester)

ခရိုင်ဝန်(ငြိမ်း)၊ ညွှန်ကြားရေးမှူး(ငြိမ်း)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

Deputy Commissioner (Rtd) Consultant in Law

မြန်မာနိုင်ငံဝန်ထမ်း(ငြိမ်း)တစ်ဦး၊ ပြည်သူ့ခေတ်ဂျာနယ်

အသက်(၈၄)နှစ်

ဟင်္သာတမြို့နေ (ဦးခင်မောင်-ဒေါ်သီလှ)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၉၊ ရွှေတောင်တန်းလမ်းနေ [ဒေါ်သန်းသန်းအေး၊ စာကြည့်တိုက်မှူး(ငြိမ်း)၊ အမျိုးသားစာကြည့်တိုက်]၏ခင်ပွန်း၊ အမှတ် ၃၂/A၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊အင်းလျားမြိုင်လမ်း၊ဗဟန်းမြို့နယ်နေ ဦးသန်းလွင်[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆေးဝါး၊ စက်မှု-၁]-ဒေါ်ရင်ရင်မြ(ဌာနခွဲမှူး၊ စက်မှုစီမံကိန်းဦးစီးဌာန၊ စက်မှု-၁)တို့၏အစ်ကို၊ ဒေါ်ခင်မျိုးဇင်(အထက-၂၊ စမ်းချောင်း)၊ Capt. ဝင်းချို (Wallenious Marine Singapore)-ဒေါ်ခင်သန့်ဇင်၊ (ဗိုလ်ကြီးဇော်ထွန်း)-ဒေါ်ခင်အေးစိုး၊ ဦးညွှန့်စိုး (C/E Miraco Marine Services Ltd)-ဒေါ်အေးအေးမွန်(ပြည့်လျှံ ဆန်ပွဲရုံ)တို့၏ဖခင်၊ ဦးစိုးမင်းအောင်(လက်ထောက်ကထိက၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်ဝင်းယဉ်မင်း(အုပ်ချုပ်မှုမန်နေဂျာ၊ မြစ်မခကုမ္ပဏီများအုပ်စု)တို့၏ဘကြီး၊ ဗိုလ်ကြီးဇေယျလင်း(သံဖြူဇရပ်)-မဝင်းအိဖြူ၊ မခင်ကြည်သာကျော်၊ မလှိုင်ကေဇင်သူ၊ မောင်ပြည့်ဖြိုးဇော်၊ မအေးရွှေရည်ချို၊ မောင်ချမ်းမြအောင်တို့၏အဘိုးသည် ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၂၉၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးအေးမူ

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၃၀၊ ဝါဝါဝင်းလမ်းနေ ဦးမြင့်သိန်းထွန်း(ချင်းပြည်နယ် တရားလွှတ်တော်တရားသူကြီး)၏ဇနီး၊ ဗိုလ်ကြီးခိုင်ဇော်လင်း၊ မောင်သန့်ဇင်ထွန်းတို့၏မိခင်၊ (ဦးအောင်မြင့်)-ဒေါ်ဖွားမြင့်တို့၏သမီး၊ ဦးငွေးမြင့်-ဒေါ်ငယ်တို့၏ညီမ၊ ဦးရဲထွဋ်-ဒေါ်စောစောမူ၊ ဦးစန်းမြင့်-ဒေါ်ဝါဝါဝင့်၊ ဦးအောင်သန်းနိုင်- ဒေါ်ခင်သီတာမြင့်တို့၏ အစ်မ၊ ဦးညွှန့်ငွေး(တွဲဖက်ပါမောက္ခ၊ YTU)၊ ဒေါ်သန်းသန်းဝေ(အလပြ၊ ငြိမ်း)၊ ဒေါ်အေးအေးဆွေ(အထပြ၊ ငြိမ်း)၊ ဒေါ်ခင်လေးတာ(အလပြ၊ ငြိမ်း)တို့၏ညီမ၊ ဒေါက်တာဆုဝေမွန်၊ မဆုမေမွန်တို့၏အဒေါ်သည် ၄-၉-၂၀၁၃ရက် နံနက် ၇း၁၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးမူ

အသက်(၄၉)နှစ်

ချင်းပြည်နယ်၊ တရားလွှတ်တော်တရားသူကြီး ဦးမြင့်သိန်းထွန်း၏ဇနီး ဒေါ်အေးအေးမူ အသက်(၄၉)နှစ်သည် ၄-၉-၂၀၁၃ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်
တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊
တိုင်းဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးမူ

အသက်(၄၉)နှစ်

ချင်းပြည်နယ်၊ တရားလွှတ်တော် တရားသူကြီး ဦးမြင့်သိန်းထွန်း၏ဇနီး ဒေါ်အေးအေးမူ အသက်(၄၉)နှစ်သည် ၄-၉-၂၀၁၃ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

ချင်းပြည်နယ်တရားလွှတ်တော်၊
တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊
ပြည်နယ်ဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်ဆန်းထွန်း (ငြိမ်း)

(3262.BYN)

ဦးစီးအရာရှိ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနရုံးချုပ်

အသက်(၄၈)နှစ်

သူငယ်ချင်း အောင်ဆန်းထွန်း မမျှော်လင့်ဘဲ ၂-၉-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ထွေးဆွေ-စန္ဒာ (3214.BYN)

ဦးဝေလင်းထွန်း

အသက်(၄၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ ရွှေဖီနိုင်ညာလမ်း၊ အမှတ် ၂၈၂/ခနေ(ဦးတင်လှ)-ဒေါ်စန်းရီတို့၏သား၊အမှတ် ၂၉၄/ကနေ (ဦးစံအေး-ဒေါ်အေးအေးသန်း)တို့၏သားသမက်၊ မဆွေဆွေတင်၏မောင်၊ ဦးတင်ဝင်းအောင်-ဒေါ်အေးအေးအောင်တို့၏အစ်ကို၊ဒေါ်ထားထားအေး၏ခင်ပွန်း၊ မအင်ကြင်းမိုး၊ မချယ်ရီမိုးတို့၏ဖခင်၊မမေဖြိုးလွင်၊မောင်မင်းခန့်ကို၊မောင်ရဲမန်ဦးတို့၏ဦးလေးသည် ၃-၉-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်လှ (သုံးခွ)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံရိပ်မွန်၊ နှင်းဆီဥယျာဉ်အပိုင်း(၃)၊ နဝရတ်နှင်းဆီလမ်း၊ အမှတ် ၁၁၄ (B-1)၊ သစ္စာမွန်ရိပ်မြုံနေ (ဦးစံညွှန့်-ဒေါ်မြရင်)တို့၏သမီး၊ (ဦးလှအုန်း)၏ဇနီး၊ ဗိုလ်မှူးကြီးသိန်းဆွေ(ငြိမ်း)-ဒေါ်ခင်မာဦးတို့၏မိခင်၊ ဗိုလ်ကြီးနိုင်ဆွေဦး-ဒေါက်တာဝတ်ရည်လင်း၊ ဗိုလ်ကြီးထက်ဆွေဦး-မမေစမ်းမောင်မောင်တို့၏အဘွားသည် ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင် (ဖြူး)

အသက်(၇၃)နှစ်

ဖြူးမြို့နေ (ဦးတင်-ဒေါ်စိန်ဥ)၊ (ဦးအေးမောင်-ဒေါ်အမာ)တို့၏သား၊ ဖြူးမြို့၊ ၄လမ်းနေ ဒေါ်မြမြ၏ခင်ပွန်း၊ (ဦးတင်ဝင်း-ဒေါ်လှမြင့်)၊ (ဦးအောင်ဆန်း-ဒေါ်တင်ရီ)၊ ဦးကျော်ရွှေ-ဒေါ်လှလှတို့၏ညီ/မောင်သည် ၄-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အမှတ် ၃၀၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်ရှိ ဦးကျော်ရွှေ-ဒေါ်လှလှတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကျော်စိန် (ကျန်းမာရေးမှူး၊ ငြိမ်း)

အသက်(၇၀)

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အေးချမ်းသာယာ ၃လမ်း၊ အမှတ် ၁၇၃နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ သန်လျင်မြို့နေ ဒုရဲမှူးကြီးကျော်မိုးကြည်(ငြိမ်း)-ဒေါ်မြင့်မြင့်ဦး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဟန်ကျော်သီ(ငြိမ်း)-ဒေါ်အေးသူသူစိုးမြင့်၊ နေပြည်တော်နေ ဗိုလ်ကြီးဖေကျော်ကြည်(ငြိမ်း)-ဒေါ်အေးအေးငြိမ်း၊ လားရှိုးမြို့နေ ဦးဝါအေး-ဒေါ်မိုးမိုးကျော်၊ ပြင်ဦးလွင်မြို့နေ ဦးထွန်းဇံကျော်-ဒေါ်ညွှန့်ရီတို့၏ဖခင်၊ မဆုရတနာကျော်၊ မဖြိုးပြည့်ရတနာစိုးမြင့်၊ မသက်မှူးစံ၊ မောင်ထွန်းမြင့်ဝင်း(ကွန်ပျူတာတက္ကသိုလ်၊လားရှိုး)၊ မောင်သန့်ဇင်ဟိန်း၊ မယမင်းရွှေရည်ဦးတို့၏အဘိုးသည် ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ကြာကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ နတ်လမ်းဒါယကာကြီး

ဦးချိုငါး(ခ)ဦးခင်မောင်လွင်(ခ)မော်စီဟုတ်

တပင်ရွှေထီးဆန်စက်၊ ကျောက်တန်း

ကျောက်တန်းမြို့နယ်၊ ဆန်စက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ

ကျောက်တန်းမြို့နယ်၊ ကျန်းတိတ်ဘုံကျောင်းအသင်းဥက္ကဋ္ဌ

အသက်(၆၉)နှစ်

ကျောက်တန်းမြို့၊ မင်းကျောင်းလမ်း၊ အမှတ် ၁၇နေ (ဦးကျင်အောင်-ဒေါ်ကျင်မွှား)တို့၏သားထွေး၊ (ဦးအောင်ကြည်-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ဦးဝင်းမြင့်-ဒေါ်စီစီလွင်၊ဦးကျော်ထူးလွင်(ခ)ကိုနိုင်နိုင်-ဒေါ်ဖြူပြာခိုင်ခိုင်၊ ဒုတိယဗိုလ်မှူးကြီး ဖြိုးအောင်စိုး (ယာယီတပ်ရင်းမှူး) -ဒေါ်ရီရီလွင်၊ ဗိုလ်မှူးကျော်မျိုးအောင်-ဒေါ်ဝါဝါလွင်၊ ဒေါ်နီနီလွင်တို့၏ဖခင်၊ မဝင်းထက်ထက်ဦး(ILBC)၊ မောင်သူရဦး၊ မောင်သိန်းဦးဆွေ၊ မမေသီရိဟန်၊ မမေသော်ဟန်တို့၏အဘိုးသည် ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၀၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၆-၉-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးအောင်ဆန်းထွန်း (ငြိမ်း)

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)

နေပြည်တော်

အသက်(၄၈)နှစ်

၂-၉-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စတသ(၃၀)မှသူငယ်ချင်းများ

ဦးငွေအောင်

(ကက-ငွေ၊ ငြိမ်း)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၈၉၃နေ (ဦးချစ်လှိုင်-ဒေါ်ထားမေ)တို့၏သား၊ (ဦးအောင်သိန်း-ဒေါ်ရေအိမ်)တို့၏သမက်၊ ဒေါ်နန်းကြည်ကြည်ငွေး၏ခင်ပွန်း၊ ဦးစိန်အောင်-ဒေါ်ခင်နွဲ့၊ ဦးစန်းလွင်-ဒေါ်အေးအေးသိန်းတို့၏ညီ/မောင်၊ ကိုရဲခွဲအောင်၊ မခင်ရတနာအောင်၊ မောင်ကျော်ဇေယျာ(အထက-၃၊ မြောက်ဒဂုံ)တို့၏ဖခင်သည် ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပြည်သုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းထွန်း(ခ)ဦးဝင်းဗလ

စိန့်ဂျွန်းကျောင်းသားဟောင်း

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၁၂၊ ၄လမ်းနေ ဦးရှန်-(ဒေါ်ရင်ကြည်)တို့၏သား၊ ဦးဘသာ-ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်ဥမ္မာအောင်၏ခင်ပွန်း၊ မခင်ခန့်ခန့်ထွန်း(B.Teach 2nd year)၊ မောင်ဇေယျာထူး (အထက-၃၊ အလုံ)တို့၏ဖခင်၊ (ဦးစိုးမြင့်ဦး)၊ ဦးမျိုးညွှန့်-ဒေါ်ပြုံးမိုမိုလှိုင်၊ ဒေါ်သန်းသန်းဆင့်(အလက-၃၊ ဒဂုံ)၊ ဦးသိန်းလှိုင်-ဒေါ်သန်းသန်းမြင့်၊ ဒေါ်သန်းသန်းတင့်(အထက-၃၊အလုံ)၊ ဒေါ်သန်းသန်းထွေးတို့၏ညီ/မောင်၊ ကိုဇော်ထွန်း၏အစ်ကိုသည် ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်နသီးချေ(ခ) ဒေါ်ခိုင်စောယဉ်

(ရွာမပြင်-ကျောက်တော်)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ အမှတ် ၃၄၊ သုံးလွှာ၊ ပဒေသာလမ်းနေ (ဦးမောင်သာဦး-ဒေါ်မဖြူချေ)တို့၏သမီး၊ (ဦးမောင်စောလှ)၏ဇနီး၊ဦးပညာ(ဦးဘသောင်း)-(ဒေါ်မမြသိန်း)၊ ဦးသိန်းထွန်း-(ဒေါ်လယ်သောင်းစိန်)၊ ဦးလှဝင်း-ဒေါ်စိန်ဝင်းဖြူ၊ ဦးမောင်အေးကြိုင်-ဒေါ်ခင်မေလှ၊ ဦးအေးသာ-ဒေါ်မသိန်းနု၊ ဦးသိန်းထွန်းအောင်(ခေတ္တ-စင်ကာပူ)-ဒေါ်ဝင်းဝင်းရွှေ (ခေတ္တ-စင်ကာပူ)၊ ရဲအုပ်သိန်းဝင်း (ဆည်ဇင်း ရဲစခန်းမှူး)-ဒေါ်ဆန်းမေတို့၏မိခင်၊ မြေး ၂၈ယောက်တို့၏အဘောင်ရှင်၊မြစ် ၁၁ယောက်တို့၏အဖွားသည် ၃-၉-၂၀၁၃ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်လှ

အသက်(၇၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်နှယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၃၄၊ ၆၂လမ်း၊ (၃)ရပ်ကွက်နေ (ဦးသိန်းရွှေ)၏ဇနီး၊ (ဦးတင်မောင်မြတ်ဝေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) - ဒေါ်ခင်အေးမူ (ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)၊ ဦးမြင့်စိုး-ဒေါ်ရီငွေး၊ ဦးခင်စိုး-ဒေါ်သန္တာဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်မြင့်မြင့်၊ ဦးကျော်စိုး-ဒေါ်စန္ဒာလွင်၊ ဦးမြို့ဝင်-ဒေါ်ခင်မိုးမိုး၊ မမြင့်မြင့်မော်တို့၏မိခင်၊မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) ည ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၁၃ရက် (တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသန်းထွဋ်ဦး(ခ)ညီထွဋ်

(သံဖြူဇရပ်)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊အမှတ် ၁၆၊ ငါးလွှာ၊ သုခမိန်လမ်းနေ ဦးတင်ညွှန့်-ဒေါ်ကြည်ကြည်သန်းတို့၏သား၊ဘုရင့်နောင်တာဝါနေ ဦးမြင့်လွင် - (ဒေါ်ယဉ်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၂၀၆-B၊ ဘုရင့်နောင်တာဝါ(၂)အနီးနေ ဒေါ်နှင်းသီရိလွင်(ဆွိ)၏ခင်ပွန်း၊ ဦးဝင်းမြင့်ဦး၏ညီ၊ ကိုကျော်ကျော်ဦး-မစောစန္ဒာလင်း(Linpo Co., Ltd)၊ (ကိုမျိုးဇော်ဦး)၊ ကိုဇင်မျိုးပိုင်-မဆွေဆွေတင့်၊ ကိုအာကာပြည့်စုံလင်း-မနွယ်နွယ်အေးတို့၏အစ်ကို၊ မဝတီချမ်းမြေ့ဦး (Grade 8-E၊ အထက-၂၊ စမ်းချောင်း)၊ မမြဖူးငုံဦးတို့၏ဖခင်သည် ၃-၉-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၅-၉-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းမြို့နယ်၊ သုခမိန်လမ်းနှင့်လှည်းတန်းလမ်း နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊

တောင်ပြင်ထီးလင်းတိုက်၊ တိုက်အုပ်ဆရာတော်

ဘဒ္ဒန္တဇောတိကာဘိဝံသ

(ပါဠိပါရဂူ၊ သိရီပဝရဓမ္မာစရိယ၊ သကျသီဟဓမ္မာစရိယ

တက္ကတ၊ ပါကဋ္ဌ၊ ပါဠိ၊ ဟိန္ဒီ၊ အင်္ဂလိပ် ဥတ္တရမဇ္ဈိမ

ဆန်းဆကရစ် ယူနီဗာစီတီ ဗာရာဏသီ အိန္ဒိယ)

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ တောင်ပြင်ထီးလင်းတိုက်၏ ပဓာနနာယက တိုက်အုပ်ဆရာတော်၊ ချမ်းမြသာစည်မြို့နယ်၊ သြဝါဒါစရိယ၊ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သြဝါဒါစရိယ၊ မဟာမုနိဂေါပက သြဝါဒါစရိယ၊ မန္တလေး သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်(ဟောင်း)ဖြစ်တော်မူသော ဘဒ္ဒန္တဇောတိကာဘိဝံသ မဟာထေရ်မြတ်သည်(၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ရက်) ၄-၉-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၆ရက်) ၁၀-၉-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် တောင်အင်း-မြောက်အင်းသို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အရှင်တေဇောဘာသ (ဓမ္မာစရိယ)

သီရိမင်္ဂလာ မဟာစည်ရိပ်သာ၊ ပဓာနနာယကဆရာတော်

သက်တော်(၄၄)နှစ်၊ သိက္ခာတော်(၂၄)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ငါးဘတ်ချောင်းကျေးရွာအုပ်စု သီရိမင်္ဂလာမဟာစည်ရိပ်သာ၏ ပဓာနနာယကဆရာတော် အရှင်တေဇောဘာသသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပန အခမ်းအနားကို သီရိမင်္ဂလာမဟာစည်ရိပ်သာတွင် (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပြီး (၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၂၊ ၃၊ ၄ရက်)ညများတွင် ရန်ကုန်မြို့ မဟာစည်ဌာနချုပ် နာယကဆရာတော်များမှတရားဒေသနာများဟောကြားချီးမြှင့်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရှင်ပဏ္ဍိစ္စ [မောင်မျိုးမင်းမင်းသိန်း(ခ)ကိုမျိုး]

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ သုခမလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အမှတ် ၈၉နေ ဦးသိန်းမြင့်-ဒေါ်ခင်မြ(ငွေးမွန်ဓာတ်ပုံ)တို့၏သားထွေး၊ (ဦးငွေဝင်း)-မသင်းသင်းစိုး၊ ဦးအောင်မြင့်-ဒေါ်အေးမွန်သိန်း (ကထိက၊ ဒဿနိကဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးကျော်စွာ-ဒေါ်နွေးနွေးသိမ့်၊ (ဦးတင်အေးချစ်)-ဒေါ်လွင်လွင်သစ်၊ မောင်ဖြိုးမင်းမင်းသိန်းတို့၏ညီ/မောင်၊ မမြသီတာသိန်း၏အစ်ကို၊ မမို့မို့ဝင်း၏ခင်ပွန်း၊ မောင်လပြည့်မင်း၏ဖခင်၊ မအေးဖူးငုံငွေး၊ မအေဘယ်သစ်-ရဲနောင်ထွဋ်၊ မနှင်းဝတ်ရည်ဝင်း၊ မောင်ထက်လွှမ်းကျော်၊ မအိမ့်ကဗျာ၊ မောင်သီဟဆက်နိုင်၊ မောင်ဘုန်းမြင့်တို့၏ဦးလေးသည် ၃-၉-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ရင်မေ (ဗိုလ်ချုပ်ဈေး)

အသက်(၇၈)နှစ်

ပြည်မြို့နေ (ဦးသာညို-ဒေါ်လှရင်)တို့၏သမီး၊ ဦးညီလှ၊ (ဒေါ်ညီမ)တို့၏ညီမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက် ၁၊ အခန်း ၂၀၂၊ ဗိုလ်တထောင်ဘုရားလမ်း၊(၂)ရပ်ကွက်နေ ဦးအေးသိန်း၏ဇနီးသည် ၃-၉-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးနေစိုး (ဖောင်ကြီး)

1/OLR,RAY Shipping

အသက်(၄၆)နှစ်

